# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသော လကဲ့သို့ ဤလောကကို ထွန်းလင်း တောက်ပစေ၏။ (ကောင်းမှုကုသိုလ် ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်း ဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့။ Sunday , 13 November 2016 (၈၇၄၄)




# မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရား (၁၂) ကြိမ်မြောက် တန်ဆောင်တိုင်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**ပြင်ဦးလွင် နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရား ၂၀၁၆ ခုနှစ် (၁၂) ကြိမ်မြောက် တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၁၁ ရက်ညနေ ၅ နာရီခွဲက အဆိုပါဘုရားကြီးမီးပုံးပျံကွင်းအတွင်း စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

---

တန်ဆောင်မုန်းလပြည့်နေ့ညတွင် မီးရှူးမီးတိုင်အလင်းရောင်ဖြင့် ထွန်းညှိပြီး ဘုရားရှင်ထံသို့ သွားရောက်ဖူးမြော်ရခြင်းထုံးကို နလုံးမူပြီး တန်ဆောင်မုန်းလကို တန်ဆောင်တိုင်မီးထွန်းပွဲလဟု ခေါ်ဆိုသမုတ် ကြခြင်းလည်းဖြစ် . . .

**သာမညဖလအခါတော်နေ့ (သို့မဟုတ်) တန်ဆောင်မုန်းလပြည့်နေ့**

ဆောင်းပါး စာ » ၇

အင်းဝအပ်ချုပ်ဆိုင်မှ ညှဉ်းပန်းနှိပ်စက်ခံရသည့် အိမ်အကူ မိန်းကလေးနှစ်ဦးအား ငွေကျပ် ၁၀ သိန်းစီထောက်ပံ့

စာ » ၁၁

သူခိုးကြီးညမှာ စုပြီးထမင်းချက်စားကြမယ်။ နောက်ပြီး ထမင်းစားပြီးရင် သူများတွေအိပ်ချိန် အိမ်တွေမှာ စာတွေလိုက်ကပ်မယ်။

စာ » ၂၁


IKBZ Insurance

"ယုံကြည်အားထား IKBZ အာမခံစွမ်းအား"

Hot Line: 01-2307000

## ကြေးမုံ

# သင်္ဂဟတရားဖြင့်ကြီးပွားချမ်းသာ

ဂုဏ်ပြုထိုက်သူ၊ ချီးမြှင့်ထိုက်သူတို့ကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတရားမည်ပါသည်။ တစ်ပါးသူတို့အား ချီးမြှင့်ခြင်းကို သင်္ဂဟ ဟုခေါ်ဆိုပြီး ဤသင်္ဂဟတရား ထွန်းကားမှသာ လောကကြီးသည်လည်း သာယာငြိမ်းချမ်းသည်ဟု ဆိုပါသည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံအတွင်းရှိ ဂုဏ်ပြုချီးမြှင့်ထိုက်သူ ပြည်သူပြည်သားများအား ခေတ်အဆက်ဆက် အသိအမှတ်ပြု ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်မှုပြုလျက်ရှိပြီး ယခုအရပ်သား အစိုးရလက်ထက်တွင် ထူးခြားသော ဂုဏ်ပြုချီးကျူးမှုကဏ္ဍတစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ပေသည်။

ကိုယ်ကျိုးမဖက် အများအကျိုးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ပေးခဲ့ကြသော ပြည်သူတို့အား လေးစားအသိအမှတ်ပြုသောအားဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံသူ၊ နိုင်ငံသားများ၊ ပရဟိတ စေတနာရှင်များ၊ လူမှုအသင်းအဖွဲ့များမှ ချီးကျူးဂုဏ်ပြုထိုက်သူကို ရွေးချယ်ပြီး လစဉ်ပြည်သူသို့ကျေးဇူးတင်လွှာထုတ်ပြန်၍ ချီးကျူးဂုဏ်ပြုထိုက်သူတို့ကို ဂုဏ်ပြုပေးနေသည်။

ထိုသို့ ချီးကျူးဂုဏ်ပြုပေးခဲ့ရာတွင် ဇွန်လမှစတင်၍ ယခုလအထိ လစဉ်ဂုဏ်ပြုခဲ့ရာ ဂုဏ်ပြုထိုက်သူ ငါးဦးရှိခဲ့ပြီဖြစ်သည်။ မွေးရာပါ လက်နှစ်ဖက်မရှိသော်လည်း ချို့တဲ့သည့်မိမိဘဝကို အားမငယ်၊ အလျှော့မပေးဘဲ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ဘွဲ့ရပညာတတ်တစ်ယောက်ဖြစ်အောင် ကြိုးပမ်းအားထုတ်ခဲ့သည့် မနော်ဒါးခူအား ဇွန်လအတွက် ချီးကျူးဂုဏ်ပြုခဲ့သည်။

စတုတ္ထတန်းအထိသာပညာသင်ကြားခဲ့ရပြီး ရန်ကုန်မြို့တွင် ငါးကင်ရောင်းကာ သမ္မာအာဇီဝပြုရှာဖွေရရှိသည့် သန့်ရှင်းသည့် ချွေးနဲ့စာဖြင့် တစ်ပိုင်တစ်နိုင် စာကြည့်တိုက်ငယ်များ ထူထောင်ပေးခဲ့သည့်အပြင် လိုအပ်သောနေရာများသို့ စာအုပ်စာတမ်းများလှူဒါန်းပေးခဲ့သည့် ကျောက်ပန်းတောင်းမြို့နယ် သာစည်ကျေးရွာမှ ကိုသိန်းဇော် ခေါ် ကိုဇော်ဇော်အား ဇူလိုင်လအတွက် ချီးကျူးဂုဏ်ပြုခဲ့သည်။

ယခုနှစ် ဇွန်လဆန်းမှစတင်၍ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ထန်ခေါ်လန်မ နာဂကျေးရွာတွင် ပြင်းထန် ဝက်သက်ကူးစက်ရောဂါ ကျရောက်ပြီး ရွာသူရွာသားကလေးသူငယ်များ နေ့စဉ်သေဆုံးခဲ့ရာ ထိုရောဂါဆိုးကို ရပ်တန့်အောင်ထိန်းချုပ်ပြီး ရောဂါပျောက်အောင် ကုသပေးခဲ့သည့် လဟယ်မြို့နယ် ကာရော် နောက်ညိုကျေးရွာ ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးသန့်ဇင်ဦးအား ဩဂုတ်လအတွက် ချီးကျူးဂုဏ်ပြုခဲ့သည်။

ရန်ကုန်မြို့တွင် တက္ကစီအငှားယာဉ် စီးနင်းလိုက်ပါခဲ့သူတစ်ဦး မေ့ကျန်ခဲ့သော ကာလတန်ဖိုး ကျပ်သိန်းတစ်ထောင်ခန့်ရှိသည့် ကျောက်မျက်ရတနာများကို စိတ်ထားဖြူစင်ရိုးသားစွာဖြင့် မူလ ပိုင်ရှင်ဖြစ်သူအား ပြန်လည်ပေးအပ်ခဲ့သူ တက္ကစီအငှားယာဉ်မောင်း ဦးသန်းထိုက်ကျော်အား စက်တင်ဘာလအတွက် ချီးကျူးဂုဏ်ပြုခဲ့သည်။

ယခုလတွင် ရွှေမန်းသူအဝေးပြေးခရီးသည် ပို့ဆောင်ရေးယာဉ်တစ်စီးနှင့်လိုက်ပါစီးနင်းခဲ့သူ ပရဟိတအဖွဲ့မှ ကျန်ရစ်ခဲ့သော မြန်မာကျပ်ငွေ သိန်းတစ်ထောင်နီးပါးနှင့်ညီမျှသည့် အမေရိကန်ဒေါ်လာ ရှစ်သောင်းကို လိုချင်တပ်မက်မှုအလျဉ်းမရှိဘဲ ကျင့်ဝတ် သီလ၊ စာရိတ္တခိုင်မာစွာဖြင့် ပိုင်ရှင်ဖြစ်သူထံ ချက်ချင်းပြန်လည်ပေးအပ်ခဲ့သူ ယာဉ်မောင်း ဦးမျိုးသန့်နှင့် ယာဉ်အကူ ဦးမောင်မောင်တို့ အား အောက်တိုဘာလအတွက် ချီးကျူးဂုဏ်ပြုခဲ့သည်။

ဒီမိုကရေစီအသွင်ကူးပြောင်းခရီးကို လျှောက်လှမ်းကြရာတွင် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ စာရိတ္တမဏ္ဍိုင်ခိုင်မာရေးမှာ အရေးကြီးပါသည်။ ထိုသို့ခိုင်မာလာစေရန်အတွက် နိုင်ငံသူ၊ နိုင်ငံသားများမှ စံနမူနာပြုအပ်သော နိုင်ငံသားများပေါ်ထွက်လာရေး၊ ချီးကျူးလေးစားဖွယ်ကောင်းသော လုပ်ဆောင်ချက်များပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်က ဤကဲ့သို့ လစဉ် ချီးကျူးဂုဏ်ပြုပေးခြင်းသည် အတ္ထစရိယာ သင်္ဂဟတရားနှင့်အညီ ချီးမြှောက်ခြင်းဖြစ်ပေသည်။

မြန်မာလူမျိုးများ၏ ပင်ကိုစိတ်ဓာတ်အရင်းခံမှာ သူတစ်ပါးအပေါ် ကူညီစောင့်ရှောက်တတ်ခြင်း၊ တစ်ဦးအပေါ်တစ်ဦး ကိုယ်ချင်းစာတရားဖြင့် စာနာတတ်ခြင်း၊ ဖွဲ့လုံ့လကြီးမားခြင်းတို့ဖြစ်ကြပါသည်။ ယခုကဲ့သို့ ချီးမြှောက်ခြင်းသည် မြန်မာတို့၏ ပင်ကိုစိတ်ရင်းကို နှိုးဆွပေးခြင်းလည်း မည်ပြီး မြန်မာနိုင်ငံတစ်ဝန်းတွင် စေတနာမေတ္တာတရား အနည်းအများဖြင့် လူမှုဘဝနယ်ပယ်၌ အများအကျိုးအတွက် ဆောင်ရွက်ပေးနေကြသော ပြည်သူပြည်သားအပေါင်းတို့အား ကြေးမုံက ထပ်လောင်းဂုဏ်ပြုအပ်ပါသည်။ ။

# လူတိုင်းလက်လှမ်းမီနိုင်သည့် ကျန်းမာရေးလွှမ်းခြုံစောင့်ရှောက်မှုစနစ်တွင် အဓိကလိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများ၏ နည်းပညာပိုင်းဆိုင်ရာအလုပ်ရုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် 3MDG ၊ World Bank Group တို့ပူးပေါင်းကျင်းပသည့် လူတိုင်း လက်လှမ်းမီနိုင်သည့် ကျန်းမာရေးလွှမ်းခြုံစောင့်ရှောက်မှုစနစ်တွင် အဓိကလိုအပ်သော ကျန်းမာရေး ဝန်ဆောင်မှုများ၏ နည်းပညာပိုင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Essential packages of Health Services (EPHS) For Universal Health Coverage (UHC) in Myanmar Technical Finalization Workshop) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်ခဲ့သည်။



အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုတက်ရောက်လာသော ပညာရှင်များအနေဖြင့် လူတိုင်းလက်လှမ်းမီနိုင်သော ကျန်းမာရေးစနစ်တွင် အဓိကလိုအပ်မည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၏ မူကြမ်းကို ခန့်မှန်းကုန်ကျစရိတ်များနှင့်တကွ တွက်ချက်ပေးနိုင်မည်ကိုသိရ၍ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဓိကလိုအပ်မည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို တွက်ချက်ရာတွင် ရောဂါဖြစ်ပွားသေဆုံးမှု အခြေအနေ၊ ဝန်ဆောင်မှုလုပ်ငန်းများ၏ လုပ်ငန်းထိရောက်မှုအပေါ်တွင် သုံးစွဲရမည့်ကုန်ကျစရိတ်၊ ရာသီအလိုက်၊ ဒေသအလိုက်ဖြစ်ပွားတတ်သည့်ရောဂါများ၊ အခြေအနေများကို အချိန်အခါလိုက် သင့်တော်ထိရောက်သည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်ပါက ကုန်ကျစရိတ်နှင့် လျော်ညီစွာ လွန်စွာကောင်းမွန်ထိရောက်သော ဝန်ဆောင်မှုများဖြစ်လာနိုင်ကြောင်း။

သို့ဖြစ်၍ ပြည်နယ်/တိုင်းဒေသကြီးအလိုက် ဖြစ်နိုင်ပါက မြို့နယ်အလိုက် သင့်တော်သည့် ဝန်ဆောင်မှုများကို စီစဉ်ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ပါကြောင်း၊ ရောဂါတစ်ခုချင်းအလိုက် စီမံချက်ရေးဆွဲရသူ စီမံချက်မန်နေဂျာများအနေဖြင့် သက်ဆိုင်ရာဒေသအလိုက် ပြည်နယ်/ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးမှူးများ၊ ကုသရေးဦးစီးမှူးများနှင့် နီးကပ်စွာ လက်တွဲဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့အတူတကွ ပူးပေါင်းဆောင်ရွက်မှုများသည် လာမည့်အမျိုးသားကျန်းမာရေး စီမံကိန်း(၂၀၁၆-၂၀၂၀)ကို အကောင်အထည်ဖော်ရာတွင် အောင်မြင်စေရန်အဓိကကျကြောင်း၊ အမျိုးသားကျန်းမာရေး စီမံကိန်းတွင် ယခုရေးဆွဲထားသည့် အဓိကလိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို မည်သို့မည်ပုံပါဝင်နိုင်မည်ကိုပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးပညာရှင်များ၊ ဝန်ထမ်းများအနေဖြင့် ကုန်ကျစရိတ်တွက်ချက်မှုများ၊ ငွေရေးကြေးရေးဆိုင်ရာ ကြိုတင်ခန့်မှန်းမှုများတွင် မိမိတို့ကျွမ်းကျင်ရာ အဓိကဘာသာရပ် မဟုတ်သဖြင့် အားနည်းတတ်ကြကြောင်း၊ ထိုသို့အားနည်းမှုများရှိပါကလည်း သက်ဆိုင်ရာပညာရပ်ကျွမ်းကျင်သူများထံမှ အကူအညီရယူရန် လက်မနှေးသင့်ကြောင်း။

ငွေကြေးကုန်ကျမှုအရ သင့်တင့်သော အခြေခံဝန်ဆောင်မှုများကို စီမံဆောင်ရွက်နိုင်မည်ဟုမျှော်လင့်ပါကြောင်း၊ မိတ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ သင့်တော်မည့် နည်းပညာဆိုင်ရာ၊ ငွေကြေးဆိုင်ရာပံ့ပိုးမှုများ ပေးအပ်လျက်ရှိပြီး ဆက်လက်ပံ့ပိုးပေးနိုင်မည်ဟုလည်း မျှော်လင့်ပါကြောင်း၊ အမျိုးသား ကျန်းမာရေးစီမံကိန်းနှင့် အခြေခံဝန်ဆောင်မှုများကို ဒေသအလိုက် အဆင်ပြေစွာဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများ ပေါင်းစပ်နိုင်ပြီး လူအများလက်လှမ်းမီနိုင်သည့် ကျန်းမာရေးစနစ်သို့ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် World Bank Group Operations Advisor to The Health Team မှ undararajan S. Gopalan က လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုအကြောင်းကို ရှင်းလင်းတင်ပြသည်။ အလုပ်ရုံ ဆွေးနွေးပွဲကို နိုဝင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ သုံးရက်တာ ကျင်းပခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



## ရဲတပ်သားသစ်များအား စိတ်ပညာဆန်းစစ်မှုများ ပြုလုပ်ပေး

**ပြည် နိုဝင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်ခရိုင်ရဲတပ်ဖွဲ့နှင့် သာယာဝတီခရိုင်ရဲတပ်ဖွဲ့တို့မှ ရဲတပ်သားသစ်(အမျိုးသား/အမျိုးသမီး)များအား ပြည်တက္ကသိုလ် စိတ်ပညာဌာနမှ ပါမောက္ခ ဒေါက်တာတင်ထွန်းအောင်နှင့် ဆရာ ဆရာမ သုံးဦးတို့က ပြည်မြို့ အထက(၁)၌ စိတ်ပညာဆန်းစစ်မှုများ ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်တက္ကသိုလ် စိတ်ပညာဌာနမှ ဆရာ ဆရာမများနှင့် ပြည်ခရိုင်၊ သာယာဝတီခရိုင်တို့မှ ခရိုင်ရဲတပ်ဖွဲ့မှူးများနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ဦးစီးအရာရှိများ၊ ရဲတပ်သားသစ် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။ စိတ်ပညာဆန်းစစ်ချက် အောင်မြင်ပြီးသူမှသာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖွင့်လှစ်သည့် ရဲတပ်သားသစ်အခြေခံသင်တန်းသို့ တက်ရောက်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

**(၄၉၇)**

## နိဗ္ဗာန်ရောက်ကြောင်းတရားဟောကြားရန် ထိုင်းနိုင်ငံသို့ ပင့်ဆောင်

**နေပြည်တော် နိုဝင်ဘာ ၁၂**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ အုန်း(မ်)ယိုင်၊ ဝမ်မိုင်၊ ဝပ်စလင်ထော်(န်) မဟာမိုးကုတ်တက္ကသိုလ်ကျောင်းဝင်းအတွင်း ဓမ္မစာရီသာသနာပြုအသင်းကြီးမှ ဦးစီးသော တတိယအကြိမ်မြောက် မဟာဘုံကထိန်ပွဲကျင်းပမည်ဖြစ်ရာ ကထိန်အကြောင်းသိကောင်းစရာနှင့် မြတ်ဗုဒ္ဓကျေးဇူးဆပ်တရားတော်များကို ဟောကြားချီးမြှင့်ရန် မြန်မာနိုင်ငံသို့ ပင့်လျှောက်လာကြောင်း သိရသည်။

တရားချီးမြှင့်ရန်အတွက် နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့ အောင်ဇေယျရပ်ကွက် မြို့လယ်သာသနဝေပုလ္လစာသင်တိုက်ပဓာနနာယက မြို့နယ်သံဃနာယကအဖွဲ့ဝင် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လဆရာတော် ဦးဆောင်သည့် ပဏ္ဍာသမဏ ဘဒ္ဒန္တခေမိန္ဒ၊ ဘဒ္ဒန္တဩဘာသခေါ် ဦးဇင်းသိမ်ကုန်းလေးနှင့် ကပ္ပိယအဖွဲ့က နိုဝင်ဘာ ၁၇ ရက်တွင် ထိုင်းနိုင်ငံသို့ ကြွရောက်ပြီး နိုဝင်ဘာ ၂၀ ရက် နံနက် ၈နာရီတွင် ဘုံကထိန်ပွဲကျင်းပရာနေရာ၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇန် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၅ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၁၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅ ငီဝ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၃၃၅၁

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရောမမြို့တွင် ကြည့်ရှုလေ့လာ



**နေပြည်တော် နိုဝင်ဘာ ၁၂**
အီတလီနိုင်ငံ ရောမမြို့၌ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အီတလီတပ်မတော်စစ်ဦးစီးချုပ် General Claudio Graziano နှင့် နိုဝင်ဘာ ၁၁ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် စစ်ဦးစီးချုပ်ရုံး ဧည့်ခန်းမ၌တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်ရေး၊ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေးနှင့် အနာဂတ်တွင် တပ်မတော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်မှုပြုလုပ်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။


တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ညနေပိုင်းတွင် ရောမမြို့အတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး Trevi Fountain သို့ ရောက်ရှိလေ့လာကြသည်။

Trevi Fountain ကို Travertine ကျောက်တုံးများဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ ရေပန်းတွင် ပင်လယ်နတ်ဘုရား Neptune ရုပ်တုကို မြင်းများဝိုင်းရံထားသည့် ပုံစံထုဆစ်ထားပြီး ပင်လယ်ပြင်ကို ကိုယ်စားပြု ထုဆစ်ထားခြင်း ဖြစ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် အီတလီနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိကြပြီး သံရုံးမိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှတ်တရပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ သံအမတ်ကြီး ဦးမြင့်နောင်နှင့် သံရုံးမိသားစုများက လက်ခံရယူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား သံရုံးမိသားစုများက ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အီတလီနိုင်ငံ ရောမမြို့နှင့် စစ်သမိုင်းပြတိုက် GRANATIERJ သို့ ရောက်ရှိလေ့လာ

**နေပြည်တော် နိုဝင်ဘာ ၁၂**
အီတလီနိုင်ငံ ရောမမြို့သို့ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အီတလီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်နောင်လိုက်ပါလျက် နိုဝင်ဘာ ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် ရောမမြို့ စစ်သမိုင်းပြတိုက် GRANATIERJ သို့ ရောက်ရှိလေ့လာသည်။

ဦးစွာ ပြတိုက်တာဝန်ခံဖြစ်သူ Lieutenant Colonel Bruno Camarota က ကြိုဆိုနှုတ်ဆက်ပြီး ပြခန်းများကို လိုက်လံရှင်းလင်းပြသသည်။

GRANATIERJ စစ်သမိုင်းပြတိုက်တွင် ပထမကမ္ဘာစစ်အတွင်း အီတလီပါဝင်ခဲ့သောစစ်ပွဲများ၊ စစ်ပွဲများအတွင်း အသုံးပြုခဲ့သော လက်နက်များနှင့် စစ်အသုံးအဆောင်ပစ္စည်းများ၊ အီတလီတပ်မတော်သမိုင်းနှင့် သူရဲကောင်းစစ်သည်မှတ်တမ်းတို့ကို စနစ်တကျခင်းကျင်းပြသထားရှိသည်။

ယင်းနောက် စစ်သမိုင်းပြတိုက်တာဝန်ခံ Lieutenant Colonel Bruno Camarota က ပြတိုက်အထိမ်းအမှတ်ပစ္စည်းစာအုပ်များကို ပေးအပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အထိမ်းအမှတ်ပစ္စည်း ပြန်လည်ပေးအပ်ပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကူးခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပထမဗဟိုကော်မတီ ဆဋ္ဌမအကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၂**
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပထမဗဟိုကော်မတီ ဆဋ္ဌမအကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦး၊ ဗဟိုအလုပ်အမှုဆောင် အတွင်းရေးမှူး အဖွဲ့ဝင် ဦးဝင်းထိန်၊ ဦးဉာဏ်ဝင်း၊ ဦးဟံသာမြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တိုင်းဒေသကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌများ၊ ဗဟိုကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦးက အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ နိုင်ငံရေးအစီရင်ခံစာကို ဗဟိုအလုပ်အမှုဆောင်အတွင်းရေးမှူး ဦးဝင်းထိန်၊ လုပ်ငန်းအစီရင်ခံစာကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့အတွင်းရေးမှူး ဦးဟံသာမြင့်တို့က ဖတ်ကြားတင်သွင်းကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဗဟိုကော်မတီဝင်တစ်ဦးစီက သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စာတမ်းများ တင်သွင်းကြသည်။

ထို့နောက် ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ဦးမန်းဂျော်နီ၊ ဦးဖြိုးမင်းသိန်းနှင့် ဦးအောင်စိုးတို့အား တိုးမြှင့်တာဝန်ပေးအပ်မှုအပေါ် ဗဟိုကော်မတီဝင်များက သဘောတူသဖြင့် သဘာပတိကအတည်ပြုသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဝင်းထိန်က ပါတီ၏ရှေ့လုပ်ငန်းစဉ် ငါးရပ်ကို တင်ပြရာ သဘာပတိက အတည်ပြုသည်။

**ကိုလတ်(သတင်းစဉ်)**

# (၉၆)ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၂**
ရန်ကုန်မြောက်ပိုင်းခရိုင်(အင်းစိန်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းတို့ပူးပေါင်း၍ (၉၆)ကြိမ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲကို နိုဝင်ဘာ ၂၀ ရက်တွင် အထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိလည်းကောင်း၊ ပြင်ပစာပေဝါသနာရှင်များအတွက် မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိလည်းကောင်း "ထူးမြတ်သည့် အမျိုးသားနေ့"ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် အထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ၂၀ စီ၊ ပြင်ပစာပေဝါသနာရှင် တစ်ရပ်ကွက် တစ်ဦးနှုန်းဖြင့် ရပ်ကွက်ပေါင်း ၂၁ ရပ်ကွက်အတွက် ၂၁ ဦး စုစုပေါင်း ၆၁ ဦးတို့ ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့ နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Center ၌ ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်နိုင်ရေး စီစဉ်သတ်မှတ်ထားရာ ပြိုင်ပွဲဝင်အုပ်စု သုံးစုကို ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု သုံးဆုစီရွေးချယ်ပြီး နိုဝင်ဘာ ၂၃ ရက် ည ၇ နာရီတွင် စာပေဟောပြောပွဲအပြီးတွင် ယင်း Community Center ၌ ဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိရသည်။

**(၆၈၄)**

# စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရေတာရှည်မြို့နယ် သာဂရစက်မှုနယ်မြေရှိ အမှတ်(၁၄) အကြီးစားစက်ရုံ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၂**
စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရစက်မှုနယ်မြေရှိ အမှတ်(၁၄)အကြီးစားစက်ရုံသို့ရောက်ရှိပြီး Machine Shop ၌ Engine ထုတ်လုပ်နေမှုများကိုစစ်ဆေး၍ Crankshaft, Engine Block နှင့် အစိတ်အပိုင်းများ ထုတ်လုပ်ထားရှိမှု၊ Assembly and Testing Shop ရှိ Engine Testing Room ၌ထုတ်လုပ်ပြီး Double Cab Engine များ စမ်းသပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးက စက်ရုံအနေဖြင့် ယခုထုတ်လုပ်လျက်ရှိသည့် အင်ဂျင်များအပြင် ဈေးကွက်၌ အသုံးများသည့် အင်ဂျင်များထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန်လိုကြောင်း၊ နည်းပညာရပ်များသည် အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသဖြင့် အစဉ်အမြဲလေ့လာသင်ယူရမည်ဖြစ်ကြောင်း၊ ဆီစားနှုန်းသက်သာပြီး စွမ်းဆောင်ရည်ကောင်းမွန်သောအင်ဂျင်ဒီဇိုင်းနှင့် နည်းပညာများရရှိရေး ပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးရှိသောကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အင်ဂျင်နီယာများအနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်ဆိုင်ရာ လုပ်ထုံးလုပ်နည်း (Standard Operating Procedure) များကို တိကျစွာလိုက်နာရန်လိုအပ်ကြောင်း၊ စက်ရုံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အားပေးမြှင့်တင်သွားရမည်ဖြစ်ကြောင်း၊ စက်ရုံမှထုတ်လုပ်လျက်ရှိသော အင်ဂျင်အမျိုးမျိုး၏ စွမ်းဆောင်ရည်တိုးတက်စေရေးအတွက် လက်တွေ့လုပ်ငန်းခွင်တွင် လုပ်ကိုင်နေသော အင်ဂျင်နီယာများနှင့် Academic နယ်ပယ်မှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုရှိသော ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

အမှတ် (၁၄) အကြီးစားစက်ရုံ (သာဂရ)အနေဖြင့် မီးရထားစက်ခေါင်းတွဲကြီးများတွင် အသုံးပြုသည့် 16 V 170 Zc အင်ဂျင်ကြီးများ၊ လျှပ်စစ်ဓာတ်အားပေးစက်များ၊ မီးရထားရှန်တိန်ခေါင်းတွဲများနှင့် ရေယာဉ်ကြီးများတွင် အသုံးပြုသည့် 12 V 128 Zc အင်ဂျင်များ၊ အကြီးစားကုန်တင်ယာဉ်များ၊ ဘတ်စ်ကားများ၊ ရေယာဉ်ငယ်များ၊ လျှပ်စစ်ဓာတ်အားပေးစက်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးယာဉ်/ယန္တရားများ၊ ကျောက်ခွဲစက်များနှင့် တွင်းတူးစက်များတွင် အသုံးပြုသည့် 6 V 128Zc နှင့် 8 V 128 Zc အင်ဂျင်များကို ထုတ်လုပ်ပေးလျက်ရှိပြီး ဈေးကွက်ဝင်ဆန့်သောအင်ဂျင်အသစ်များ၊ ဆီစားသက်သာစေမည့် ဆန်းသစ်တီထွင်မှုများ၊ စွမ်းဆောင်ရည်မြင့်မားသော လောင်စာပံ့ပိုးမှုများကို စနစ်တကျသုတေသနပြုလုပ်သွားရန် စီမံချက်များ ချမှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကုလသမဂ္ဂအဖွဲ့နှင့် အမေရိကန်တို့၏ ပူးပေါင်းဆောင်ရွက်မှုသည် ကမ္ဘာ့စိန်ခေါ်မှုများဖြေရှင်းရာတွင် အဓိကကျသည်ဟု ဘန်ကီမွန်းပြောကြား

**ကုလသမဂ္ဂ နိုဝင်ဘာ ၁၂**

ရာသီဥတုပြောင်းလဲခြင်းနှင့် စစ်ဘေးရှောင်ဒုက္ခသည်များ အရေးအပါအဝင် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ကုလသမဂ္ဂအဖွဲ့နှင့် အမေရိကန်တို့၏ ပူးပေါင်းဆောင်ရွက်မှုသည် အဓိကကျသည်ဟု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အမေရိကန် ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်အား နိုဝင်ဘာ ၁၁ ရက်တွင် တယ်လီဖုန်းဖြင့် ပြောကြားခဲ့ကြောင်း သိရသည်။

ဘန်ကီမွန်းက ကမ္ဘာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ စီးပွားရေး တည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် ကုလသမဂ္ဂအဖွဲ့နှင့် အမေရိကန်တို့၏ ပူးပေါင်းဆောင်ရွက်မှုသည် အလွန်ပင်အရေးကြီးကြောင်း ဒေါ်နယ်ထရန့်အား ပြောကြားခဲ့သည်။ ယင်းပူးပေါင်းဆောင်ရွက်မှုသည်လည်း ဆက်လက်တည်ရှိနေရန် မျှော်လင့်ပါကြောင်း ဘန်ကီမွန်းက ဆိုသည်။

ဒေါ်နယ်ထရန့်အနေဖြင့် မည်သို့တုံ့ပြန်ဆောင်ရွက်မလဲဆိုသည်ကိုတိကျစွာမသိရသော်လည်း ကုလသမဂ္ဂအဖွဲ့နှင့် အမေရိကန်တို့အကြား ဆက်ဆံရေးကောင်းမွန်လျက်ရှိနေမည်ဟု ခေါင်းဆောင်နှစ်ဦးက သဘောတူညီခဲ့ကြသည်။

အမေရိကန်နိုင်ငံသည် ကုလသမဂ္ဂအဖွဲ့၏ ဘဏ္ဍာရေး တောင့်တင်းခိုင်မာသော အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အပြင် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်အများအပြားကို လွှမ်းမိုးထားသည်။

ဒေါ်နယ်ထရန့်သည် ကုလသမဂ္ဂအဖွဲ့၏ ကမ္ဘာကြီး



ပူနွေးမှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ဆောင်ချက်များအပေါ် ယုံကြည်မှုကင်းမဲ့လျက်ရှိသည်။ စစ်ဘေးရှောင်ဒုက္ခသည်များကို လက်ခံရန် ဆန္ဒမရှိသူတစ်ဦးလည်း ဖြစ်သည်။

ဘန်ကီမွန်းသည် ယခုနှစ်ကုန်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးမှ အနားယူမည်ဖြစ်သော်လည်း အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်နှင့် ကုလသမဂ္ဂအဖွဲ့တို့၏ ရှေ့ဆက်ရမည့် ဆက်ဆံရေးကို ကနဦးလမ်းကြောင်း ခင်းပေးနေသည်။ သို့သော် ဒေါ်နယ်ထရန့်အနေဖြင့် ကုလသမဂ္ဂအဖွဲ့နှင့် အမေရိကန်တို့၏ ဆက်ဆံရေးကို မည်သို့ရှုမြင်သုံးသပ်သလဲဆိုသည်မှာ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ကြောင်း ကုလသမဂ္ဂအဖွဲ့ စီနီယာအရာရှိတစ်ဦးက ဆိုသည်။ **အင်န်အိတ်ချ်ကေ။**

## အလက်ပိုမြို့ ဆင်ခြေဖုံးရှိ အရပ်သားများနှင့် ဆီးရီးယားတပ်ဖွဲ့များအား အကြမ်းဖက်သမားများက ဓာတုလက်နက်သုံးစွဲတိုက်ခိုက်ဟု ရုရှားပြော

**မော်စကို နိုဝင်ဘာ ၁၂**

ဆီးရီးယားနိုင်ငံ အလက်ပိုမြို့ အနောက်တောင်ပိုင်း ဆင်ခြေဖုံးဒေသတွင် အရပ်သားများနှင့် ဆီးရီးယားတပ်ဖွဲ့များအား အကြမ်းဖက်သမားများက ဓာတုလက်နက်များ အသုံးပြုတိုက်ခိုက်ခဲ့သည့် ခိုင်လုံသောအထောက်အထားများအား ရှာဖွေတွေ့ရှိရကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့် မပေါက်ကွဲသည့် အမြောက်ဆန်များတွင် အဆိပ်ရှိပစ္စည်းများ ထည့်သွင်းသည်ကို ရုရှားကာကွယ်ရေးဌာနမှ ကျွမ်းကျင်သူများက တွေ့ရှိခဲ့ကြောင်း ရုရှားကာကွယ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ် အီဂေါ်ကိုနာ ရှန်ကာက ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြသည်။

ခဲယမ်းမီးကျောက်များ၊ အမြောက်ဆန်အကျိုးအပဲ့ အစိတ်အပိုင်းများနှင့် မြေသားနမူနာများအား ရွှေ့လျားဓာတ်ခွဲစမ်းသပ်ခန်း၌ စမ်းသပ်စစ်ဆေးမှု ပြုခဲ့ရာတွင် ထည့်သွင်းထားသော ဓာတုပစ္စည်းများမှာ ကလိုရင်းနှင့် အဖြူရောင်ဖော့စဖရတ်တို့ ပါဝင်နိုင်ခြေအလွန်မြင့်မားကြောင်း တွေ့ရှိရသည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ **ဆင်ဟွာ။**



## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ပထမဆုံးသောအမှုကို စတင်ကြားနာ

**ကဘူး နိုဝင်ဘာ ၁၂**

အသစ်ဖွဲ့စည်းထားသော အာဖဂန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် ၎င်း၏ ပထမဆုံးသော အမှုကို နိုဝင်ဘာ ၁၂ ရက်က စတင်ကြားနာခဲ့ကြောင်း သိရသည်။ ယခုကြိုးပမ်းမှုသည် သမ္မတ အရှက်(ဖ်)ဂါနီ၏ အစိုးရအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။ ဂါနီ၏ အစိုးရအနေဖြင့် ဇွန်လမှစတင်ပြီး အဂတိလိုက်စားသော ဝန်ကြီးများ၊ တရားသူကြီးများနှင့် မြို့တော်ဝန်များအား အရေးယူနိုင်ရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးစင်တာဖွင့်လှစ်ပြီး တရားစီရင်ရေးစနစ်ကို တိုးမြှင့်ခဲ့သည်။ ပထမဆုံးကြားနာသော အမှုတွင် ပုဂ္ဂလိကဘဏ်မှ တာဝန်ရှိသူတစ်ဦး၏ အဂတိလိုက်စားမှုကို ကြားနာခဲ့သည်။ အစိုးရအနေဖြင့် အစိုးရအရာရှိကြီးများ၏ အဂတိလိုက်စားမှုကို အဆိုပါရုံးသို့ ပေးပို့ကြားနာသွားရန်ရှိကြောင်း သိရသည်။ "အခု ဒီစင်တာမှာ စစ်ဆေးနေဆဲ အမှုပေါင်းများစွာရှိပါတယ်။ ဆုံးဖြတ်ချက်တွေကို မကြာမီကြေညာသွားမယ်"ဟု ရှေ့နေချုပ်ရုံးမှ ပြောခွင့်ရသူ ဂျန်ရှက်ရာဆူလီက ပြောကြားသည်။ အဆိုပါ စစ်ဆေးကြားနာသည့်အခန်းတွင် မီဒီယာများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် သံတမန်များလည်းရှိကြောင်း သိရသည်။ နိုင်ငံတကာမှ အလှူရှင်များကလည်း သမ္မတဂါနီအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပတ်သက်ပြီး ဖိအားပေးနေကြောင်း သိရသည်။ ကုလသမဂ္ဂအကူအညီပေးရေးမစ်ရှင်၏ တရားဥပဒေစိုးမိုးရေးအဖွဲ့ အကြီးအကဲ မိုက်ကယ်ဟက်မန်းက ယခုလုပ်ဆောင်မှုများကို ကြိုဆိုကြောင်း ပြောကြားခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံသည် ကမ္ဘာပေါ်တွင် အဂတိလိုက်စားမှု ထူပြောသောနိုင်ငံများစာရင်းတွင် ပါဝင်သည်။

**ရိုက်တာ။**

## ကင်ညာ အနောက်ပိုင်းတွင် ၁၀ ထပ် အဆောက်အအုံပြိုကျ

**ကီဆီ(ကင်ညာ) နိုဝင်ဘာ ၁၂**

ကင်ညာနိုင်ငံ အနောက်ပိုင်းရှိ ကီဆီမြို့တွင် နိုဝင်ဘာ ၁၀ ရက်က တည်ဆောက်ဆဲ ၁၀ ထပ် အဆောက်အအုံ တစ်လုံးပြိုကျမှုဖြစ်ပွားခဲ့ရာ လူခြောက်ဦးထက်မနည်း သေဆုံးပြီး အခြား ၄၄ ဦးအား အသက်ရှင်လျက် ကယ်ဆယ်ရရှိကြောင်း ကင်ညာအစိုးရတာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ ၁၁ ရက်တွင် ပြောကြားသည်။

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား နိုဝင်ဘာ ၁၁ ရက်ထိ လုပ်ဆောင်နေဆဲဖြစ်ပြီး အဆောက်အအုံ၏ အပြိုအပျက် အစိတ်အပိုင်းများအောက်တွင် လူအများအပြားရှိနေသည်ဟု ယုံကြည်ရကြောင်း၊ အဆောက်အအုံအပြိုအပျက် အပိုင်းအစများအား ဖယ်ရှား၍ ပိတ်မိသူများအား ရှာဖွေကယ်ဆယ်ရန်အတွက် ဖြတ်စက်များ၊ လွန်တူးစက်များအား နိုင်ရိုဘီမြို့မှ ယူဆောင်ကာ ရှာဖွေကယ်ဆယ်ရေးသမားများအား ထောက်ကူပေးမည်ဖြစ်ကြောင်း အမျိုးသား သဘာဝဘေး စီမံခန့်ခွဲရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ပီယက်စ်မာဆိုင်းက ပြောကြားသည်။

ယင်းအဆောက်အအုံအား ကင်ညာအမျိုးသား တည်ဆောက်ရေး အာဏာပိုင်အဖွဲ့ (အန်စီအေ)က သုံးထပ်အဆောက်အအုံအဖြစ်သာ တည်ဆောက်ရန်ခွင့်ပြုခဲ့သော်လည်း ဆောက်လုပ်ရေးလုပ်ငန်းရှင်က ခုနစ်ထပ်ပိုမိုတည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ **ဆင်ဟွာ။**



## ဗီယက်နမ်နိုင်ငံ၌ အရက်သောက်သုံးမှုနှုန်း မြင့်တက်လာ

**ဟန္နွိုင်း နိုဝင်ဘာ ၁၂**

ဗီယက်နမ်နိုင်ငံ၌ အမျိုးသားနှင့် အမျိုးသမီးများကြား အရက်သောက်သုံးမှုနှုန်းမြင့်တက်လာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ အထွေထွေတားဆီးကာကွယ်ရေးဆိုင်ရာ ဆေးပညာဌာနက ပြောကြားသည်။

နိုဝင်ဘာ ၁၁ ရက်က ဟန္နွိုင်းမြို့တော်တွင် ကျန်းမာရေးဝန်ကြီးဌာနကကျင်းပသည့် နှီးနှောဖလှယ်ပွဲတစ်ခု၌ ၂၀၁၁-၂၀၁၅ ထိ ပြီးခဲ့သောငါးနှစ်တာကာလအတွင်း အသက် ၂၄ နှစ်မှ ၆၄ နှစ်ရှိ ဗီယက်နမ်အမျိုးသားများကြား အရက်သောက်သုံးမှုနှုန်းမှာ ၆၉ ဒသမ ၆ ရာခိုင်နှုန်းမှ ၈၀ ဒသမ ၃ ရာခိုင်နှုန်းသို့မြင့်တက်လာခဲ့ကြောင်း အဆိုပါဌာနကပြောကြားသည်။ အရက်သောက်သုံးသူ ဗီယက်နမ်အမျိုးသား ၄၄ ဒသမ ၂ ရာခိုင်နှုန်းက အန္တရာယ်ရှိသောအဆင့်ထိ သောက်သုံးကြပြီး ၄၇ ဒသမ ၉ ရာခိုင်နှုန်းမှာ အရက်သောက်သုံးပြီးပါက ကားမောင်းနှင်ကြကြောင်း ဗီယက်နမ်နိုင်ငံပိုင်သတင်းဌာန VNA က ဆိုသည်။

ဒေသခံအမျိုးသမီးများကြား အရက်သောက်သုံးမှုနှုန်းမှာ ၂၀၁၁-၂၀၁၅ ခုနှစ်ကာလအတွင်း ၅ ဒသမ ၆ ရာခိုင်နှုန်းမှ ၁၁ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်သွားခဲ့ပြီး ဗီယက်နမ်နိုင်ငံမှာ အာဆီယံနိုင်ငံများကြား ဘီယာသောက်သုံးမှု အမြင့်ဆုံးနိုင်ငံဖြစ်လာခဲ့ကာ အာရှနိုင်ငံများတွင် တတိယမြောက် ဘီယာသောက်သုံးမှုအမြင့်ဆုံးနိုင်ငံဖြစ်လာခဲ့ကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံ၌ လူမှုရေးဆိုင်ရာ နှောင့်ယှက်မှုများ၏ ၃၀ ရာခိုင်နှုန်းနှင့် မိသားစုအကြမ်းဖက်မှု၏ ၃၃ ဒသမ ၇ ရာခိုင်နှုန်းအတွက် အဓိကအကြောင်းအရင်းမှာ အရက်သောက်သုံးမှုများကြောင့်ဖြစ်သည်ဟု ယင်းနှီးနှောဖလှယ်ပွဲ၌ အခြားအစီရင်ခံစာများက ပြသခဲ့သည်။

နှီးနှောဖလှယ်ပွဲတက်ရောက်လာခဲ့သော ကိုယ်စားလှယ်များက အန္တရာယ်ဖြစ်စေသော အရက်သောက်သုံးမှုကို တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးဥပဒေရေးဆွဲရေးလုပ်ငန်းစဉ် အရှိန်မြှင့်တင်ရန် အစိုးရသို့အဆိုပြုခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ဥပဒေကြမ်းအား ဥပဒေအဖြစ် ပြောင်းလဲချမှတ်နိုင်ရန် လွှတ်တော်အားတိုက်တွန်းခဲ့သည်။

**ဆင်ဟွာ။**

# အမျိုးသားစာပေဆုရ စာရေးဆရာတို့၏ စာပေကျေးဇူးစကားများ

**ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၁၅ ခုနှစ်အတွက် အမျိုးသားစာပေဆုရ စာရေးဆရာ ဆရာမကြီးများစာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ ၂၀၁၅ ခုနှစ်အတွက် အမျိုးသားစာပေဆုရှင် စာရေးဆရာ ဆရာမကြီးများ၏ စာပေသစ္စာ၊ စာပေကျေးဇူးများကို လူငယ်စာပေဝါသနာရှင်များအတွက် မျှဝေလိုက်ပါသည်-**

**ပါမောက္ခ ဒေါက်တာဒေါ်စန်းစန်းမြင့် (နိုင်ငံရေးစာပေဆု)**

ပါမောက္ခ ဒေါက်တာဒေါ်စန်းစန်းမြင့်သည် ယခုနှစ်အတွက် အမျိုးသားစာပေဆု ရွေးချယ်ခြင်းခံရပြီး ဆရာမကြီး ဆွတ်ခူးရရှိခဲ့သော နိုင်ငံရေးစာပေဆုသည် ဖဆပလခေတ် မြန်မာ့နိုင်ငံရေးသမိုင်း(၁၉၄၈-၁၉၅၈)စာအုပ်ကို ရေးသားထားသောစာအုပ်ဖြစ်ကာ နိုင်ငံရေးစာပေဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

"မြန်မာ့နိုင်ငံရေးသမိုင်းမှာ ထင်ရှားသောအဖွဲ့အစည်းကြီး တစ်ရပ်ဖြစ်တဲ့ ဖဆပလအဖွဲ့ကြီး၏ စည်းလုံးညီညွတ်မှု အရှိန်အဟုန်ကာလမှာ တိုင်းပြည်အတွက် ရရှိသောအောင်မြင်မှုကောင်းကျိုးကျေးဇူးများနှင့် ညီညွတ်မှုအကျကာလမှာ တိုင်းပြည်အပေါ် ကျရောက်တဲ့ ဆိုးကျိုးဂယက်များကို ဒီစာအုပ်ဖတ်ခြင်းအားဖြင့်တွေ့မြင်ပြီး နိုင်ငံရေးသင်ခန်းစာရယူနိုင်ရန်၊ ညီညွတ်ခြင်း၏ တန်ဖိုးကို အထူးအလေးထားကာ တိုင်းပြည်အတွက် တစ်မျိုးသားလုံး စည်းလုံးညီညွတ်မှုခိုင်မာရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော် တည်ဆောက်နိုင်ရန်အတွက်ရည်ရွယ်ပြီး ဒီစာအုပ်ကိုရေးသားရခြင်းဖြစ်ပါတယ်။ ပထမဦးဆုံးစာအုပ်လုံးချင်းအနေနဲ့ဆုရရှိတာမို့ အလွန်ဝမ်းသာမိပါတယ်။ (၁၉၄၈-၁၉၅၈) ကာလ နိုင်ငံရေးဟာဆိုရင် ကျယ်ပြန့်ရှုပ်ထွေးများပြားခဲ့တာကြောင့် အထောက်အထားဘက်စုံအောင် စုဆောင်းရှာဖွေပြုစုရေးသားခဲ့ရတဲ့အတွက် အလွန်ပင်ပန်းခဲ့ပါတယ်။ ကြိုးပမ်းရကျိုးနပ်လို့လည်း ဝမ်းသာမိပါတယ်။ ကျွန်မ ဝမ်းသာရတာထက် သားသမီးများရဲ့ပညာရေးကို အလွန်မျှော်လင့်အားပေး ပံ့ပိုးချီးမြှင့်ပေးခဲ့တဲ့ ကွယ်လွန်သွားပြီဖြစ်သော ကျွန်မဖခင်ရဲ့ဂုဏ်ကို ဖြည့်ဆည်းပေးလိုက်နိုင်သလို လက်ရှိအသက် (၉၂)နှစ်ရှိနေပြီဖြစ်တဲ့ အမေ့မွေးနေ့မှာ ဒီဆုကိုရရှိခဲ့တယ်ဆိုတာသိရတော့ အမေ့အတွက် မွေးနေ့လက်ဆောင်အဖြစ် ဒီဆုကိုပေးနိုင်တော့မှာမို့ အလွန်ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု ပါမောက္ခ ဒေါက်တာဒေါ်စန်းစန်းမြင့် (နိုင်ငံရေးစာပေဆု)က ပြောသည်။

ဆရာမကြီးသည် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ဇာတိဖြစ်ပြီး ၁၉၄၉ ခုနှစ် ဇွန် ၁၅ ရက်တွင် အဖ ဦးစံရွှေ(စန္ဒာသီရိပုံနှိပ်တိုက်)နှင့် အမိဒေါ်ကြည်ကြည်တို့မှမွေးဖွားကာ ပြည်မြို့ အထက(၁)မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သူတစ်ဦးဖြစ်သည်။ ရန်ကုန်တက္ကသိုလ်မှ သမိုင်းအထူးပြုဖြင့် ဝိဇ္ဇာဘွဲ့နှင့် မဟာဝိဇ္ဇာဘွဲ့ကိုအထူးအောင်ဖြင့် အောင်မြင်ခဲ့ပြီး ပါရဂူဘွဲ့လည်းဆက်လက်ရရှိခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် ရန်ကုန်လုပ်သားများကောလိပ်၌ အချိန်ပိုင်းနည်းပြဖြင့် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး တက္ကသိုလ်အသီးသီးတွင် သမိုင်းဌာန၌ တာဝန်အဆင့်ဆင့်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။ ၂၀၀၉ ခုနှစ် စက်တင်ဘာလ၌ ရန်ကုန်အရှေ့ပိုင်းခရိုင်တက္ကသိုလ်မှ ပါမောက္ခ(ဌာနမှူး)ရာထူးဖြင့် သက်ပြည့်အငြိမ်းစားယူခဲ့ပြီး သမိုင်းသုတေသနပြုစုမှုဖြင့် တက္ကသိုလ်အသီးသီး၌ သုတေသနစာတမ်းများ ပြုစုရေးသားဖတ်ကြားခဲ့ကြောင်း သိရသည်။

**ဒေါက်တာမခင်မြင့်**
**(စာပဒေသာစာပေဆု)**

"အမျိုးသားစာပေဆုကို ၂၀၁၅ ခုနှစ်အတွက် ချီးမြှင့်ခံရတဲ့အတွက် ဝမ်းမြောက်ပီတိဖြစ်ရပါတယ်။ ရန်ကုန်တက္ကသိုလ်မှာ မြန်မာစာပြဆရာမဖြစ်တော့ စာပေကိုတော့ အမြဲတမ်းလေ့လာဖတ်ရှုဖြစ်ပါတယ်။ ကလေးတွေကို စာပေပို့ချရင်းနဲ့ ကိုယ်လည်း သင်ယူသလိုဖြစ်ခဲ့ပါတယ်။ ခုနစ်တန်းကျောင်းသူအရွယ်ကစပြီး စာရေးဖြစ်ခဲ့တာပါ။ ခုနစ်တန်းကျောင်းသူဘဝကရေးတဲ့ စာပုဒ်လေးတစ်ခု ဖော်ပြခံရတာက စခဲ့တာဖြစ်ပါတယ်။ စာပေဝါသနာပါတာကတော့ ဖေဖေ့ရဲ့ကောင်းမွေပဲဆိုရမှာပါ။ အခုခေတ်လူငယ်တွေ စာပေဖတ်ရှုအားနည်းနေတယ်။ ဖုန်းဘုတ်စ်တွေနဲ့ အချိန်ကုန်နေတယ်။ စာဖတ်စေချင်တယ်။ ကျောင်းသားဆိုရင်လည်း ကျောင်းစာကလွဲပြီး ကျန်အပြင်စာ မဖတ်ဘူးဖြစ်နေတယ်။ ဒါကြောင့် အခုခေတ်လူငယ်အချို့ ဗဟုသုတနည်းနေတာကို တွေ့ရတယ်။ စာများများဖတ်ပါမှ အကောင်းအဆိုး၊ အကျိုးအပြစ်တွေကိုသိပြီး အမှားအမှန် ဆင်ခြင်နိုင်မှာဖြစ်ပါတယ်။ မြန်မာစာပေကို လေးစားတန်ဖိုးထားဖို့လိုတာပေါ့နော်။ လူငယ်တွေကို စာပေများများဖတ်ပါလို့ တိုက်တွန်းချင်ပါတယ်"ဟု ၂၀၁၅ အမျိုးသားစာပေဆုရှင် ဆရာမကြီး ဒေါက်တာမခင်မြင့်က ပြောကြားသည်။

စာရေးဆရာမကြီး ဒေါက်တာမခင်မြင့်ကို ၁၉၄၈ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ် ရွှေချောင်းလယ်ရွာ၌ အဖ လယ်တီဦးလှပိုင်(ကျမ်းပြုဆရာကြီး)၊ အမိ ဒေါ်တင်မိတို့က မွေးဖွားခဲ့သည်။ အခြေခံပညာအထက်တန်းကို စစ်ကိုင်းအထက(၂)၌ အောင်မြင်ခဲ့ပြီး ဝိဇ္ဇာနှင့် မဟာဝိဇ္ဇာဘွဲ့ကို မန္တလေးတက္ကသိုလ်၌ ရရှိခဲ့သည်။ စာပေပါရဂူဘွဲ့ကို ၂၀၀၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့သည်။

ဆရာမကြီးသည် ရန်ကုန်အဝေးသင်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ/ဌာနမှူး တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် တာဝန်မှ သက်ပြည့်အငြိမ်းစားယူခဲ့သည်။ ဒေါက်တာမခင်မြင့် ကလောင်အမည်ဖြင့် ရှမ်းရိုးရာပုံပြင်များ လေ့လာချက်၊ စာစီခြယ်မှုန်းပုလဲကုံးများ၊ မြန်မာ့ဆယ့်နှစ်လရာသီပွဲတော်များနှင့် နေ့ထူးနေ့မြတ်စာစီစာကုံးများ၊ လုံးချင်းဝတ္ထုများ ရေးသားခဲ့သည်။ ယခု ကျမ်းများအဆီဘာရတီနှင့် အခြားဆောင်းပါးများစာအုပ်ဖြင့် အမျိုးသားစာပေဆု ချီးမြှင့်ခံခဲ့ရခြင်းဖြစ်သည်။ မဂ္ဂဇင်းနှင့် စာစောင်တို့တွင် ဆောင်းပါးပေါင်း ၁၀၀ ကျော် ရေးသားခဲ့သည်။

**သုတေသီမောင်မောင်(မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆု)**

သုတေသီမောင်မောင်သည် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုတွင် မြန်မာနိုင်ငံ ဓာတ်ပြားသမိုင်းသုတေသနကျမ်း(၁၈၅၇-၁၉၇၇) စာအုပ်ဖြင့် ယခုနှစ် အမျိုးသားစာပေဆုကိုရရှိခဲ့သည်။ ဆရာသုတေသီမောင်မောင်သည် ၁၉၉၃ ခုနှစ်ကတည်းက ကာလပေါ် အသံလွှင့်ဝိုင်းများတွင် တက္ကသိုလ်ကျော်ညွန့်အမည်ဖြင့် ပါဝင်သီဆိုခဲ့ရာ ဓာတ်ပြားများရရှိခဲ့သည်။

"ဒီစာအုပ်ကို ထုတ်ဖို့မရည်ရွယ်ခဲ့ပါဘူး။ ကျွန်တော့်ဆီမှာ ဓာတ်ပြားပေါင်း သောင်းဂဏန်းကျော်ရှိတာကိုသိတဲ့ ဗိုလ်ချုပ်ကြည်အောင်၊ စန္ဒားယားလှထွဋ်၊ ဦးမောင်မောင်လတ်(နောင်)နဲ့ ဘိုကလေးတင်အောင်တို့က တိုက်တွန်းအကြံပြုဝိုင်းဝန်းကူညီပံ့ပိုးတာကြောင့် တစ်ချိန်က အသုံးပြုခဲ့တဲ့ဓာတ်ပြားအကြောင်းလေးတွေကို ဗဟုသုတအဖြစ်သိရှိစေရန် ဒီစာအုပ်ကိုရေးဖြစ်ခဲ့တာပါ"ဟု ဆရာသုတေသီမောင်မောင်က ပြောသည်။

သုတေသီမောင်မောင်သည် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ဇာတိဖြစ်ပြီး အမည်ရင်းမှာ မောင်မောင်(ခ) မြင့်လွင်ဖြစ်သည်။ ၁၉၅၀ ပြည့်နှစ် စက်တင်ဘာ ၂၀ ရက်ကမွေးဖွားခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် မော်လမြိုင်ကောလိပ်မှ B.Sc (Botany) ဘွဲ့ကိုရရှိခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် ဆေးပင်စင်ယူခဲ့သည်။ ဘွဲ့လွန်ဒီပလိုမာသင်တန်းများဖြစ်သော D.B.L,D.M.L, D.I.L,P,G.D.L စာမေးပွဲများကို အောင်မြင်ခဲ့ပြီး တရားလွှတ်တော်ရှေ့နေအဖြစ် ဆောင်ရွက်လျက်ရှိသည်။

**စာရေးဆရာ Terence Tan [အင်္ဂလိပ်ဘာသာရပ်(သုတ) စာပေဆု]**

စာရေးဆရာ Terence Tan သည် ယခုနှစ်အတွက် အင်္ဂလိပ်ဘာသာရပ်(သုတ)စာပေဆု ရွေးချယ်ခြင်းခံရပြီး ဆရာဆွတ်ခူးရရှိခဲ့သော Ancient Jewellery of Myanmar from Prehistory to Pyu Period စာအုပ်မှာ ပျူခေတ်နှင့် စာမပေါ်သေးသောသမိုင်းမတင်မီခေတ်က ခေတ်စားခဲ့သည့် ရှေးဟောင်းပုတီးယဉ်ကျေးမှုရတနာများ၊ ပျူခေတ်ရွှေယဉ်ကျေးမှုရတနာများနှင့် ဝတ်စားဆင်ယင်ပုံစံများ၏ ပြောင်းလဲလာပုံအဆင့်ဆင့်အား ရေးသားထားသောစာအုပ်ဖြစ်ပြီး အင်္ဂလိပ်ဘာသာရပ်(သုတ)စာပေဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

စာရေးဆရာ Terence Tan သည် ထားဝယ်မြို့ဇာတိဖြစ်ပြီး ၁၉၆၇ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် အဖ ဦးယုကြည်နှင့် အမိ ဒေါ်ဟိုတို့မှမွေးဖွားပြီး ရန်ကုန်မြို့၌ ငယ်စဉ်ကလေးဘဝကာလကတည်းက ရောက်ရှိနေကာ အထက(၆)ဗိုလ်တထောင်မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သူတစ်ဦးဖြစ်သည်။ ထိုမှတစ်ဆင့် ရှေးဟောင်းသုတေသနပညာဘွဲ့ကိုရရှိခဲ့ပြီး ရှေးဟောင်းမဟာဘွဲ့ M.A (Archaeology) ကို ထပ်မံရယူခဲ့ကာ ရှေးဟောင်းသုတေသနပညာရပ်များကို စိတ်ဝင်စားသောကြောင့် အဆိုပါပညာရပ်ကို ဆက်လက်လေ့လာခဲ့ပြီး ရှေးဟောင်းကျောက်မျက်ရတနာများကိုလည်း အထူးလေ့လာခဲ့ကြောင်းနှင့် ကျောက်မျက်ပညာဘွဲ့(G.I.A)ကိုလည်းရရှိခဲ့ကြောင်း သိရသည်။

"ငယ်ငယ်ကတည်းက ရှေးဟောင်းကျောက်မျက်ရတနာတွေကို စိတ်ဝင်စားခဲ့ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံဟာဆိုရင် ပျူခေတ်နဲ့သမိုင်းမတင်မီက အလွန်တိုးတက်ထွန်းကားခဲ့ပါတယ်။ ပျူခေတ်ကတော့ စာတွေပေါ်ပြီ။ ဒါပေမယ့် စာအချို့ကို ဘာသာပြန်နိုင်ပြီး စာအချို့ကို ဘာသာပြန်မရပါဘူး။ ပုဂံခေတ်ကျတော့ စာလည်းပေါ်ပြီ။ ဘာသာလည်းပြန်လို့ရပြီလေ။ ကျွန်တော်တို့က ဒါကြောင့် ပျူခေတ်နဲ့ စာမပေါ်သေးသော သမိုင်းမတင်မီခေတ်ဆိုပြီး ခွဲခြားထားတာပါ။ ဒါကို ကျွန်တော်က ပြန်ဖော်ထုတ်ချင်တဲ့အတွက် ဒီပညာရပ်တွေကို ကျွန်တော့်အနေနဲ့ နှစ်(၂၀)ကျော်ကြာ ဒုက္ခခံခရီးထွက်ပြီး လေ့လာခဲ့ပါတယ်။ အဓိကကတော့ အချိန်တွေ ပေးခဲ့ရတာပါ။ ဒီရှေးဟောင်းပညာရပ်ဆိုင်ရာနဲ့ပတ်သက်ပြီး စာအုပ်ထုတ်ချင်လို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပါတယ်။ စိတ်ထဲမှာ အချက်အလက်မပြည့်စုံဘူးထင်ပြီး လိုအပ်မယ့်အချက်အလက်တွေကို ပြန်ပြုစုလိုက်နဲ့ စာအုပ်ထုတ်ဖို့ နှစ် (၂၀)ကျော်ကြာ အချက်အလက်များကိုပြုစုခဲ့ရတာပါ။ စာအုပ်ရေးသားပြုစုထားတဲ့အထဲမှာ ခေတ်အဆက်ဆက်က ဒီဇိုင်းပုံစံနည်းပညာထွန်းကားခဲ့မှုတွေကို ရေးသားပြုစုထားပါတယ်။ နောင်လာနောက်သားတွေအနေနဲ့လည်း ကျွန်တော့်လိုမျိုး ဒီစာအုပ်ကို မှီငြမ်းစာအုပ်လေးအဖြစ် အသုံးဝင်မယ်ဆိုရင်ပဲ စာအုပ်ရေးသားပြုစုရကျိုးနပ်ပါပြီ။ နိုင်ငံခြားသား စိတ်ဝင်စားသူတွေအနေနဲ့လည်း ကိုယ့်နိုင်ငံမှာ ယဉ်ကျေးမှု ဘယ်လိုထွန်းကားခဲ့လဲဆိုတာ လေ့လာလို့ရအောင်ပါ။ သိလည်းသိစေချင်ပါတယ်။ ဒီစာအုပ်ရေးသားပြုစုဖို့အတွက် အချိန်ပေါင်းများစွာရင်းနှီးမြှုပ်နှံခဲ့ရတာဆိုတော့ ဒီစာအုပ်ဟာဆိုရင် ကျွန်တော့်ရဲ့ဘဝတစ်စိတ်တစ်ဒေသဖြစ်ပါတယ်။ ခုလိုဆုရလိမ့်မယ်လို့လည်း မမျှော်လင့်ခဲ့မိပါဘူး။ သတင်းစာထဲမှာ ထုတ်ပြန်ချက်ပါလာမှ သိရတာပါ။ အလွန်ဝမ်းသာပျော်ရွှင်မိပါတယ်"ဟု စာရေးဆရာ Terence Tan က ပီတိစကားဆိုသည်။

လက်ရှိတွင် ရန်ကုန်တက္ကသိုလ်နှင့် ပြည်မြို့ရှိ ရှေးဟောင်းနည်းပညာသင်တန်းကျောင်း၌ အချိန်ပိုင်းစာသင်ကြားပို့ချပေးလျက်ရှိပြီး နိုင်ငံရပ်ခြားရှိ နိုင်ငံခြားတက္ကသိုလ်များဖြစ်သော YALE တက္ကသိုလ်၊ ဟားဗတ်တက္ကသိုလ်၊ အောက်စ်ဖို့ဒ်အပါအဝင် အခြားနိုင်ငံများရှိ တက္ကသိုလ်များ၌လည်း ရှေးဟောင်းသုတေသနပညာရပ်ဆိုင်ရာဘာသာများအား ပို့ချပေးနေကြောင်း သိရသည်။

**စာရေးဆရာသတိုး(ဝတ္ထုတိုပေါင်းချုပ်စာပေဆု)**

စာရေးဆရာသတိုးသည် ဝတ္ထုတိုပေါင်းချုပ်စာပေဆုတွင် ပတ္တမြားလှံ့တံ ဝတ္ထုတိုများစာအုပ်ဖြင့် အမျိုးသားစာပေဆုရရှိခဲ့သည်။ စာရေးဆရာသတိုးသည် ၁၉၈၈ ခုနှစ်တွင် ပန်းဝေသီမဂ္ဂဇင်း၌ ဖွဲ့ရန်နိုင်အမည်ဖြင့် 'တစ်ခါကထာဝရ' ပထမဆုံးစာမူကို ဖော်ပြခံရပြီး ရတီမဂ္ဂဇင်း၊ မဟေသီမဂ္ဂဇင်း၊ ရွှေအမြုတေမဂ္ဂဇင်း စသည်တို့တွင် ဝတ္ထုတိုပုဒ်ရေ ၅၀ ဝန်းကျင်ရေးသားခဲ့သည်။ 'ပတ္တမြားလှံ့တံ' စာအုပ်သည် ပထမဆုံးထွက်ရှိသော ဝတ္ထုတိုဖြစ်သည်။

"ရေးချင်စိတ်ဖြစ်နေချိန်ရေးလိုက်လို့ ဝတ္ထုတစ်ပုဒ်ပီပြင်ပြီးမြောက်ချိန် ခံစားချက်ပီတိကိုက ကျေနပ်စရာ၊ မက်မောစရာပါ။ ကိုယ့်လက်ရာစာမူတွေ မဂ္ဂဇင်းမှာ ဖော်ပြခံရ၊ ပုံနှိပ်စာလုံးနဲ့မြင်တွေ့ခံရလို့ဖြစ်လာတဲ့ ကြည်နူးကျေနပ်မှုကလည်း မက်မောစရာပါ။ အဲဒီစာမူလေးတွေကို စာတစ်အုပ်ထဲမှာ တစုတစည်းတည်း ပြန်မြင်ရကတည်းက ဘုရားပေးတဲ့ဆုလို့မှတ်ရမှာပါ။ အခုလို အသိအမှတ်ပြုခံရ၊ ဆုရလာတာကတော့ အပိုဆုပေါ့"ဟု ဆရာသတိုးက ပြောသည်။

ဆရာသတိုးသည် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ဇာတိဖြစ်ပြီး ၁၉၆၉ ခုနှစ် ဧပြီ ၃၀ ရက်တွင် မွေးဖွားသည်။ ၁၉၉၉ ခုနှစ်တွင် ရန်ကုန်အဝေးသင်တက္ကသိုလ်မှ ဝိဇ္ဇာ(ဥပဒေ)ဘွဲ့ရရှိခဲ့ပြီး လက်ရှိတွင် အလွတ်တန်းကျောင်းဆရာအဖြစ် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။


ပါမောက္ခ ဒေါက်တာဒေါ်စန်းစန်းမြင့် (နိုင်ငံရေးစာပေဆု)


ဒေါက်တာမခင်မြင့် (စာပဒေသာစာပေဆု)


သုတေသီမောင်မောင် (မြန်မာ့ယဉ်ကျေးမှု နှင့် အနုပညာဆိုင်ရာစာပေဆု)


စာရေးဆရာ Terence Tan [အင်္ဂလိပ်ဘာသာရပ်(သုတ)စာပေဆု]


စာရေးဆရာသတိုး (ဝတ္ထုတိုပေါင်းချုပ်စာပေဆု)

**အမေး/အရေး - စိုးဝင်း၊ အောင်ကျော်ဦး**
**ဓာတ်ပုံ - ဌေးအောင်၊ ခင်မောင်ဝင်း**

# မြကျွန်းညို ကွန်းခိုရာ တက္ကသိုလ်(၉၆) နှစ်ပြည့်ခဲ့ပြီ

## ခင်ဇာလီ(ကြေးမုံ)

မြစ်ချောင်းငယ်ဖြာဖြာ ရေပြာပြာ. . သမုဒ္ဒရာမှာ ပေါင်းဆုံ. . အသစ်ဟောင်းနှယ်စုံစွာ. . ကျက်သရေ ဂုဏ်ဝေဖြာတဲ့. . အကြေတက္ကသိုလ်မှာ အကြောင်း. . . ဆုံ. . မြကျွန်းညိုညို ကွန်းခိုရာ တက္ကသိုလ်မှာကြုံ၊ စာပေ၊ဂီတနဲ့သာ အနုပညာအစစမှာလည်းစုံ. . တေးပဒ္ဓင်ငြိမ့်ငြိမ့်ပြောင်း. . စုပေါင်းပါလို့ သီကျူးပုံ. . တေးမင်္ဂလာ နားဝင်မှာအေးလို့ ငြိမ်းချမ်းကြစေကုန်. . ဟူသည့် တေးရေး မောင်ငွေလှိုင်း ရေးသားထားသော မြကျွန်းညိုညို တက္ကသိုလ်သီချင်းကိုကြားတိုင်း ရန်ကုန်တက္ကသိုလ်ကြီးကို မျက်ဝါးထင်ထင် ပြေးမြင်မိကြစမြဲပင်။

ရန်ကုန်တက္ကသိုလ်ကြီးသည် မြန်မာနိုင်ငံ၏ ပထမဆုံး တက္ကသိုလ်တစ်ခုဖြစ်ခဲ့သလို ဖြတ်သန်းလာခဲ့သည့် ခရီးတစ်လျှောက်တွင်လည်း သမိုင်းဝင်အမှတ်တရများစွာကို ပိုင်ဆိုင်ခဲ့သည့် တစ်ခုတည်းသော တက္ကသိုလ်တစ်ခုဖြစ်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်ကြီးသည် စစ်ဘေးဒဏ်ကိုလည်း ခံခဲ့ရဖူးသည်။ သဘာဝဘေးအန္တရာယ်ကိုလည်း ခံခဲ့ဖူးသည်။ ပညာရေးစနစ်အပြောင်းအလဲများစွာကိုလည်း ခံခဲ့ဖူးသည်။ နိုင်ငံရေးအပြောင်းအလဲများစွာတွင်လည်း ပါဝင်ပတ်သက်ခဲ့သည်။ နှစ်ပေါင်း ၉၀ ကျော် ကာလတစ်လျှောက် အပြောင်းအလဲများစွာကို ခံယူခဲ့ပြီး ရှေ့ခရီးစဉ်၌လည်း မည်သည့်အပြောင်းအလဲများကိုမဆို ကြံ့ကြံ့ခိုင်ခိုင်ရင်ဆိုင်ရင်း ရာပြည့်နှစ်ဆီသို့ ချဉ်းကပ်နေပြီ ဖြစ်သည်။

လာမည့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်သည် ရန်ကုန်တက္ကသိုလ်ကြီး၏ (၉၆)နှစ်မြောက် ရာပြည့်အကြိုအထိမ်းအမှတ်ပွဲတော်ရက်ဖြစ်သည်။ ယင်းနေ့မှသည် ၁၈ ရက်တိုင်တိုင် ရန်ကုန်တက္ကသိုလ်ကျောင်းဝင်းကြီးအတွင်း၌ ပျော်ပွဲရွှင်ပွဲအခမ်းအနားများကို ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ အမိတက္ကသိုလ်၏ကျောင်းသား ကျောင်းသူဟောင်းများ၊ အငြိမ်းစားဆရာ ဆရာမများ အပါအဝင် ပညာရေးအသိုင်းအဝိုင်းတစ်ရပ်လုံးက စုပေါင်းကာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။ ဌာနအလိုက် နိုင်ငံတကာမှ ပညာရှင်များနှင့် ပူးပေါင်း၍ သုတေသနစာတမ်းဖတ်ပွဲများ၊ ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲများအပြင် ရန်ကုန်တက္ကသိုလ်တိုးတက်မှုဆိုင်ရာ ဟောပြောပွဲ၊ Green Fashion Show၊ ခေတ်အလိုက် ဝတ်စားဆင်ယင်မှု၊ ပဒေသာကပွဲ၊ ပိုစတာပြပွဲ၊ ကာတွန်းပြပွဲ၊ သိပ္ပံပွဲခင်းနှင့် ဈေးရောင်းပွဲတော်စသည်တို့ ပါဝင်သည်ဟု ရန်ကုန်တက္ကသိုလ် သမိုင်းဌာန၏ ပြောကြားချက်အရ သိရသည်။

"ရန်ကုန်တက္ကသိုလ်မှာ တက်ဖူးတဲ့ ကျောင်းသား ကျောင်းသူအားလုံး မည်သူမဆို ကိုယ့်တက္ကသိုလ်အပေါ်ကို သံယောဇဉ်ရှိကြတယ်။ ချစ်လည်းချစ်ကြတယ်။ ကျောင်းထဲကို ပြန်ရောက်လာရတာ၊ ဝင်လာရတာနဲ့ ကိုပဲ သူတို့ နှပျိုပြီးပျော်နေကြတာ။ ဘယ်သူမဆိုပေါ့၊ ဆရာမတို့အပါအဝင် ဘယ်မေဂျာပဲကြည့်ကြည့် ဘယ်အရွယ်ပဲကြည့်ကြည့် အားလုံးအတူတူပဲ" ဟု ဒေါက်တာ ဒေါ်မာဂရက်ဝေါင်း ပါမောက္ခ/ဌာနမှူးသမိုင်းဌာန ရန်ကုန်တက္ကသိုလ်က ပြောသည်။ "အဲဒီခံစားချက်လေးကို ဘာနဲ့မှ မလဲနိုင်ဘူး" တက္ကသိုလ်ဟူသော ဝေါဟာရသည် ပါဠိဘာသာစကားအရ တက္ကသီလကို အညွှန်းပြုခြင်းဟု ဆိုကြသည်။ တက္ကအထူးထူးအပြားပြား ကြံစည်ခြင်း၊ သီလအကျင့်ဆိုသောကြောင့် တက္ကသီလသည် အထူးထူးအပြားပြား ကြံစည်လုပ်ကိုင်ခြင်း အတတ်သင်ကြားရာဌာနဟု ဆိုသည်။ တစ်နည်းအားဖြင့် ကြံဆတွေးခေါ်တတ်သောပညာရပ်ပေါင်းစုံ ပို့ချပေးရာဌာနဟု ဆိုနိုင်သည်။ ခေတ်သစ်ပညာရေးစနစ်ဖြင့် ပထမဆုံးဖွင့်လှစ်ခဲ့သောတက္ကသိုလ်မှာ ၁၀၄၄ ခုနှစ်ခန့်က အီတလီနိုင်ငံမှ ခရစ်ယာန်ဘုန်းကြီးများ ဖွင့်လှစ်ခဲ့သည့် BOLOGNA တက္ကသိုလ်ဖြစ်သည်။ ယင်းနောက် OXFORD ၊ CAMBRIDGE တက္ကသိုလ်များ ပေါ်ပေါက်ခဲ့ပြီး တက္ကသိုလ်ပညာရေးနယ်ပယ် ကျယ်ပြန့်လာခဲ့သည်။ ပုဂံခေတ်မှစ၍ ရှေးမြန်မာမင်းများလက်ထက်က ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသည် မြန်မာ့တက္ကသိုလ်များဖြစ်ခဲ့သည်။ သီပေါမင်းလက်ထက်တွင်မူ တက္ကသိုလ်တစ်ခု တည်ထောင်ရန် ရည်ရွယ်ချက်ရှိခဲ့သော်လည်း ပါတော်မူပြီးနောက်တွင် မြန်မာနိုင်ငံ၌ ကိုလိုနီပညာရေးစနစ်သည် စီးပွားရေးကို အခြေခံ၍သာ ပေါ်ပေါက်လာတော့သည်။

ရန်ကုန်တက္ကသိုလ် စတင်ဖြစ်တည်လာသည့် သမိုင်းကြောင်းကို အကျဉ်းချုပ်၍ ဖော်ပြရမည်ဆိုလျှင် ဗြိတိသျှတို့သည် တိုင်းပြည်ကိုအုပ်ချုပ်ရာတွင် အင်္ဂလိပ်လူမျိုးချည်းကိုသာ ခန့်ထားရန် မဖြစ်နိုင်သဖြင့် အုပ်ချုပ်ရေးအောက်အဆင့်လုပ်ငန်းများကို ဆောင်ရွက်ရန် တိုင်းရင်းသားလုပ်သားများလိုအပ်လာသည်။ ယင်းလိုအပ်ချက်များ ဖြည့်ဆည်းရန် ၁၈၅၄ ခုနှစ်တွင် အထောက်အပံ့ခံ ကိုလိုနီပညာရေးစနစ်ကို လက်တွေ့အကောင်အထည်ဖော်ခဲ့သည်။ ဤနည်းစနစ်သည် အိန္ဒိယနိုင်ငံမှာကဲ့သို့ လော့ဒ်မက်ကောလေး၏မူကို အခြေခံကာ ချမှတ်ခဲ့ခြင်းဖြစ်သည်။ ဘုန်းကြီးကျောင်းနှင့် အလွတ်ပညာသင်ကျောင်းများသည် တိုင်းရင်းသားဘာသာ မြန်မာစာသင်ကျောင်းအဖြစ်သို့ လည်းကောင်း၊ သာသနာပြုကျောင်းများသည် အင်္ဂလိပ်-မြန်မာစာသင်ကျောင်းများအဖြစ်သို့ လည်းကောင်း ၊ အစိုးရကိုယ်တိုင် စာသင်ကျောင်းများ တည်ထောင်၍သော်လည်းကောင်း ပညာရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။


ဓာတ်ပုံ-စောသိန်းဝင်း

အင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီးတွင် စစ်တွေနှင့် မော်လမြိုင်တွင် အစိုးရအထက်တန်းကျောင်းများ ဖွင့်လှစ်ခဲ့ပြီး ဒုတိယစစ်ပွဲအပြီး အောက်မြန်မာပြည်တွင် ရန်ကုန်မြို့ အစိုးရအထက်တန်းကျောင်း (ယခု အထက ၁ လသာ) ၌ ရန်ကုန်ကောလိပ်ဟူ၍ ဌာနသီးသန့် ဖွင့်လှစ်ခဲ့သည်။ ထိုနှစ်မှာ ၁၈၈၄-၁၈၈၅ ခုနှစ် ပညာသင်ကာလဖြစ်သည်။

ရန်ကုန်ကောလိပ်သည် တဖြည်းဖြည်းတိုးတက်လာသောအခါ မြန်မာပြည်တွင် ရန်ကုန်မြို့၌ ကာလကတ္တားတက္ကသိုလ်၏ ဩဇာအာဏာနှင့် ကြီးကြပ်မှုမှ ကင်းလွတ်သော သီးခြားတက္ကသိုလ်တစ်ခု တည်ထောင်ပေးရန် သတင်းစာများ၊ ပညာရေးဆင်ဒီကိတ်နှင့် မြန်မာ့ခေါင်းဆောင်များက အစိုးရထံ တင်ပြတောင်းဆိုလာကြသည်။

၁၉၁၂ ခုနှစ် မေလ ၂၅ ရက်က ဆရာတော် ဦးဥတ္တမသည် မြန်မာပြည် တွင် တက္ကသိုလ်တစ်ခု တည်ထောင်ပေးရန် ဗြိတိသျှ အစိုးရထံ စာရေး၍ မေတ္တာရပ်ခံခဲ့သည်။ ယင်းစာကို ၁၉၁၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်က သူရိယသတင်းစာ တွင် ဖော်ပြခဲ့သည်။

ထိုကဲ့သို့သော လှုံ့ဆော်မှုမျိုးကို ၁၈၉၂ ခုနှစ်ကတည်းက မြန်မာပြည်သူတို့ ကြိုးစားဆောင်ရွက်ခဲ့ကြသော်လည်း ၁၉၁၃ ခုနှစ်ရောက်သည့်တိုင် မည်သို့မျှအကြောင်းမထူးဘဲ ၁၉၁၄ ခုနှစ်တွင် ပထမကမ္ဘာစစ်ဖြစ်သောအခါ တောင်းဆိုချက်များသည် ချောင်ထိုးခံခဲ့ရပြန်သည်။ သို့သော် မြန်မာပြည်သူတို့၏ တောင်းဆိုမှုမှာ မရပ်သွားဘဲ ပြင်းထန်လာသဖြင့် မြန်မာပြည်၏ ဒုတိယ ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာနှင့် သူ့နောက်ဆက်ခံမည့် ဆာရယ်ဂျီနယ်ကရက်ဒေါက်တို့သည် တက္ကသိုလ်တစ်ရပ်တည်ထောင်ရန် ဥပဒေကြမ်းကို ရေးဆွဲရပါတော့သည်။

ဥပဒေကြမ်းရေးဆွဲရန် ၁၉၁၈ ခုနှစ်တွင် အစိုးရက ပညာမင်းကြီး မတ်ဟန်တာအား ဦးဆောင်စေခဲ့သည်။ ၁၉၂၀ ခုနှစ် ဇူလိုင်လ ၁၂ ရက်တွင် ယင်းဥပဒေကြမ်းကို တရားဥပဒေပြုကောင်စီ အစည်းအဝေး၌ တင်သွင်းခဲ့သည်။ ထို့နောက် အောက်တိုဘာ ၂၄ ရက်တွင် အိန္ဒိယဘုရင်ခံချုပ်ထံမှ ၎င်းဥပဒေကို အတည်ပြုချက်ရယူခဲ့သည်။ အတည်ပြုချက်အရ တက္ကသိုလ်ကို ယူနစ်ထရီစနစ် (တစုတစည်းတည်း) တည်ထောင်ရန် စီစဉ်ခဲ့သောကြောင့် ၁၉၂၀ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် တက္ကသိုလ် ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်တို့ပေါင်းစည်းကာ ရန်ကုန်တက္ကသိုလ်ကြီး စတင်ပေါက်ဖွားလာတော့သည်။

ယနေ့လက်ရှိ ရန်ကုန်တက္ကသိုလ် အဆောက်အအုံများ တည်ရှိရာနေရာသည် ထိုစဉ်က သစ်ပုပ်ပင်၊ မရန်းပင်၊ သရက်ပင်၊ သစ်တိုပင်၊ ကုက္ကိုပင်ကြီးများ ပေါက်ရောက်နေပြီး တောရိုင်းတိရစ္ဆာန် အများအပြား ခိုအောင်းရာ မြေဧက ၄၀၀ ကျော် ကျယ်ဝန်းသည့် တောနက်ကြီးဖြစ်သည်။ ၎င်းနေရာကို ခုတ်ထွင်ရှင်းလင်းရန်နှင့် ကောလိပ်အဆောက်အအုံများ ဆောက်လုပ်ရန် မတည်ရန်ပုံငွေသည်လည်း လိုအပ်လာခဲ့သည်။ ဒုတိယဘုရင်ခံလည်းဖြစ်၊ တက္ကသိုလ်အဓိပတိလည်းဖြစ်သော ဆာဟာကုတ်ဘတ္တလာသည် ဘိလပ်သို့ မပြန်မီ အရှေ့နိုင်ငံများတွင် ခေတ်မီပြီး အကြီးဆုံးဖြစ်သည့် ယူနီဗာစီတီကောလိပ်ကျောင်းကြီးကို ဆောက်လုပ်ရန် ဆန္ဒရှိလေသည်။ သူသည် အစိုးရကိုချည်း အားမကိုးဘဲ ကိုယ်ပိုင်ရန်ပုံငွေဖြင့် လွတ်လပ်စွာ ရပ်တည်နိုင်ရန် လိုအပ်သောရန်ပုံငွေရအောင် ကိုလိုနီစနစ်အတိုင်း စီမံဆောင်ရွက်ခဲ့သည်။

၁၉၂၇ ခုနှစ် မေလတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့ကြီး မြို့ငယ် ရွာသိမ်ရွာငယ်များပါမကျန် အာဝါဒေး (Our Day) ခေါ် ကုန်းပွဲ၊ ရေပွဲ၊ ပျော်ပွဲရွှင်ပွဲများ ပြုလုပ်စေပြီး အခွန်အကောက်များ ကောက်ယူသည်။ ဘုရင်ခံသည် ငွေကြေးချမ်းသာသော သူဌေးသူကြွယ်များထံမှလည်း အလှူငွေကောက်ခံခဲ့သည်။ ရရှိသော ငွေလုံးငွေရင်းဖြင့် ကောလိပ်အဆောက်အအုံများကို ဆောက်လုပ်ခဲ့သည်။ ပထမဆုံး ယူနီဗာစီတီအဆောက်အအုံနှင့် ဘွဲ့နှင်းသဘင်ခန်းမကို စတင်အုတ်မြစ်ချ၍ အမျိုးသားအဆောင်များဖြစ်သော သထုံ၊ ပဲခူး၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝနှင့် အမျိုးသမီးဆောင် အင်းလျားတို့ကို တစ်ပြိုင်တည်း ဆောက်လုပ်သည်။ တက္ကသိုလ်စာကြည့်တိုက် နှင့် ကျောင်းသားသမဂ္ဂ အဆောက်အအုံ၊ တက္ကသိုလ်ဆေးရုံအပြင် ပါမောက္ခနှင့် ကထိကများအတွက် နေအိမ်များကို တဖြည်းဖြည်းဆောက်လုပ်သည်။ ၁၉၂၈-၁၉၂၉ ပညာသင်နှစ်တွင် တက္ကသိုလ်ရိပ်သာလမ်းနှင့် အင်းလျားလမ်းတို့ကို စတင်ဖောက်လုပ်ခဲ့သည်။

ယနေ့မြင်တွေ့နေရသည့် ရန်ကုန်တက္ကသိုလ်အဆောက်အအုံကြီးသည် ထိုကဲ့သို့သော ရန်ပုံငွေများဖြင့် လေးနှစ်နီးပါးကြာအောင် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းအနက်မှ သူဌေးဦးညိုသည် ကျောင်းသားသမဂ္ဂအဆောက်အအုံကိုလည်းကောင်း၊ သူဌေး ချန်မာဖီသည် မိုးလုံလေလုံ အားကစားရုံကိုလည်းကောင်း၊ သူဌေးကြီး ရက်ဒီယာသည် တက္ကသိုလ်စာကြည့်တိုက်အဆောက်အအုံကိုလည်းကောင်း လှူဒါန်းခဲ့ကြသည့် ထင်ရှားသူများဖြစ်သည်။

၁၉၂၀ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ စတင်ဖွင့်လှစ်ခဲ့သော ရန်ကုန်တက္ကသိုလ်ကြီးသည် ကိုလိုနီနယ်ချဲ့ဗြိတိသျှခေတ်၊ ဖက်ဆစ်ဂျပန်ခေတ်၊ စစ်ကြီးပြီးစ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုခေတ်၊ လွတ်လပ်ပြီးစ ဖဆပလအစိုးရခေတ်၊ အိမ်စောင့်အစိုးရခေတ်၊ ပထစ အစိုးရခေတ်၊ တော်လှန်ရေးကောင်စီ အစိုးရခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရခေတ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရခေတ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရခေတ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒီမိုကရေစီအစိုးရ ခေတ်မှသည် ပြည်သူက ရွေးချယ်တင်မြှောက်သော NLD အစိုးရဦးဆောင်သည့် ခေတ်သို့တိုင် ဖြတ်သန်းလာခဲ့ပြီ ဖြစ်သည်။ ၇ ဇူလိုင်အရေးအခင်းနှင့် ကျောင်းသား သမဂ္ဂဖောက်ခွဲဖျက်ဆီးခံရမှု အပါအဝင် လောကဓံအကောင်းအဆိုးအမျိုးမျိုးကို ရင်ဆိုင်ကျော်ဖြတ်ခဲ့ရပြီး ဖြစ်သည်။

ဖြတ်သန်းလာသည့် ခရီးလမ်းတစ်လျှောက် ရန်ကုန်တက္ကသိုလ်ကြီးသည် နှစ်ငါးဆယ်ပြည့် ရွှေရတု၊ (၇၅)ပြည့် စိန်ရတုများကိုလည်း ဖြတ်ကျော်ခဲ့ပြီး နောက် ၂၀၂၀ ခုနှစ်တွင် အနှစ်တစ်ရာ တင်းတင်းပြည့်သည့် ရာပြည့်နှစ်ဆီသို့ လျှောက်လှမ်းနေပြီဖြစ်သည်။ ဟိုတစ်ခေတ်က ရန်ကုန်တက္ကသိုလ်သည် ကမ္ဘာ့တက္ကသိုလ်များအလယ်၌ ထင်ပေါ်ကျော်ကြား လူသိများခဲ့သည်။ ပါလီမန်ဒီမိုကရေစီ အစိုးရခေတ်ကလည်း နိုင်ငံရပ်ခြားမှ သမ္မတများ၊ ဝန်ကြီးချုပ်များသည် သူတို့၏ ခရီးစဉ်တွင် ရန်ကုန်တက္ကသိုလ်သို့ လာရောက်လည်ပတ်ခဲ့သလို တက္ကသိုလ်ကြီး၏ ကျော်ကြားမှု ဂုဏ်သိက္ခာကြောင့် အမေရိကန်သမ္မတ ဘားရက်အိုဘားမားကိုယ်တိုင် ရန်ကုန်တက္ကသိုလ်ကြီးတွင် သမိုင်းဝင်မိန့်ခွန်းပြောကြားခဲ့သည်အထိ အစဉ်အလာကြီးမားခဲ့သည်။

မြန်မာ့အဆင့်မြင့် ပညာရေးလောက၏မိခင် ရန်ကုန်တက္ကသိုလ်ကြီးသည် အခက်အခဲများကြားမှ ခေတ်ပညာတတ်၊ နိုင်ငံ့သားကောင်း သမီးကောင်းများကို မွေးထုတ်ပေးခဲ့သလို ကောလိပ်ကျောင်းသားများ၏ ဘဝရည်မှန်းချက်များရှိရာ၊ ခေတ်စမ်းစာပေ ထွန်းကားရာ၊ အမျိုးသားအောင်ပွဲများရှိရာ၊ တက္ကသိုလ်သုံးဝေါဟာရများ တီထွင်ရာ၊ ဘဝအသိ၊ စာပေ၊ ဂီတ၊ အနုပညာ၊ အားကစားတို့ စုံလင်ရာ၊ ကုံကော်တို့ပျော်မွေ့ရာ နေရာတစ်ခု ဖြစ်ခဲ့သည်။ ဖြစ်တည်လျက်ရှိသည်။

ယင်းကြောင့် မည်သူမဆို ဒီဇင်ဘာ ၁ ရက်တွင် ကျရောက်မည့် ကျောင်းကြီး၏ (၉၆) နှစ်မြောက် နှစ်ပတ်လည် ရာပြည့်အကြိုပွဲတော်ကို ဆင်နွှဲနိုင်စေရန် လက်တို့ရင်း "မြကျွန်းညိုညို ကွန်းခိုရာ တက္ကသိုလ်မှာ ကြုံ၊ စာပေ၊ ဂီတနဲ့သာ အနုပညာ. . . အစစမှာလည်း စုံ. . တေးပဒ္ဓင်ငြိမ့်ငြိမ့်ပြောင်း. . စုပေါင်းပါလို့ သီကျူးပုံ. . တေးမင်္ဂလာ. . . နားဝင်မှာအေးလို့. . . ငြိမ်းချမ်းကြစေကုန်" သီချင်းကလေးဖြင့် ဖိတ်ခေါ်လိုက်ရပါသည်။

**ကျမ်းကိုး-အမျိုးသားပညာရေးသမိုင်း ဦးကျော်**

- **တက္ကသီလာ မြကျွန်းသာတက္ကသိုလ် ခင်မောင်ဇော်၊**
- **ဒေါက်တာကျော်ဝင်း ပါမောက္ခ(ငြိမ်း) သမိုင်းဌာန ရန်ကုန်တက္ကသိုလ်၊**
- **ဦးမျိုးသန့် တွဲဖက်ပါမောက္ခ (ငြိမ်း) မြန်မာစာဌာန ရန်ကုန်တက္ကသိုလ်၊**

# သာမညဖလအခါတော်နေ့ (သို့မဟုတ်) တန်ဆောင်မုန်းလပြည့်နေ့

## မြို့တော်ထွန်းရည်

တန်ဆောင်မုန်းလသည် ပွဲတော်ခြောက်မျိုးကျင်းပသည့် အခါသမယဖြစ်ပါသည်။ အဆိုပါပွဲတော်များမှာ (၁) သာမညဖလအခါတော်နေ့ (၂)တန်ဆောင်တိုင်မီးထွန်းပွဲတော် (၃) ကထိန်လျာသက်န်းပွဲတော် (၄) မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲတော် (၅) မဲဇလီဖူးသုတ် လျှာဒါန်းဝေငှသောပွဲတော် (၆) ကျီးမနိုးပွဲတော်စသည်ဖြင့် ခေါ်ဆိုခဲ့ကြပါသည်။

အဆိုပါပွဲတော်များအနက် သာမညဖလအခါတော်နေ့ပွဲတော်၊ ကထိန်လျာသင်္ကန်းပွဲတော်၊ မသိုးသင်္ကန်းပွဲတော်နှင့် တန်ဆောင်တိုင်မီးထွန်းပွဲတော်တို့သည် ထင်ရှားခဲ့ပါသည်။

ထင်ရှားသောပွဲတော်များအနက် သာမညဖလပွဲတော်အကြောင်းကို ရှင်းလင်းရေးသားတင်ပြလိုပါသည်။ အကြောင်းရင်းမှာ ဂေါတမမြတ်စွာဘုရားလက်ထက်တော်အခါက ဆရာအတင်မှားခဲ့သော အဇာတသတ်မင်းကို အကြောင်းပြုပြီး သာမညဖလသုတ် တရားဒေသနာတော်ကိုဟောပြောခဲ့ခြင်းဖြစ်သည်။ ဤဖြစ်ရပ်ကို အကြောင်းပြုပြီး ဗုဒ္ဓဘာသာဝင်တို့က တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလအခါတော်နေ့ အထိမ်းအမှတ်အဖြစ် ပူဇော်ကျင်းပခြင်းပင်ဖြစ်ပါသည်။

သာမညဖလသုတ်တရားဒေသနာတော်ကို မြတ်စွာဘုရားရှင်အား အဇာတသတ်မင်း လျှောက်ထားတောင်းပန်ချက်အရ တန်ဆောင်မုန်းလပြည့်နေ့ ညချမ်းအချိန်ခါတွင် ရာဇဂြိုဟ်မြို့အနီးမှာရှိသည့် ဆေးဆရာဇီဝကလှူဒါန်းသော ဥယျာဉ်တော်အတွင်း၌ ဤဒေသနာတရားတော်ကို ဟောကြားတော်မူခဲ့ပါသည်။

ဟောကြားတော်မူခဲ့ရသည့် အကြောင်းရင်းကို ပြန်ပြောင်းလေ့လာသော အခါ အဇာတသတ်ဘုရင်သည် ဖခင်ကို သတ်မိသည့် အချိန်မှစပြီး အိပ်မပျော်ဝေဒနာစွဲကပ်ခဲ့ပါသည်။ သူ့မျက်လုံးတွေကို လှံတွေနဲ့ အချက်ပေါင်းများစွာ ထိုးနှက်ဘိသကဲ့သို့ ခံစားရသည့်ဝေဒနာကိုပါ ရရှိခဲ့ပါသည်။ အဆိုပါ ဝေဒနာပျောက်ကင်းစေရန်အတွက် သူကိုးကွယ်အားထားသည့် တိတ္ထိဆရာကြီးခြောက်ဦးကလည်း မစွမ်းနိုင်ကြပါ။ နောက်ဆုံး ဤရောဂါကို မြတ်စွာဘုရားရှင်မှလွဲ၍ မည်သည့်ပုဂ္ဂိုလ်ကမှ ကုစားနိုင်ခြင်းမရှိသည့်အတွက် သမားတော်ကြီးဇီဝကအကူအညီဖြင့် မြတ်စွာဘုရားထံတော်မှောက်ကို အရောက်သွားဖို့ ဆရာဇီဝက အကြံပေးပါသည်။ ထို့ပြင် အဇာတသတ်မင်း သိလိုသော သာမညဖလ (ရဟန်းပြုခြင်းအကျိုး)တို့ကိုလည်း မည်သူကမျှ ဖြေကြားခြင်း မစွမ်းနိုင်ကြဘဲ မြတ်စွာဘုရားရှင်ကသာ ဖြေကြားနိုင်မည်ဟု ဆရာဇီဝက၏ ညွှန်ကြားချက်အရ မြတ်စွာဘုရားရှင်ရှေ့တော်မှောက်ကို သွားရခြင်းလည်းဖြစ်ပါသည်။ ယင်းသို့သွားရောက်ရာတွင် အဇာတသတ်မင်းနှင့် အခြွေအရံတို့လည်း တန်ဆောင်မုန်းလပြည့်နေ့ပင်ဖြစ်လင့်ကစား တောရိပ်တောင်ရိပ်သစ်ပင်ရိပ်တို့က လူသွားလမ်းပေါ်မှာ အမှောင်လွှမ်းနေသည့်အတွက် မီးရှူးမီးတိုင် (ရှေ့ခေတ် အခေါ် တန်ဆောင်တိုင်) များထွန်းညှိ၍ ဥယျာဉ်တော်သို့ ထွက်ခဲ့ကြရပါသည်။ ထိုသို့ တန်ဆောင်မုန်းလပြည့်နေ့ညတွင် မီးရှူးမီးတိုင်အလင်းရောင်ဖြင့် ထွန်းညှိပြီး ဘုရားရှင်ထံသို့ သွားရောက်ဖူးမြော်ရခြင်းထုံးကို နှလုံးမူပြီး တန်ဆောင်မုန်းလကို တန်ဆောင်တိုင်မီးထွန်းပွဲလဟု ခေါ်ဆိုသမုတ်ကြခြင်းလည်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့်လည်း ရဟန်းပြုခြင်း၏ အကျိုးကိုဟောကြားသောနေ့ဖြစ်၍ သံဃာတော်များနေ့ဟု ခေါ်ဆိုပါ လျှင်လည်း မှားမည်မဟုတ်ပါ။

**သာမညဖလသုတ်တရားဒေသနာတော်ကို မြတ်စွာဘုရားရှင်အား အဇာတသတ်မင်း လျှောက်ထားတောင်းပန်ချက်အရ တန်ဆောင်မုန်းလပြည့်နေ့ ညချမ်းအချိန်ခါမှာ ရာဇဂြိုဟ်မြို့အနီးမှာရှိသည့် ဆေးဆရာဇီဝကလှူဒါန်းသော ဥယျာဉ်တော်အတွင်းမှာ ဤဒေသနာတရားတော်ကို ဟောကြားတော်မူခဲ့။**

တန်ဆောင်မုန်းလပြည့်နေ့ည၏ အလှအပဟာ အလွန်သာယာကြည်နူးဖွယ်ကောင်းတဲ့ လပြည့်ညလည်းဖြစ်ပါသည်။ မြူတိမ်များကင်းစင်ပြီး ပြည့်ပြည့်ဝဝ ထွန်းလင်းတောက်ပနေသော လမင်းကြီး၏ အလင်းရောင်ကလည်း ရင်ကိုချမ်းမြေ့သာယာစေပါသည်။ ထိုအခါ အဇာတသတ်မင်းက (၁) ရမဏီယာဝတ-မွေ့လျော်ဖွယ်ကောင်းသော ညပါတကား၊ (၂) အဘိရူပါဝတ- အလွန်လှပသော ညပါတကား၊ (၃) ဒဿနိယာဝတ- ရှုဖွယ်သာယာသော ညပါတကား၊ (၄) ပါသာဒီဇာဝတိ - ကြည်လင်ရွှန်းပသော ညပါတကား၊ (၅) လက္ခညာဝတ- မေ့မရနိုင်သော ညပါတကား ဟူ၍ စကားငါးခွန်းဖြင့် ချီးကျူးခဲ့ပါသည်။

အဆိုပါ သာမညဖလသုတ်သည် ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ္ဂပါဠိတော်မှာလည်း ပါရှိပါသည်။ ရဟန်းသံဃာတော်များအတွက် ကြေးမုံမှန်ကြီးတစ်ချပ်သဖွယ် သဏ္ဌာန်ဆောင်ပြီး ကိုယ်ကျင့်သီလတို့ကို ဤသာမညဖလသုတ်ဖြင့် ထင်ဟပ်စေနိုင်ပါသည်။ လူပုဂ္ဂိုလ်တို့အတွက်မူ မိမိတို့ ကိုးကွယ်နေကြသည့် သံဃာတော်အရှင်မြတ်တို့၏ ကျင့်ကြံနေထိုင်မှုတို့ကို ဤသုတ္တန်ဖြင့် ချိန်ကိုက်ကြည့်နိုင်ပါသည်။ အဖသတ်အဇာတသတ်မင်းသည်လည်း ဤသာမညဖလသုတ်တရားတော်ကို မြတ်ဗုဒ္ဓ၏ ဟောကြားညွှန်ပြဆိုဆုံးမမှုတို့ကြောင့် ဗုဒ္ဓရဲ့ အရိပ်အာဝါသအောက်ကို ခိုလှုံရောက်ရှိလာခဲ့ပြီး ပုထုဇဉ်များထဲမှ ရတနာသုံးပါးကို အကြည်ညိုဆုံးလူပုဂ္ဂိုလ်တစ်ဦး ဖြစ်လာခဲ့ပါသည်။ ဤတရားတော်ကို နာကြားပြီးသည့် အဇာတသတ်မင်းသည် အဖသတ်ခဲ့သည့် အပြစ်ကို ကုစားခဲ့သည့်အတွက် မဟာအဝီစိငရဲမှာ မကျတော့ဘဲ ပေါ့လျော့ကာ လောဟကုမ္ဘီငရဲမှာ ကျရောက်နေပြီး နောင်အခါတွင် “ဝိဇတာဝီ” အမည်ရသည့် ပစ္စေကဗုဒ္ဓါအဖြစ်ရရှိကာ ကျွတ်တမ်းဝင်ရမည်ဖြစ်ပါသည်။

ပထမသင်္ဂါယနာတင် ဒါယကာတစ်ဦးအဖြစ် အဇာတသတ်မင်းခံယူခဲ့ပြီး မြတ်ဗုဒ္ဓ၏ ဓာတ်တော်မွေတော်တို့ကို စုဆောင်းသိမ်းဆည်းကာ ဓာတ်တော်တိုက်ကြီးကို တည်ထားခဲ့ပြီး သာသနာပြုလုပ်ငန်းကြီး သုံးရပ်ကို လုပ်ဆောင်သွားခဲ့ပါသည်။ ပိဋကတ်တော်များမှာ မပျက်စီးဘဲ ခေတ်အဆက်ဆက် သင်္ဂါယနာတင်နိုင်ခြင်းမှာလည်း အဇာတသတ်မင်း၏ ကျေးဇူးဟုဆိုရမည်ပင်ဖြစ်ပါသည်။အဇာတသတ်မင်းနှင့် နောက်ပါအခြွေအရံများ မြတ်ဗုဒ္ဓထံပါးဝပ်တွား ပူဇော်သွားရာ လမ်းခရီးတွင် တန်ဆောင်တိုင်မီးများ ထွန်းညှိသွားသည့်ထုံးကို နှလုံးမူပြီး ဗုဒ္ဓဘာသာဝင်များက တန်ဆောင်မုန်းမှာ တန်ဆောင်တိုင်မီးများဖြင့် ထွန်းညှိပူဇော်ကြခြင်းဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ယာဉ်/လမ်း အန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ပထမနေ့ပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၁၂**

မြန်မာနိုင်ငံ ယာဉ်/လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့ MORS အဖွဲ့မှ ရန်ကုန်မြို့တွင်း ကားလမ်းမများပေါ်တွင် ယာဉ်/လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ခုနစ်ရက်ကြာတစ်ရက်လျှင် ခုနစ်နေရာစီတွင် ကျင်းပမည်ဖြစ်ရာ ပထမနေ့ဖြစ်သော နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက လသာမြို့နယ် အထက(၂) ရှေ့ ဗိုလ်ချုပ်လမ်းမပေါ်ရှိ လူကူးမျဉ်းကြားအနီး ပညာရေးဝန်ထမ်း ဆရာ ဆရာမများ ကြီးကြပ်သော ကျောင်းသား ကျောင်းသူကလေးများက ပြုလုပ်နေသည်ကို မြင်တွေ့ရသည်။

ကျောင်းရှေ့ဘက်ခြမ်း ကားလမ်းမဘေးတွင် ယာဉ်/လမ်းအန္တရာယ်ကင်းရှင်းရေး လမ်းညွှန် အသိပေး စာသားများပါ အဝါရောင်ဗီနိုင်းတိုင်များ ထောင်ထားသည်။ လူကူးမျဉ်းကြားမရောက်မီ ယာဉ်ထိန်းရဲမှ ယာဉ်များခေတ္တရပ်ပေးရန် အချက်ပြစဉ် ဆရာ ဆရာမကြီးကြပ်သော အဝါရောင်တူညီဝတ်စုံဝတ် ကျောင်းသား ကျောင်းသူများသည် လမ်းမပေါ်ရပ်ထားသော ယာဉ်တန်းများဆီ အရောက်သွားကာ ယာဉ်/လမ်း စည်းကမ်းဆိုင်ရာ လမ်းညွှန်စာသားများ ကပ်ထားသော ရေသန့်ဘူးများ၊ လက်ကမ်းစာစောင်များကို ယာဉ်မောင်းများအား ဝေငှခြင်း၊ ယာဉ်များအတွင်း ယာဉ်/လမ်း စည်းကမ်းဆိုင်ရာ လမ်းညွှန်ချက် ငါးရပ်ပါသော အဝါရောင်စတစ်ကာများ ကပ်ပေးခြင်းများ ပြုလုပ်ပေးခဲ့ကြသည်။

ယာဉ်မောင်းနှင်စဉ် ခါးပတ်ပတ်ထားရန်၊ လက်ကိုင်ဖုန်းမပြောရန်၊ သတ်မှတ်ယာဉ်ကြောမှသာ မောင်းနှင်ရန်၊ မူးလျှင်မမောင်းရန်၊ မောင်းလျှင်မမူးရန်၊ ယာဉ်အချင်းချင်း ပြိုင်မမောင်းရန်၊ လုမမောင်းရန်စသည့်အချက် ငါးချက်ကို ကားလမ်းများပေါ် မောင်းနှင်သွားလာနေသော ယာဉ်မောင်းများထံ အသိပေးလှုံ့ဆော်သည့် မြန်မာနိုင်ငံ ယာဉ်/လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့၏ ရက်သတ္တပတ်ကြာ လှုပ်ရှားမှုတွင် သက်ဆိုင်ရာ နယ်မြေများရှိ ပညာရေးဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်တာဝန်ရှိသူများနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၊ ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းရှင်ကြီးများ ကူညီပံ့ပိုးမှုရှိသည်ဟု သိရသည်။

နိုဝင်ဘာ ၁၁ ရက်တွင် အထက(၂) လသာမြို့နယ်အနီး ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင် အထက(၆)အနီး အနော်ရထာလမ်း၊ အလုံ အထက(၄)အနီး အောက်ကြည့်မြင်တိုင်လမ်း၊ ဒဂုံ အလက(၁) အနီး ပြည်လမ်း၊ ကျောက်တံတား အထကအနီး ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင် အထက(၄)အနီး မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင် အထက(၂)အနီး ကမ်းနားလမ်းတို့တွင် ယာဉ်/လမ်းအန္တရာယ်ကင်းရှင်းရေး အသိပေးပညာပေးလှုံ့ဆော်မှု ပြုလုပ်ခဲ့သည်ဟု သိရသည်။ ကျန်ခြောက်ရက်တို့တွင် လှိုင်သာယာ၊ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ ဒဂုံ(တောင်)၊ ဒဂုံ(မြောက်)၊ သာကေတ၊ မရမ်းကုန်း၊ အင်းစိန်၊ တာမွေ၊ သဃ်န်းကျွန်း၊ ကမာရွတ်၊ မင်္ဂလာဒုံ၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ လှိုင်၊ ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊ ဗဟန်းစသည့် မြို့နယ်များ အတွင်းရှိ ကားလမ်းမများပေါ်တွင် ဆက်လက် လုပ်ဆောင်မည်ဟု သိရသည်။

ယာဉ်မဆင်မခြင်မောင်းနှင်မှုနှင့် အရှိန်ပြင်းမောင်းနှင်မှုတို့ကြောင့် မန္တလေးတိုင်းဒေသကြီးရှိ ၂၈ မြို့နယ်တွင် ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၁၀ လတာ ကာလအတွင်း လူ ၅၅၀ ကျော်သေဆုံးခဲ့ပြီး မန္တလေးခရိုင် ခြောက်မြို့နယ်တွင် ၃၂၄ ဦးသေဆုံးခဲ့သည်။ ယခင်နှစ် အလားတူကာလအတွင်း မန္တလေးခရိုင် ခြောက်မြို့နယ်တွင် ယာဉ်မတော်တဆမှုကြောင့် လူ ၂၃၄ ဦးရှိရာမှ ယခုနှစ်တွင် ၉၀ ပိုမိုသေဆုံးမှု ရှိလာသည်ဟု နိုဝင်ဘာ ၁၁ ရက်နေ့ထုတ် မီဒီယာများတွင် ဖော်ပြထားသည်။

သို့ဖြစ်ရာ ကားလမ်းမများပေါ် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလှုံ့ဆော်မှုများ ပြုလုပ်ရန် လိုအပ်နေချိန် ရန်ကုန်မြို့ရှိ ကားလမ်းမများတွင် ယာဉ်/လမ်းအန္တရာယ်ကင်းရှင်းရေး လှုံ့ဆော်လှုပ်ရှားသည့် ရက်သတ္တပတ်အဖြစ် မြင်တွေ့လာရရာ ယာဉ်မောင်းများအတွက်သာမက လမ်းအသုံးပြုသူများပါ အကျိုးရှိစေနိုင်သည်ဟု အိမ်စီးယာဉ်ပိုင်ရှင် လမ်းမတော်မြို့နယ်နေ ဦးလှဦးက ပြောသည်။ **(မောင်စေအောင်)**

**မီးသတိပြု**



# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

**တပ်ကုန်း နိုဝင်ဘာ ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကင်မွန်းတန်းကျေးရွာအုပ်စု ကင်မွန်းတန်းကျေးရွာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူး၍ ကျေးလက်ဒေသခံပြည်သူများ အသက်မွေးဝမ်းကျောင်းအထောက်အကူဖြစ်စေရန် ရည်ရွယ်ဖွင့်လှစ်သည့် ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း(၆/၂၀၁၆)သင်တန်းကို နိုဝင်ဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နေခြည်ဇာဝေက သင်တန်းဖွင့်အမှာစကား ရှင်းလင်းပြောကြားခဲ့သည်။ သင်ကြားပို့ချမည့်ဘာသာရပ်များမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းရပ်များ၊ လူထုဗဟိုပြု စီမံကိန်း(CDD)၊ ကျေးရွာမြစိမ်းရောင်စီမံကိန်း၊ သီးနှံမျိုးစုံစိုက်ပျိုးနည်းနှင့် ပိုးသတ်ဆေးသုံးစွဲနည်း၊ သီးနှံမျိုးကောင်းမျိုးသန့်ထုတ်လုပ်နည်း၊ ကျွဲ၊ နွား၊ ဆိတ်၊ ဝက် မွေးမြူရေးနှင့် ကာကွယ်စောင့်ရှောက်နည်း၊ လမ်းတံတား၊ ရေပေးရေး၊ မီးလင်းရေးတို့ကို သင်တန်းသား ၂၂ ဦးဖြင့် သင်တန်းကာလမှာ တစ်ပတ်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင် (ပြန်/ဆက်)**

# စာရိတ္တမဏ္ဍိုင်ကို ထိန်းသိမ်းနိုင်၍ ရွှေမန်းသူယာဉ်လိုင်းမှ ယာဉ်မောင်းနှင့် ယာဉ်အကူတို့အား ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ်ရွေးချယ်




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အောက်တိုဘာလရဲ့ ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်ခဲ့သည့်အတွက် မိမိတို့နှစ်ယောက်သာမက ဌာနအဖွဲ့အစည်းအတွက်ပါ "ဝမ်းသာဂုဏ်ယူမဆုံးဖြစ်ရပါတယ်"ဟု ချီးကျူးဂုဏ်ပြုခံရသူ သယ်န်းကျွန်းမြို့နယ် သုဝဏ္ဏတွင်နေထိုင်သည့် ရွှေမန်းသူအဝေးပြေးခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းမှ ယာဉ်မောင်း ဦးမျိုးသန့်က ပြောပါတယ်။

ယာဉ်မောင်း ဦးမျိုးသန့်နဲ့ ယာဉ်အကူ ဦးမောင်မောင်တို့ နှစ်ဦးစလုံးကို စက်တင်ဘာလအတွင်းက ၎င်းတို့၏ကားအတွင်း သန့်ရှင်းရေးလုပ်ရင်းတွေ့ရှိခဲ့သည့် သိန်းပေါင်းတစ်ထောင်နီးပါးနှင့် ညီမျှသော အမေရိကန်ဒေါ်လာ ရှစ်သောင်းကို လိုချင်တပ်မက်မှုမရှိဘဲ ယာဉ်ငှားရမ်းအသုံးပြုခဲ့သည့် ပရဟိတအဖွဲ့၏ ခေါင်းဆောင်ဖြစ်သူထံ ချက်ချင်းအကြောင်းကြားကာ ပိုင်ရှင်ဖြစ်သူ ကိုရီးယားနိုင်ငံသား မစ္စတာဘတ်ချူးချူး ထံသို့ ပြန်လည်ပေးအပ်ခဲ့သည့်အတွက် ယခုကဲ့သို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ချီးကျူးဂုဏ်ပြုခဲ့တာပါ။

"အဲဒီနေ့က ဇူလိုင် ၁၅ ရက်နေ့။ သူတို့ ကားငှားတဲ့ သုံးရက်မြောက်နေ့ဖြစ်မယ်ဗျ။ မနက် ၉ နာရီကျော်လောက်မှာ ခရီးသည်တွေဆင်းသွားတော့ ကျွန်တော်တို့နှစ်ယောက်လက်ဖက်ရည်သောက်ပြီး ကားသန့်ရှင်းရေးလုပ်တော့ အဲဒီပိုက်ဆံအိတ်တွေ့တာပဲ၊ နိုင်ငံခြားသားတွေက အများကြီးဆိုတော့ ကျွန်တော့်ယာဉ်အကူက ဘယ်သူ့ဟာမှန်းလည်း မသိဘူး။ ဒါနဲ့ စကားပြန် မအေးသန္တာဦးဆိုတဲ့သူကို ပြန်ပေးခဲ့တယ်။ သူတို့ပိုက်ဆံဘယ်လောက်ရှိလဲ ကျွန်တော်တို့ ရေတွက်မကြည့်ခဲ့မိဘူး"လို့ ယာဉ်မောင်း ဦးမျိုးသန့်က ပြောပါတယ်။

ရန်ကုန်တိုင်းဒေသကြီး ရွှေမန်းသူအဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိတဲ့ ယာဉ်မောင်း ဦးမျိုးသန့်နှင့် ယာဉ်အကူ ဦးမောင်မောင်တို့ နှစ်ဦးစလုံးဟာ ၎င်းတို့မောင်းနှင်တဲ့ ခရီးသည်ပို့ဆောင်ရေးယာဉ်အမှတ် 1L /4506 နဲ့ ဦးအောင်ကိုကိုနှင့် နိုင်ငံခြားသားများပါဝင်သည့်ပရဟိတအဖွဲ့အား စက်တင်ဘာ ၁၃ ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြို့အတွင်း ခရီးစဉ်များကို လိုက်ပါပို့ဆောင်ခဲ့တယ်လို့ သိရပါတယ်။

"ကျွန်တော်တို့ အခုလို ဂုဏ်ပြုခံရမယ်ဆိုတာ နှစ်ယောက်လုံး ကြိုမသိခဲ့ဘူး။ ညက စနာရီလောက်မှာ တောင်ကြီးခရီးစဉ်ထွက်ခဲ့တယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ဆီကို ဗိုလ်မှူးကြီး စံလင်းက ဖုန်းဆက်တယ်။ အဲဒီတော့မှ သိတာ။ မနက်ကလည်း ဒါရိုက်တာကြီးက လှမ်းပြီးဖုန်းနဲ့ ဂုဏ်ပြုစကား ပြောတယ်"လို့ယာဉ်မောင်း ဦးမျိုးသန့်က ပြောပါတယ်။

မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက်၊ ရွှေမန်းသူအဝေးပြေးခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းမှ အောက်တိုဘာလက ပြုလုပ်တဲ့ ဝန်ထမ်းများ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားမှာ ယာဉ်မောင်း ဦးမျိုးသန့်နဲ့ယာဉ်အကူ ဦးမောင်မောင်တို့ နှစ်ဦးကို ဆုငွေများ ချီးမြှင့်ခဲ့တယ်လို့ သိရပါတယ်။

"ခရီးသည်တွေရဲ့ပစ္စည်းတွေကို အခုလို ပြန်ပေးတယ်ဆိုရင် ရွှေမန်းသူယာဉ်လိုင်းက ဝန်ထမ်းအချင်းချင်း အတုယူနိုင်အောင် ဝန်ထမ်းတွေ တွေ့ဆုံတဲ့ ဒါဘာမှာ ဆုပေးတယ်။ ဒီနိုင်ငံခြားသား ပိုက်ဆံကိုပြန်ပေးတဲ့ဖြစ်စဉ်မှာလည်း ၁၀ လပိုင်းက ယာဉ်မောင်းကို နှစ်သိန်း၊ ယာဉ်အကူကို တစ်သိန်းဆုချီးမြှင့်ခဲ့ပါတယ်" လို့ ရွှေမန်းသူ အဝေးပြေးခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းမှ အထွေထွေမန်နေဂျာ ဦးစိုးတင့်က ပြောပါတယ်။

ရွှေမန်းသူအဝေးပြေးခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းအနေဖြင့် ယာဉ်လိုင်းတွင် တာဝန်ထမ်းဆောင်နေသည့် ယာဉ်မောင်း၊ ယာဉ်အကူနှင့် ယာဉ်ကြီးကြပ်များအား စည်းကမ်းသတ်မှတ်ချက်များ ထုတ်ပြန်ပေးထားပြီး ခရီးသည်များ၏ မေ့ကျန်ပစ္စည်းများကို ယာဉ်ပေါ်တွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများက ပြန်လည် ပေးအပ်လေ့ရှိတယ်လို့ အထွေထွေ မန်နေဂျာထံမှ သိရပါတယ်။

"ကျွန်တော်တို့ဆီက လူကြီးတွေကလည်း ပစ္စည်းတွေ့ရင်ပြန်ပေးဖို့ အမိန့်တွေ၊ ညွှန်ကြားချက်တွေ ထုတ်ပြီးသားပါ။ ခရီးသည်ရဲ့ ပစ္စည်းတွေ့ရင် လုံခြုံရေးအပ်ဖို့ လူကြီးတွေရဲ့ လမ်းညွှန်ချက်နဲ့အညီ ကျွန်တော်တို့ ယာဉ်မောင်းတွေ အားလုံး လိုက်နာဆောင်ရွက်ပါတယ်" လို့ ယာဉ်မောင်း ဦးမျိုးသန့်က ပြောပါတယ်။

ကိုယ်ကျင့်တရား စာရိတ္တနဲ့ ပတ်သက်ပြီး ကောင်းမွန်ဖို့အတွက် ရွှေမန်းသူယာဉ်လိုင်းမှ တစ်နှစ်နှစ်ကြိမ် ဆုများချီးမြှင့်လေ့ရှိပြီး လပတ်အစည်းအဝေးနှင့် နှစ်ပတ်လည် အခမ်းအနားများမှာ ဆုများပေးအပ်လေ့ရှိတဲ့အတွက် ယခုနှစ်ပတ်လည်တွင်လည်း ဦးမျိုးသန့်နှင့် ဦးမောင်မောင်တို့အား ထပ်မံဂုဏ်ပြုသွားမှာဖြစ်တယ်လို့ ရွှေမန်းသူယာဉ်လိုင်းမှ အထွေထွေမန်နေဂျာထံမှသိရပါတယ်။

ယာဉ်မောင်း ဦးမျိုးသန့်မှာ ယခင်က တပ်မတော်တွင် တပ်ကြပ်ကြီးရာထူးဖြင့် ၁၆ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အားကစားဝန်ကြီးဌာန၊ ထိုမှတစ်ဆင့် ၂၀၀၅ ခုနှစ်တွင် ရွှေမန်းသူယာဉ်လိုင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပြီး ယာဉ်အကူ ဦးမောင်မောင်နှင့် နှစ်ပေါင်းများစွာ စိတ်တူကိုယ်တူ လက်တွဲလုပ်ဆောင်ခဲ့ကြတယ်လို့ ၎င်းက ပြောပါတယ်။

"ကျွန်တော့်အမျိုးသမီးက ဆုံးသွားပါပြီ။ ရွှေမန်းသူမှာ အလုပ်စဝင်တာ ၂၀၀၆ ထဲကပါ။ ဆရာဦးမျိုးသန့်နဲ့ လက်တွဲလာတာကြာပါပြီ။ အခုလို ဂုဏ်ပြုခံရတဲ့အတွက် ဝမ်းသာပါတယ်။ အားလုံးကိုလည်း ကျွန်တော်တို့လိုရစေချင်ပါတယ်"လို့ မင်္ဂလာဒုံဝါယာလက်တွင် နေထိုင်သည့် ယာဉ်အကူ ဦးမောင်မောင်က ပြောပါတယ်။

ထို့အပြင် ယာဉ်အကူ ဦးမောင်မောင်မှာလည်း ခရီးသည်များ ကျန်ရစ်ခဲ့သည့် ပစ္စည်းများအား မကြာခဏဆိုသလို ပြန်လည်ပေးအပ်ခဲ့ဖူးတယ်လို့ လုပ်ဖော်ကိုင်ဖက် ယာဉ်မောင်း ဦးမျိုးသန့်က ပြောပါတယ်။

ဒီမိုကရေစီအသွင်ကူးပြောင်းရေးခရီးကို လျှောက်လှမ်းရာတွင် မြန်မာ့လူ့ဘောင် အဖွဲ့အစည်း၏ စာရိတ္တမဏ္ဍိုင် ခိုင်မာစေရန်မှာလည်း အရေးကြီးလှပါတယ်။ ထိုသို့ခိုင်မာစေရန်အတွက် နိုင်ငံသူ နိုင်ငံသားတို့ စံနမူနာပြုအပ်သော နိုင်ငံသားများ ထွက်ပေါ်လာရေး ချီးကျူးလေးစားဖွယ်ရာကောင်းသော လုပ်ဆောင်ချက်များပေါ်ထွက်လာရေးသည် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ အပြောင်းအလဲအတွက် အထူးပင်အရေးပါလှသည့်အတွက် စာရိတ္တမဏ္ဍိုင်ကို ထိန်းသိမ်းနိုင်သည့် ရွှေမန်းသူယာဉ်လိုင်းမှ ယာဉ်မောင်း ဦးမျိုးသန့်နှင့် ယာဉ်အကူ ဦးမောင်မောင်တို့အား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ ဂုဏ်ပြုချီးမြှင့်ခဲ့ပြီဖြစ်ပါတယ်။

ဗန္ဓုလသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက်၊ ရွှေမန်းသူယာဉ်လိုင်းမှ အထွေထွေမန်နေဂျာ ဦးစိုးတင့်က ပစ္စည်းပြန်ပေးတဲ့ဖြစ်စဉ်တွေဟာ တစ်ဦးချင်းစီရဲ့ ကိုယ်ကျင့်တရားနဲ့ပဲ သက်ဆိုင်တာဖြစ်ပေမယ့် ၎င်းတို့ ယာဉ်လိုင်းထက်အစစအရာရာ ပိုမိုကောင်းမွန်တဲ့ ယာဉ်လိုင်းများကြားထဲတွင်မှ ရွှေမန်းသူယာဉ်လိုင်းမှ ဝန်ထမ်းများက "ရိုးသားတယ်၊ ပစ္စည်းပြန်ပေးတယ်၊ အကျင့်စာရိတ္တကောင်းတယ် ဆိုတဲ့အတွက် နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ဂုဏ်ပြုခံရတာဆိုတော့ ကိုယ့်ယာဉ်လိုင်းက ပိုပြီးဂုဏ်တက်လာလိမ့်မယ်လို့ ထင်ပါတယ်" လို့ပြောပါတယ်။ ။

**သတင်းဆောင်းပါး-သီသီမင်း**
**ဓာတ်ပုံ-မင်းသစ်**

# မြန်မာ့အလိုအလျောက် ကုန်ပစ္စည်းရှင်းလင်းရေးစနစ် (MACCS) နိုဝင်ဘာ ၁၂ ရက်တွင် စတင်အသုံးပြု

**ရန်ကုန် နိုဝင်ဘာ ၁၂**

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုလုပ်ငန်းစဉ်များ ပိုမိုသွက်လက်လွယ်ကူချောမွေ့စေရေးအတွက် ဂျပန်နိုင်ငံအစိုးရ၏ ဘဏ္ဍာရေးအကူအညီ (Grant Aid)ဖြင့် အကောက်ခွန်ဦးစီးဌာနတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော Myanmar Automated Cargo Clearance System (MACCS) စနစ် နိုဝင်ဘာ ၁၂ ရက်မှ စတင်ကာ အသုံးပြု ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

MACCS စနစ်တွင် ကုန်သွယ်မှုလုပ်ငန်းစဉ်တစ်လျှောက် ဆက်စပ်ဆောင်ရွက်လျက်ရှိသည့် အစိုးရဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သွားမည်ဟု နိုဝင်ဘာ ၁၂ ရက် နံနက်က ရန်ကုန်မြို့ ကမ်းနားလမ်းရှိ အကောက်ခွန်ရုံးတွင် ပြုလုပ်ခဲ့သော အဆိုပါစနစ် စတင်အသုံးပြုမှု ဖွင့်ပွဲအခမ်းအနားမှ သိရသည်။

ယင်းစနစ်ကို စတင်အသုံးပြုချိန်မှစ၍ သွင်းကုန်၊ ထုတ်ကုန်ရှင်းလင်းရေးလုပ်ငန်းများကို အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် အချိန်ကုန်သက်သာခြင်း၊ လွယ်ကူလျင်မြန်လာခြင်း၊ ကုန်သွယ်မှုလုပ်ငန်းစဉ်နှင့် ပတ်သက်သည့် ကုန်ကျစရိတ်များ လျှော့ချနိုင်ခြင်း၊ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေခြင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဟုMACCS ဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းသန့်က ရှင်းပြသည်။



"Manual စနစ်ကနေ Digital စနစ်ပြောင်းတာဆိုတော့ အရင်ကရုံးလာရပြီး စာရွက်စာတမ်းတွေနဲ့ လုပ်နေရတာကနေ ဒီစနစ်အသုံးပြုတဲ့အတွက် အွန်လိုင်းကနေ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ စတင်အသုံးပြုဆောင်ရွက်ချိန်မှာ စနစ်နဲ့ပတ်သက်ပြီး မကျွမ်းကျင်သေးတဲ့အခါ အခက်အခဲတွေရှိနိုင်ပေမယ့် ကျွမ်းကျင်လာတဲ့အခါမှာ အတော့်ကို မြန်ဆန်အကျိုးရှိစေမှာဖြစ်ပါတယ်။ နိုင်ငံတကာမှာ အသုံးပြုနေတဲ့ စံနှုန်းတွေဖြစ်ပြီး အင်မတန်တိကျတဲ့ ဂျပန်နည်းပညာနဲ့ ဆောင်ရွက်ခဲ့တာဖြစ်တဲ့အတွက် ကုန်သွယ်မှုလုပ်ငန်းစဉ်တွေ လွယ်ကူမြန်ဆန်ချောမွေ့လာစေမှာပါ"ဟု ၎င်းက ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါစနစ်ကို နိုဝင်ဘာ ၁၂ ရက်မှ စတင်ကာ ရန်ကုန်ဧရိယာအတွင်း၌ (သီလဝါအထူးစီးပွားရေးဇုန် အပါအဝင်) အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်ဧရိယာအတွင်း၌ တည်ငြိမ်မှုရရှိပြီးပါက ၂၀၁၈ ခုနှစ်နောက်ပိုင်းတွင် နယ်စပ်ဒေသများသို့ပါ တိုးချဲ့အသုံးပြုနိုင်ရေးစီစဉ်ဆောင်ရွက်သွားမည်ဟု သိရသည်။

**သတင်း-ဝဝ၁၊ ဓာတ်ပုံ- ခင်မောင်ဝင်း**

# သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၌ သာမညဖလအခါတော်နေ့ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၂**

ရန်ကုန်မြို့ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၌ နိုဝင်ဘာ ၁၄ ရက် နံနက် ၇ နာရီတွင် စေတီတော်ပရိဝုဏ်ရှိ အာရုံခံတန်ဆောင်းအပေါ်ထပ် ခန်းမဆောင်၌ တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့ အထိမ်းအမှတ်အဖြစ် ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်း (၂၁)သင်းမှ အသင်းသားအသင်းသူများက ရဟန်းပြုရခြင်းအကျိုးတရားနှင့် စပ်လျဉ်းသည့် သာမညဖလသုတ္တန် တရားတော်ကို ပါဠိ-မြန်မာတို့ဖြင့် စုပေါင်းရွတ်ဆိုပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။

**ကိုချစ်**

# ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ပြည်နယ်ဝန်ကြီး မောင်တောမြို့နယ်အတွင်း ကြည့်ရှုစစ်ဆေး

**မောင်တော နိုဝင်ဘာ ၁၂**

နယ်မြေအေးချမ်းတည်ငြိမ်လာပြီဖြစ်သည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် အဖွဲ့သည် ယနေ့တွင် မောင်တောမြို့နယ်အတွင်း မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုပျက်စီးနေမှုများနှင့် မောင်တော- တောင်ပြိုလက်ဝဲလမ်း၊ တံတားများအခြေအနေတို့ကိုလိုက်လံကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးနှင့် အဖွဲ့သည် နံနက်ပိုင်းတွင် မောင်တောမြို့နယ် ကြိမ်ချောင်းကျေးရွာ၌ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုပျက်စီးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကြိမ်ချောင်း - ဗန္ဓုလ ကားလမ်းကိုကြည့်ရှုစစ်ဆေးရာ ယင်းလမ်းကြောင်းပေါ်ရှိ ဝက်ကျိန်းတံတားတွင် ချောင်းရေတိုက်စားမှုကြောင့် တံတားချဉ်းကပ်လမ်း ယိုယွင်းပျက်စီးနေမှုကိုကြည့်ရှုပြီး အမြန်ပြုပြင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ မောင်တော- တောင်ပြိုလက်ဝဲကားလမ်းကို ကြည့်ရှုစစ်ဆေးစဉ် လမ်းခရီး၌ တာရိန်းကျေးရွာနေ မြို့တိုင်းရင်းသားလူမျိုးများ ဒေသထွက်သီးနှံများ လှည့်လည်ရောင်းချနေမှုကို ကြည့်ရှုပြီး အသက်မွေးဝမ်းကျောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုအခြေအနေကို ရင်းရင်းနှီးနှီးတွေ့ဆုံမေးမြန်းသည်။

ယင်းနောက် တောင်ပြိုလက်ဝဲမြို့ရှိ မြန်မာ - ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်ခြား နယ်နိမိတ်တံတားကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နတ်မြစ်ကြောင်းတွင် မြစ်ရေတိုက်စားမှုကြောင့် မြန်မာနိုင်ငံဘက်ခြမ်း၌ မြစ်ကမ်းပါးပြိုကျပျက်စီးနေမှုကို ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ညွှန်ကြားရေးမှူး ဦးမောင်မောင်နိုင်က မြစ်ကြောင်းအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ညနေပိုင်းတွင် ကျီးကန်းပြင်နယ်ခြားစောင့် ကွပ်ကဲမှုဌာနချုပ်အတွင်းရှိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါစက်ရုံမှာ ၂၀၀၈ခုနှစ်တွင် စတင်လည်ပတ်ခဲ့ပြီး ၅၀ ကီလိုဝပ်နှင့် ၁၈ ကီလိုဝပ် ဂျင်နရေတာနှစ်လုံးဖြင့် နယ်ခြားစောင့်ဌာနချုပ်အတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာထုတ်လုပ်ပေးနိုင်ခဲ့သည်။ လက်ရှိတွင် အကြီးစားပြင်ဆင်မှုများ ပြုလုပ်ရန်လိုအပ်လျက်ရှိပြီး လျှပ်စစ်ဓာတ်အားအပြည့်အဝ ထုတ်လုပ်နိုင်မှုမရှိကြောင်းသိရသည်။

ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းက မောင်တောမြို့သို့ ရောက်ရှိပြီး နတ်မြစ်ကြောင်းအခြေအနေကို ရေယာဉ်များဖြင့် သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ ကျီးကန်းပြင် နယ်ခြားစောင့်ကွပ်ကဲမှုဌာနချုပ်အတွင်းရှိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ နတ်မြစ်ကြောင်းတွင် မြစ်ရေတိုက်စားမှုကြောင့် မြန်မာနိုင်ငံဘက်ခြမ်း၌ မြစ်ကမ်းပါးပြိုကျပျက်စီးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# မောင်တောမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းစဉ် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများနှင့် ထိတွေ့တိုက်ပွဲဖြစ်

**နေပြည်တော် နိုဝင်ဘာ ၁၂**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်များအတွင်း နယ်ခြားစောင့် ရဲတပ်ဖွဲ့စခန်းများအား အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက အကြမ်းဖက် စီးနင်းတိုက်ခိုက်သူများက ဝင်ရောက်စီးနင်းတိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီး တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့် ရဲတပ်ဖွဲ့များက အဆိုပါ နယ်မြေများအတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ ခိုအောင်နေထိုင်မှု မရှိစေရေးနှင့် နယ်မြေဒေသ လုံခြုံအေးချမ်းရေးအတွက် နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်စဉ် ယနေ့နံနက် ၆ နာရီ ၄၅ မိနစ်ခန့်က မောင်တောမြို့နယ် မယင်းတောင်ကျေးရွာအနီး၌ လက်နက်ငယ်နှင့် ဓားလှံ၊ မှိန်းလက်နက် ကိုယ်စီကိုင်ဆောင်ထားသည့် အကြမ်းဖက်စီးနင်း တိုက်ခိုက်သူ ၆၀ ခန့်နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ရာ မိမိစစ်ကြောင်းမှ ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အကြမ်းဖက် စီးနင်းတိုက်ခိုက်သူများသည် ကျေးရွာ၏ အနောက်တောင်ဘက် ဂွဆုံကျေးရွာဘက်သို့ ဆုတ်ခွာထွက်ပြေးသွားသည်။

ဖြစ်စဉ်တွင် အောက်တိုဘာ ၉ ရက် ကျီးကန်းပြင် နယ်ခြားစောင့် ရဲကွပ်ကဲမှု ဌာနချုပ်မှ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ ယူဆောင်သွားသည့် ဘီအေ ၉၄ သေနတ် တစ်လက်၊ ဆက်စပ်ခဲယမ်းပစ္စည်းများနှင့် အတူ အလောင်း ခြောက်လောင်းရရှိခဲ့ပြီး စစ်သည်တစ်ဦး တိုင်းပြည်အတွက် အသက်ပေးလှူကာ အရာရှိ၊ စစ်သည်အချို့ဒဏ်ရာရရှိခဲ့သည်။

ဆက်လက်၍ အဆိုပါစစ်ကြောင်းမှ နယ်မြေဆက်လက်ရှင်းလင်းရာ နံနက် ၁၀ နာရီခွဲအချိန်ခန့်တွင် ပွင့်ဖြူချောင်းကျေးရွာသို့အရောက် ကျေးရွာတွင်းမှ လက်နက်ငယ်များဖြင့် ပစ်ခတ်သဖြင့် တပ်မတော်စစ်ကြောင်းက ပစ်ခတ်ရှင်းလင်းရာ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများက ပွင့်ဖြူချောင်းကျေးရွာအား မီးရှို့၍ ဂွဆုံကျေးရွာဘက်သို့ ဆုတ်ခွာသွားခဲ့ကြောင်း ပွင့်ဖြူကျေးရွာအတွင်းမှ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများဟု ယူဆရသော ဘင်္ဂါလီအမျိုးသား ၃၆ ဦးအား ဖမ်းဆီးရရှိခဲ့ပြီး ဥပဒေအရ အရေးယူနိုင်ရေး အမှတ်(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုဌာနချုပ်သို့ ပို့ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဂွဆုံကျေးရွာသို့ ဆုတ်ခွာသွားသော အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများအား ပိတ်ဆို့ရှင်းလင်းရန် တပ်မတော်စစ်ကြောင်းမှ ချီတက်ရှင်းလင်းရာ ဂွဆုံကျေးရွာအနီးတွင် လက်နက်ငယ်နှင့် ဓားလှံ၊ မှိန်းလက်နက် ကိုယ်စီကိုင်ဆောင်ထားသည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ အင်အား ၅၀၀ ခန့်မှ ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်ရာ တပ်မတော်စစ်ကြောင်းက အဖွဲ့ခွဲ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်သော်လည်း အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ အင်အားများပြားမှုကြောင့် တပ်မတော်(လေ)မှ အမ်အိုင် - ၂ ရဟတ်ယာဉ် နှစ်စီးဖြင့် ပစ်ကူပေးတိုက်ခိုက်ခဲ့ရာ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ ဂွဆုံကျေးရွာအတွင်းသို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ကျေးရွာအတွင်းသို့ ဆုတ်ခွာသွားသော အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများနောက်သို့ တပ်မတော်စစ်ကြောင်းများက ဆက်လက်ဝိုင်းပတ် ပိတ်ဆို့ရှင်းလင်းလျက်ရှိကြောင်းနှင့် အဆိုပါဖြစ်စဉ်၌ တပ်မတော်မှ စစ်ကြောင်းမှူး တစ်ဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ရကြောင်း သိရသည်။

**(မြဝတီ)**

# နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ လိုက်ပါလာသည့် မော်တော်ယာဉ်များအား အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများက လက်လုပ်မိုင်း ဖောက်ခွဲ၍ ချောင်းမြောင်းတိုက်ခိုက်

**နေပြည်တော် နိုဝင်ဘာ ၁၂**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ် (ကျီးကန်းပြင်)မှ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား မော်တော်ယာဉ် သုံးစီးဖြင့် ငါးခူရစခန်းသို့ပို့ဆောင်စဉ် ယနေ့နံနက် ၁၀ နာရီ ၅၅ မိနစ်ခန့်တွင် မောင်နှမ(တောင်)ရွာအဝင် ဘေလီတံတားအမှတ် ၃၈ သို့အရောက် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများက လက်လုပ်မိုင်းတစ်လုံး ဖောက်ခွဲ၍ ကားလမ်း၏ ဝဲဘက်တောင်ကုန်းမှ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် ရဲတပ်ဖွဲ့ဝင် များက ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများမှာ မြောက်ဘက်နှင့် အနောက်ဘက် သို့ ဆုတ်ခွာထွက်ပြေးသွားသည်။

ဖြစ်စဉ်တွင် လူထိခိုက်ဒဏ်ရာရရှိခြင်းမရှိဘဲ မော်တော်ယာဉ် တစ်စီး၏ နောက်ပိုင်းတွင် အနည်းငယ်ပျက်စီးသွားကြောင်း၊ ပူးပေါင်းအဖွဲ့သည် အကြမ်းဖက် စီးနင်းတိုက်ခိုက်သူများ ဆုတ်ခွာရာနောက်သို့ လိုက်လံရှင်းလင်းလျက်ရှိကြောင်း သိရသည်။

**(မြဝတီ)**

## ❒ရွှေဖုံးမှ

ရှေးဦးစွာ အမျိုးသားကန်တော်ကြီးဥယျာဉ်၏ ပင်တိုင်တီးဝိုင်းဖြစ်သော Violet တီးဝိုင်းနှင့်နိုင်ငံကျော်အဆိုတော်များက မေမြို့(သို့မဟုတ်) ပြင်ဦးလွင်သီချင်းနှင့် ပြင်ဦးလွင်မီးပုံးပျံပွဲတော်သီချင်းများ သီဆိုနေစဉ်အတွင်း ပညာရေးမိသားစုမှ ကျောင်းသူလေးများက တေးသရုပ်ဖော်ကပြဖျော်ဖြေတင်ဆက်ကြသည်။ ထို့နောက် ၂၀၁၆ခုနှစ် ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော် ဦးစီးကော်မတီနာယက မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌဒေါက်တာခင်မောင်ဌေးက ပွဲတော်ဖွင့်လှစ်ကြောင်းကြေညာ၍ စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် တက်ရောက်လာသော NGO အဖွဲ့၊ ပြိုင်ပွဲဝင်မီးပုံးပျံအသင်းများမှ မီးပုံးပျံအငယ်အလုံး၁၀၀၀ အားလွှတ်တင်ခြင်း၊ မီးအလှဆင်ထားသောမြင်းရထားပုံစံငယ်၊ နာရီစင်ပုံစံငယ်နှင့် ၂၀၁၆ ပြင်ဦးလွင်တန်ဆောင်တိုင်စာတန်းထွက်ပေါ်လာခြင်းနှင့်မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းများကို ပျော်ရွှင်ကြည်နူးစွာ ပြုလုပ်ခဲ့ကြသည်။

ဆက်လက်၍ပွဲတော်ကျင်းပရေးကော်မတီမှ စီစဉ်ထားသည့်စိန်နားပန်မီးပုံးပျံဖြင့် တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီတော်ကို မျှော်မှန်းပူဇော်သော မီးပုံးပျံကိုလွှတ်တင်ခဲ့ပြီး ပြိုင်ပွဲဝင်မီးပုံးပျံများဖြစ်ကြသော နဂါးမီး(ညမီးကျည်)၊ ပညာအလင်းမီး(စိန်နားပန်)၊ စည်းလုံးချင်းမီး( စိန်နားပန်)၊ ပြည်ထဲရေးမီး (စိန်နားပန်) စသောပြိုင်ပွဲဝင်မီးပုံးပျံများဆက်လက်လွှတ်တင်ယှဉ်ပြိုင်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ပျော်ရွှင်အောင်မြင်စည်ကားသိုက်မြိုက်စွာဖြင့် ပြီးမြောက်သွားကြောင်းသိရသည်။

**(၅၈၁)**

**မီးဖိုမီးအသုံးပြုလျှင်**

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက် ပိုမသုံးပါနှင့်။
၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့်အမိုး၊ နံရံအကြား အပူခံအကာအရံများထားပါ။
၅။ ဆီအိုးတည်ပြီး မမေ့ပါနှင့်။

# မန္တလေးမဟာမုနိဘုရားကြီးရောက် နိုင်ငံတကာခရီးသွားဧည့်သည်များ ကြေးရုပ်ကြီးများပြတိုက်ကို အားထားလေ့လာ

**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေးမြို့သို့ လာရောက်လည်ပတ်ကြသူများ မဟာမုနိဘုရားကြီးရောက်မှသာလျှင် မန္တလေးမြို့ကို ရောက်သည်ဟု ညွှန်းဆိုကြပေသည်။ မန္တလေးမဟာမုနိဘုရားကြီးတွင် လေ့လာစရာများစွာရှိသည်။ မဟာမုနိဘုရားကြီးကို ဖူးမြော်ပြီးနောက် ပတ်ဝန်းကျင်ရှိ စိတ်ဝင်စားဖွယ်ရာများစွာကို လေ့လာလေ့ရှိကြသည်။ နံ့သာသွေးသည့်နေရာ မဟာဗုဒ္ဓဝင်ပြခန်း၊ စွယ်တော်ပွားပြတိုက်၊ ခြေတော်ရာ၊ ကျောက်စာတိုက်၊ ပိဋကတ်တိုက်၊ ကြေးစည် ပြတိုက်၊ ကြေးရုပ်ပြတိုက်၊ ကြေးမောင်းကြီး၊ ခေါင်းလောင်းကြီးများ၊ မဟာမုနိသမိုင်းပြတိုက်၊ ငါးကန်၊ လိပ်ကန်များနှင့်အတူ စောင်းတန်း အသီးသီးမှ လေ့လာဖွယ်ရာများစွာရှိသည်။ထိုလေ့လာဖွယ်ရာများအတွင်းမှ ကြေးရုပ်ကြီးများပြတိုက်သို့ ဘုရားဖူးများ သွားရောက်ကာ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ပွတ်သပ်ဆုတောင်းခြင်းများပြုလုပ်ကြသည်။

ကောဇာသက္ကရာဇ် ၁၁၄၆ ခု ဘိုးတော် ဗဒုံမင်းလက်ထက်တွင် သားတော်အိမ်ရှေ့မင်းသားသည် ဓညဝတီ ရခိုင်ပြည်မှ မဟာမုနိဘုရားကြီးအား ပင့်ဆောင်ရာတွင် ထိုကြေးရုပ်ကြီးများပါ တစ်ပါတည်းယူဆောင်ခဲ့၍ ယခုတိုင်တွေ့မြင်ရခြင်းဖြစ်ပါသည်။ထိုကြေးရုပ်ကြီးများမှာ ခေါင်းသုံးလုံးရှိသောဆင်ရုပ်ကို ဧရာဝဏ်ခေါ်၍ ယိုးဒယား(ထိုင်း) အခေါ် ချန်းစမ်စင်ဟု ခေါ်သည်။ (ခ)ခြင်္သေ့ရုပ်ကို ယိုးဒယား(ထိုင်း)အခေါ် ရာဂျာစီဟဖြစ်သည်။ လူပုံကြေးရုပ်တစ်ရုပ်မှာ ရှစ်ပေဖြစ်၍ကျန်တစ်ရုပ်မှာ ခုနစ်ပေရှိပြီး မြန်မာအခေါ် ဒေဝနတ်ရုပ်များ ဖြစ်ပါသည်။ ယိုးဒယား(ထိုင်း) အခေါ်ထေဝဟုခေါ်ပြီး ထိုနတ်ရုပ်များအား ရောဂါရှိသူများက သက်ဆိုင်ရာ ဝေဒနာခံစားရသည့် အစိတ်အပိုင်းအား ပွတ်တိုက်ဆုတောင်းလျှင် ရောဂါပျောက်ကင်းကြောင်း ယုံကြည်ကြသဖြင့် ဘုရားဖူးများဆုတောင်းလေ့ရှိကြောင်း သိရသည်။ ယင်းအပြင် ကြေးရုပ်ကြီးများ သမိုင်းကိုလည်း ပြည့်စုံစွာရေထိုးထားသည်။



လက်ရှိကာလတွင် နိုင်ငံတကာခရီးသွားဧည့်သည်များ မဟာမုနိဘုရားကြီးသို့ လာရောက်မှုများပြားလျက်ရှိပြီး ခရီးသွားဧည့်သည်များမှာ ကြေးရုပ်ကြီးများပြတိုက်ကို အားထားလေ့လာကြကြောင်း သိရသည်။

**နွေနဒီ(မြစ်ငယ်)**

# ကျောင်းတက်၊ ကျောင်းဆင်းချိန်များတွင် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေး ကူညီဆောင်ရွက်

**ညောင်ဦး နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စခန်းမှ ဒုတိယရဲမှူးခင်မောင်ချို၏ ကြီးကြပ်ညွှန်ကြားမှုဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာတာဝန်ရှိသူများအဖွဲ့နှင့် ပူးပေါင်းကာ ညောင်ဦးမြို့နယ်အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက ညောင်ဦးမြို့ မြို့မအခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်စေရန် ရည်ရွယ်၍ ကျောင်းဖွင့်ရက်များ၌ ကျောင်းတက်ချိန်နှင့် ကျောင်းဆင်းချိန်များတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ညောင်ဦးမြို့ မြို့မအခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားနေရသည့် ကျောင်းသား ကျောင်းသူများ ကျောင်းတက်ချိန်နှင့် ကျောင်းဆင်းသည့်အချိန်များတွင် ယာဉ်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် ညောင်ဦးမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စခန်းမှ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ကျောင်းဖွင့်ရက်တိုင်း အလှည့်ကျစနစ်ဖြင့် လာရောက်ပြီး ကူညီဆောင်ရွက်ပေးနေကြောင်း ကျောင်းလာကြိုသည့် ကျောင်းသားမိဘတစ်ဦးက ပြောသည်။

“ကျွန်တော်တို့ ညောင်ဦးမြို့ မြို့မအခြေခံပညာ အထက်တန်းကျောင်းမှာ တက်ရောက်ပညာသင်ကြားနေတဲ့ ကျောင်းသား ကျောင်းသူလေးတွေ ကျောင်းသွား၊ ကျောင်းပြန်သွားလာရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အခုလိုပဲ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တွေက ကျောင်းဖွင့်ရက်တိုင်း အလှည့်ကျလာရောက် ကူညီဆောင်ရွက်ပေးနေပါတယ်။ ကျွန်တော်တို့ ကျောင်းသားမိဘတွေအနေနဲ့ အခုလို ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တွေက ယာဉ်အန္တရာယ်ကင်းရှင်းအောင်လာရောက်ကူညီပေးတာမြင်ရတော့ ဝမ်းသာပီတိဖြစ်မိပါတယ်။ ဒါ့အပြင် ကျောင်းသားမိဘတွေကလည်း ကိုယ့်သားသမီးကို စိတ်မချလို့ အကြိုအပို့ ဆောင်ရွက်ပေးတော့ ကျောင်းသား ကျောင်းသူလေးတွေ အတွက်ပိုပြီး စိတ်အေးရပါတယ်”ဟု ညောင်ဦးမြို့ပေါ်မှ ဒေသခံတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**





# မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ စက်ဘီးစီးပြိုင်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၂**

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ စက်ဘီးစီးပြိုင်ပွဲကို ယနေ့ နံနက် ၆ နာရီက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး တိုင်းပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက သေနတ်ပစ်ဖောက်တာလွှတ်ပေးသည်။

ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့သည်။ အဆိုပါစက်ဘီးစီးပြိုင်ပွဲသို့ ချမ်းမြသာစည်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့မှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၈၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

# မိုးရွာသွန်းမှုကြောင့် ပဲမျိုးစုံစိုက်ခင်းများ ဧက ၂၀၀ ကျော် ရေနစ်ဆုံးရှုံးမှု ထီးချိုင့်မြို့နယ်၌ဖြစ်ပေါ်

**ထီးချိုင့် နိုဝင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်၌ နိုဝင်ဘာပထမပတ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အခင်းစိုက်တောင်သူများ၏ ပဲမျိုးစုံ စိုက်ခင်းများ၊ စပါးပျိုးခင်းများ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

“မဲဇာချောင်းက တက်လာတဲ့ရေနဲ့ ဧရာဝတီမြစ်ရေဆုံပြီး တိုးလိုက်လို့ အခုလိုမြန်မြန်ဆန်ဆန်ကြီး နစ်သွားတာပါ။ ရေကျတာမြန်ရင် တချို့ တစ်ဝက်ပြန်ရနိုင်ပါတယ်။ အခုလို ရေစိမ်ကြာနေရင်တော့ ပြန်မကောင်းနိုင်တော့ပါဘူး။ ပြန်စိုက်ဖို့ဆိုရင်လည်း ရာသီက မမီနိုင်တော့လို့ သီးနှံများအတွက်နှုန်းလျော့မယ်။ မျိုးဈေးကလည်း အဆမတန်တက်လာတော့မယ်”ဟု ဝန်လိုကုန်းရွာတောင်သူတစ်ဦးက ပြောသည်။



မိုးရွာသွန်းမှုကြောင့် ထီးချိုင့်မြို့နယ် ရေဝအုပ်စုအတွင်း ကွင်းအမှတ် (၈၄၄၊ ၈၄၇)တို့တွင် စိုက်ပျိုးထားသော တောင်သူ ၉၂ ဦးတို့၏ မတ်ပဲ ၁၀၆ ဒသမ ၅၀ ဧက၊ မြေပဲ ငါးဧက၊ မြေထောက်ပဲ ၃၅ ဒသမ ၅၀ ဧက၊ စားတော်ပဲ ၆၀ ဒသမ ၅၀ ဧကနှင့် စပါးစိုက်ခင်း ၂၇ ဧက စုစုပေါင်း စိုက်ပျိုးဧက ၂၃၄ ဒသမ ၅၀ ဧက ပျက်စီးဆုံးရှုံးမှုကြောင့် တောင်သူများ စိုးရိမ်နေကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မှုခင်းပညာပေးပြခန်းယာဉ်များဖြင့် လှည့်လည်ပညာပေးခြင်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၂**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ စီစဉ်ညွှန်ကြားချက်အရ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများသည် မှုခင်းပညာပေးပြခန်းယာဉ်များဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများအား မှုခင်းကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းများတွင် ဗဟုသုတတိုးပွားစေရေးအတွက် လှည့်လည်ပြသလျက်ရှိသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိရာတွင် နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီမှ ၁၀ နာရီအထိ မကွေးမြို့ ဈေးလယ်စိုးရပ်ကွက်နှင့် မြို့မဈေး အရှေ့ဘက်တွင် ပြည်သူ ၁၃၀၀ တို့အား မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် လှည့်လည်ပညာပေးပြသခဲ့သည်။

အလားတူ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင်လည်း ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ၊ ပြည်သူ ၃၃၈ ဦးအား မှုခင်းကြိုတင်ကာကွယ်တားဆီးရေး၊ လူကုန်ကူးမှု ပပျောက်ရေးနှင့် မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးအသိပညာပေးခြင်း လုပ်ငန်းများအား မှုခင်းပညာပေးပြခန်းယာဉ်များဖြင့် လှည့်လည်ပညာပေးပြသခဲ့ပြီး မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**



# (၈၅)ကြိမ်မြောက် တောင်ငူမြို့ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော် ယခင်နှစ်ကထက် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**တောင်ငူ နိုဝင်ဘာ ၁၂**

(၈၅) ကြိမ်မြောက် တောင်ငူမြို့ နှစ်ကျိပ်ရှစ်ဆူဘုရား ဗုဒ္ဓပူဇနိယ ပွဲတော်ကို ယနေ့ညနေ ၄ နာရီက တောင်ငူမြို့ ကေတုမတီမုခ်အနီး ဗဟိုမဏ္ဍပ်၌ တောင်ငူခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပွဲတော်တွင် နှစ်ကျိပ်ရှစ်ဆူ ဘုရားများ ကိန်းဝပ်စံပယ်တော်မူရာ မဟာမုနိကေလဇာတိ ဘုရားမှ မဲပေါက်သော မြို့ပေါ်ရပ်ကွက်များသို့ ဘုရားအမှတ်အစဉ်လိုက်ပင့်ဆောင်ပြီး ယာယီစံကျောင်းတော်အတွင်း သတ်မှတ်နေရာများ၌ ခမ်းနားစွာ စနစ်တကျပူဇော်ထားရှိကာ နိုဝင်ဘာ ၁၂ ရက် ညနေ ၄ နာရီမှ စ၍ တောင်ငူမြို့တွင်းသို့ ဒေသစာရီ လှည့်လည်အပူဇော်ခံခဲ့ကြသည်။

ဒေသစာရီကြွချီသည့် အလှပြယာဉ်များသည် ဘုရားသမိုင်းဖော်ကျူးပြသကာ အပြိုင်အဆိုင် ပြင်ဆင်ထားကြသည်။ အပူဇော်ခံယာဉ်များသည် ကေတုမတီမုခ်ဦးမှ စတင်အပူဇော်ခံ အလှပြကာ ကေလစာရီဘုရားအထိ လှည့်လည်ပြသပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုများနှင့်အညီ မြတ်ဗုဒ္ဓတရားတော်များ၊ ဗုဒ္ဓဝင်တေးများ၊ တေးသီချင်းများ၊ ရှေးခေတ်ပုံစံအမျိုးမျိုးဖြင့် ဗဟိုမဏ္ဍပ်ရှိ ဒိုင်လူကြီးများ၏ရှေ့၌ ပုံစံအမျိုးမျိုးဖြင့် ပြိုင်ပွဲဝင်လျက်ရှိသည်။

ယခုနှစ်တွင် ဘုရားပူဇော်ပွဲယာဉ်များကို အကဲဖြတ်အမှတ်ပေးစည်းမျဉ်းများနှင့်အညီ အမှတ်ပေးနိုင်ရန် ဒိုင်အဖွဲ့ကိုလည်း ကျွမ်းကျင်သောပညာရှင်များဖြင့် စနစ်တကျဖွဲ့စည်းထားပြီး ပထမဆုအဖြစ် ကျပ်သိန်း၁၀၀၊ ဒုတိယဆု ကျပ် ၇၅သိန်း၊ တတိယဆု ကျပ်သိန်း၅၀၊ နှစ်သိမ့်ဆုအဖြစ် ကျပ်၂၅သိန်း သုံးဆုပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အကဲဖြတ်ဒိုင်များ၏ ရွေးချယ်မှုတွင် နှစ်ကျိပ်ရှစ်ဆူဘုရား လှည့်လည်ပင့်ဆောင်ပူဇော်ရာတွင် ကြည်ညိုဖွယ်ရာပင့်ဆောင်မှု၊ မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှု၊ အဖွဲ့ဝင်များ သိုက်သိုက်ဝန်းဝန်း လိုက်ပါကာ အတီးအမှုတ်သီဆိုမှုဖြင့် ဆောင်ရွက်မှု၊ သတ်မှတ်နေရာများတွင် စနစ်တကျပူဇော်မှု၊ ဘုရားသမိုင်းဖော်ကျူးမှုပွဲတော်နှင့်အညီ နောက်ခံကားချပ်များပြင်ဆင်ထားမှု၊ ဓမ္မပူဇာရွတ်ဖတ်ရာတွင် အသံကောင်းဆွဲဆောင်မှုရှိခြင်းတို့ကို အမှတ်ပေးစည်းမျဉ်းများနှင့်အညီ ဒိုင်အဖွဲ့က အမှတ်ပေးသွားမည်ဖြစ်ပြီး ဆုပေးပွဲကို တန်ဆောင်မုန်း လပြည့်နေ့တွင် တောင်ငူမြို့ တော်ဝင်ကေတုမတီ ဟိုတယ် ဘုရင့်နောင်ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# အင်းဝအပ်ချုပ်ဆိုင်မှ ညှဉ်းပန်းနှိပ်စက်ခံရသည့် အိမ်အကူ မိန်းကလေးနှစ်ဦးအား ငွေကျပ် ၁၀ သိန်းစီထောက်ပံ့

**ရန်ကုန် နိုဝင်ဘာ ၁၂**

အင်းဝအပ်ချုပ်ဆိုင်မှ ညှဉ်းပန်းနှိပ်စက်ခံရသည့် အိမ်အကူ မိန်းကလေးနှစ်ဦးအား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်လည်ထူထောင်ရေးစရိတ် ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်သည်။ **(အောက်ပုံ)**

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့စု (ရန်ကုန်)မှ ရဲမှူး ရဲဝင်းအောင်က“ပြည်ထဲရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်မှုနဲ့ ရန်ကုန်တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့က ညှဉ်းပန်းနှိပ်စက်ခံရတဲ့ မိန်းကလေးငယ်တွေ လူမှုရေးနစ်နာမှုအတွက် ပြန်လည်ထူထောင်ရေးလုပ်ဖို့ ပေးအပ်တာ ဖြစ်ပါတယ်။လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ရဲ့ ဘတ်ဂျက်ငွေထဲကနေ တစ်ဦးကို ၁၀ သိန်းနှုန်းထောက်ပံ့ပေးတာပါ” ဟု ပြောသည်။

အဆိုပါအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်မှ အမှာစကားပြောကြားပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးလက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသရေးတွဲဖက်ပါမောက္ခ ဒေါက်တာမျိုးမင်းဦးက ကလေးငယ်နှစ်ဦး၏ ခွဲစိတ်ကုသမှုအခြေအနေတို့အား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကိုယ်စား ရန်ကုန်တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်မှ မတရားညှဉ်းပန်းနှိပ်စက်ခံရသည့် ကလေးငယ်နှစ်ဦးဖြစ်သူ မစန်းကေခိုင်နှင့် မသဇင်တို့အား ပြန်လည်ထူထောင်ရေးစရိတ်အတွက် တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းစီကို ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ ညှဉ်းပန်းနှိပ်စက်ခံရသည့် မိန်းကလေးငယ်နှစ်ဦးသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူနေဆဲဖြစ်ပြီး ကျန်းမာရေးအခြေအနေကောင်းမွန်လျက်ရှိကာ ပိုမိုကောင်းမွန်လာပါက လူမှုဝန်ထမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးသွားမည်ဖြစ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်၊ ဒုတိယတိုင်းတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးမျိုးဆက်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

**သတင်း-သီသီမင်း၊**
**ဓာတ်ပုံ-ဖြိုး**



### ❏ ပဲခူးမြစ်ကူးမှ

အဆိုပါတံတားကြီးအား လက်ရှိ ရန်ကုန်-သန်လျင် တံတား အမှတ်(၁)အနီး ပဲခူးမြစ်အောက်ဘက် ၁၂၅ မီတာခန့်အကွာ၌ တည်ရှိပြီး သာကေတဘက်ကမ်းတွင် ဧရာဝဏ်လမ်းမကြီးကိုဖြတ်၍ သန်လျင်ဘက်ကမ်းတွင် သန်လျင်မြို့တွင်းသို့ တိုက်ရိုက်ဆက်သွယ်တည်ဆောက်မည်ဖြစ်သည်။ အဆိုပါတံတားကို JICA ၏ သဘောတူညီမှုအရ စီမံကိန်းအတွက် အသေးစိတ်ပုံစံထုတ်ခြင်းကို ဂျပန်နိုင်ငံ၏ Grant Aid အကူအညီဖြင့် ဆောင်ရွက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းကို ဂျပန်ကုမ္ပဏီများက ဆောင်ရွက်၍ တံတားတည်ဆောက်ချိန်တွင် လုပ်ငန်းကြီးကြပ်ခြင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တိုက်ရိုက်ပါဝင်ခွင့်ရရှိမည်ဖြစ်၍ မြန်မာနိုင်ငံအတွက် ခေတ်မီတံတားနည်းပညာပိုင်းဆိုင်ရာ အကျိုးကျေးဇူးများ ပိုမိုရရှိမည်ဖြစ်သည်။ ယခုဆောက်လုပ်မည့် ရန်ကုန်-သန်လျင် တံတားအမှတ်(၃)၏ စီမံကိန်းဆိုင်ရာအချက်အလက်များမှာ ပင်မတံတားအရှည် ၁၉၂၈ မီတာ၊ သာကေတဘက်ခြမ်း ချဉ်းကပ်တံတား ၅၄၇ မီတာ (Flyover Bridge)၊ သန်လျင်ဘက်ခြမ်း ချဉ်းကပ်တံတား ၁၈၈ မီတာ (On-ramp Bridge)၊ ပင်မတံတားအကျယ်မှာ ၂၄ မီတာ (လေးလမ်းသွား)ဖြစ်ကြောင်း သိရသည်။

ယင်းတံတားသစ်ကြီးနှင့်အတူ ဂျပန် ODA ချေးငွေဖြင့် လက်ရှိ သန်လျင်တံတား အမှတ်(၁) အဆင်းမှ သီလဝါစက်မှုဇုန်အထိ ဆက်သွယ်သော Thilawa Access Road Project အား Consultant လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိရာ ခရီးသွားလာမှု အဆင်ပြေချောမွေ့ မြန်ဆန်လာတော့မည်ဖြစ်သည်။ ရန်ကုန်-သန်လျင် တံတားအမှတ်(၃) ပဲခူးမြစ်ကူးတံတား တည်ဆောက်ရေးဆိုင်ရာ ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်း၊ လေ့လာမှုများ ဆောင်ရွက်နိုင်ရန်အတွက် နိုဝင်ဘာ ၁၂ ရက်က သန်လျင်မြို့ရှိ လမ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တံတားဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ကောင်းချိုက စီမံကိန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး သက်ဆိုင်သူများ၏ သိရှိလိုသည်များကို ရှင်းလင်းဖြေကြားသည်။

ယခုအခါ အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၈ ခုနှစ် ဩဂုတ်လမှ စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ မကြာမီ ပေါ်ထွန်းလာတော့မည့် ခေတ်မီလေးလမ်းသွား ရန်ကုန်-သန်လျင်တံတား အမှတ် (၃) ပြီးစီးပါက သန်လျင်-ကျောက်တန်း-သုံးခွ-ခရမ်း-တံတားမြို့နယ်များရှိ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့် လူမှုစီးပွားဘဝများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။

**သတင်းမှတ်စု - သန်းဝင်း (သန်လျင်)**

### ❂ ကျောဖုံးမှ

ပေါင်းလောင်းကွင်းအစား ဝဏ္ဏသိဒ္ဓိကွင်း၌ ပြောင်းလဲကစားမည်ဖြစ်သည်။ ယင်းကွင်းများမှာ ပရိသတ် ၃၀၀၀၀ ကျော်ဆံ့ နိုင်ငံတကာအဆင့်မီကွင်းများဖြစ်သည်။ ရန်ကုန်အသင်းသည် အိမ်ကွင်းအဖြစ် အသုံးပြုနေသည့် YUSC ကွင်းကို ပြင်ဆင်မည်ဖြစ်ပြီး အချိန်မီမပြီးစီးပါက အောင်ဆန်းကွင်းကို အိမ်ကွင်းအဖြစ် ယာယီအသုံးပြုမည်ဖြစ်သည်။ အိမ်ကွင်းအသုံးပြုမည့် အသင်းများမှာ ရတနာပုံအသင်းက (မန္တလာသီရိကွင်း၊ မန္တလေး)၊ ရန်ကုန်အသင်းက (YUSC ကွင်း၊ ရန်ကုန်)၊ ဧရာဝတီအသင်းက (ကျောက်တိုင်ကွင်း၊ ပုသိမ်)၊ ရှမ်းယူနိုက်တက်အသင်းက (တောင်ကြီးကွင်း၊ တောင်ကြီး)၊ နေပြည်တော်အသင်းက (ဝဏ္ဏသိဒ္ဓိကွင်း၊ နေပြည်တော်)၊ ရခိုင်အသင်းက (ဝေသာလီကွင်း၊ စစ်တွေ)၊ Southern အသင်းက (ကျောင်းသားကွင်း၊ မော်လမြိုင်)၊ ဟံသာဝတီအသင်းက (တောင်ငူကွင်း၊ တောင်ငူ)၊ ဇွဲကပင်အသင်းက (အောင်သံလွင်ကွင်း၊ ဘားအံ)တို့ကို အသုံးပြုမည်ဖြစ်သည်။

ပွဲစဉ်ရေးဆွဲရာတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)၏ နိုင်ငံတကာခြေစမ်းပွဲ ကစားရမည့်ရက်၊ မြန်မာ့လက်ရွေးစင်အသင်း၏ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲကစားရမည့်ရက်တွင် ပွဲစဉ်များခေတ္တရပ်နားမည်ဖြစ်ပြီး မြန်မာအသင်း ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် ပြိုင်ပွဲကို နှစ်လကျော် ရပ်နားမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ ပွဲစဉ်(၁)ကို ဇန်နဝါရီ (၁၄၊ ၁၅) ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး ထိပ်သီးနှစ်သင်းဖြစ်သည့် ရန်ကုန်နှင့် မကွေးအသင်း ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။ ပွဲစဉ်(၁)အဖြစ် ဇန်နဝါရီ ၁၄ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်နှင့် နေပြည်တော်၊ ဝေသာလီကွင်း၌ ရခိုင်နှင့် Southern၊ တောင်ငူကွင်း၌ ဟံသာဝတီနှင့် ဇွဲကပင်၊ ဇန်နဝါရီ ၁၅ ရက်တွင် YUSC၊ အောင်ဆန်းကွင်း၌ ရန်ကုန်နှင့် မကွေး၊ ကျောက်တိုင်ကွင်း၌ ဧရာဝတီနှင့် GFA၊ သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်နှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

MNL အမှတ်ပေးပြိုင်ပွဲကို ၂၀၀၉ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ရန်ကုန်အသင်းနှင့် ရတနာပုံအသင်းက လေးကြိမ်စီ ဗိုလ်စွဲထားကာ ယင်းနှစ်သင်းမှလွဲ၍ ကျန်အသင်းများ ချန်ပီယံဆု ရယူနိုင်ခြင်းမရှိသေးပေ။

**သတင်း၊ ဓာတ်ပုံ-ရှိုင်းထက်ဇော်**

### ❖ မြန်မာ-ထိုင်းမှ

ဆက်လက်၍ ပွဲကြည့်ပရိသတ် ပိုမိုစိတ်ဝင်စားလျက်ရှိသော ဖျံသွေး(မြန်မာ)နှင့် တာဝမ်ချိုင်း(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ ဒုတိယအချီ နှစ်မိနစ် ၂၀ စက္ကန့်တွင် တာဝမ်ချိုင်း(ထိုင်း)က အနားတောင်းခဲ့ပြီး တတိယအချီ တစ်မိနစ် ၄၄ စက္ကန့်တွင် ဖျံသွေး(မြန်မာ)က တာဝမ်ချိုင်း(ထိုင်း)အား အလဲထိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။

ယနေ့နောက်ဆုံးည ယှဉ်ပြိုင်ကြသည့် ရိုးရာအောင်လံဗိုလ်လုပွဲများတွင် သုထက်အောင်(ဇာနည်မောင်)နှင့် ရွှေဖားစည်(စက်ရုံ)တွဲဆိုင်း၊ ထက်အောင်ဦး (တောင်ကလေး)နှင့်ကျားပေါက်(ရန်စစ်ငြိမ်း)တွဲဆိုင်းတို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ တွဲဆိုင်းနှစ်ဆိုင်းလုံး သရေသာရရှိခဲ့ကြကြောင်း သိရသည်။ **(နေမျိုးလွင်)**

## ကောလာဟလတွေအကြားက ဟောလီဝုဒ်ကြယ်ပွင့်များ

***ယခုသီတင်းပတ်အတွင်း ဟောလီဝုဒ်မီဒီယာတွေအကြား ရေပန်းအစားဆုံး ကောလာဟလသတင်းတွေထဲက စိတ်ဝင်စားစရာအကောင်းဆုံးသတင်းတွေကို ကြေးမုံပရိသတ်အတွက် တင်ဆက်ပေးလိုက်ပါတယ်။***

### အချစ်ဟောင်းတွေအတွက် တေလာရေးတဲ့သီချင်းတစ်ပုဒ်



တေးရေးတစ်ဦးအဖြစ်အောင်မြင်ရုံသာမက အောင်မြင်တဲ့ပေါ့ပ်အဆိုတော်တစ်ဦးဖြစ်တဲ့တေလာဟာ အချစ်ရေးနဲ့ပတ်သက်လာရင် ဇာတ်လမ်းတွေများသူပါ။ သူဟာချစ်သူတစ်ဦးနဲ့ကြာကြာလက်တွဲလေ့မရှိဘဲ လမ်းခွဲကာချန်ထားတတ်တဲ့သူလည်းဖြစ်ပါတယ်။ အဲဒီလိုလမ်းခွဲပြီးပြီဆိုရင်လည်း အသည်းကွဲသီချင်းကောင်းကောင်းလေးတွေဖန်တီးတတ်သူပါ။ ယခုတစ်ကြိမ်မှာလည်း တေလာဆွစ်ရဲ့ နောက်ထွက်ရှိမယ့် ခြောက်ခုမြောက် တေးအယ်လ်ဘမ်မှာ ပါဝင်မယ့်တေးသီချင်းတွေကို ရေးသားလျက်ရှိရာ သူနောက်ဆုံးလမ်းခွဲခဲ့တဲ့ချစ်သူဟောင်းတွေ ဖြစ်ကြတဲ့ မင်းသား တွမ်ဟစ်ဒဲလ်စတန်နဲ့ ဒီဂျေပညာရှင် ကယ်လ်ဗင်ဟဲရစ်တို့ရဲ့ အကြောင်းတွေကို ရေးသားထားတဲ့ သီချင်းတွေ ပါဝင်မှာဖြစ်တယ်လို့ တေလာနဲ့ရင်းနှီးသူတစ်ဦးက ဖွင့်ဟခဲ့တာကို အီးတီအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

တေလာဆွစ်က လတ်တလောမှာ သူ့ရဲ့ခြောက်ခုမြောက်ဆိုလိုတေးအယ်လ်ဘမ်ကို ဖန်တီးလျက်ရှိပြီး ချစ်သူဟောင်း တွမ်ဟစ်ဒဲလ်စတန်နဲ့ ကယ်လ်ဗင်ဟဲရစ်တို့အကြောင်းထည့်သွင်းရေးသားထားတဲ့ သီချင်းတွေကို ရေးစပ်ပြီးဖြစ်ကြောင်းလည်း သိရပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းမှာ တေလာဟာ နောက်ဆုံးတွဲခဲ့တဲ့ချစ်သူ တွမ်ဟစ်ဒဲလ်စတန်နဲ့ လမ်းခွဲခဲ့ကာ လတ်တလောမှာတော့ ရပ်ပ်အဆိုတော်တစ်ဦးဖြစ်တဲ့ ဒရိတ်ခ်နဲ့ ဇာတ်လမ်းတွေဖြစ်နေကြောင်း ကောလာဟလတွေ ပေါ်ထွက်နေပါတယ်။ တေလာဟာ တွမ်နဲ့လက်မတွဲမီက ဒီဂျေပညာရှင် ကယ်လ်ဗင်ဟဲရစ်နဲ့ တစ်နှစ်ကျော်ကြာ လက်တွဲခဲ့ကာ ယခုနှစ် ဇွန်လအတွင်းကမှ လမ်းခွဲခဲ့တာဖြစ်ပါတယ်။ တေလာဟာ ယခုနှစ်အတွင်း သူ့ရဲ့ပထမဆုံးသောတေးဂီတဖျော်ဖြေပွဲဖြစ်တဲ့ ပြီးခဲ့တဲ့ ဖော်မြူလာဝမ်းကားပြိုင်ပွဲအတွက် ပြုလုပ်တဲ့ ဖျော်ဖြေပွဲမှာ "This Is What You Came For "တေးသီချင်းနဲ့ ဖျော်ဖြေခဲ့ရာ အဆိုပါတေးသီချင်းမှာလည်း သူ့ရဲ့ချစ်သူဟောင်း ကယ်လ်ဗင်ဟဲရစ်အတွက် ရည်ရွယ်ရေးစပ်ထားတဲ့ တေးသီချင်းဖြစ်ကြောင်းလည်း သိရပါတယ်။



### ချစ်သူရဲ့သီချင်းမှ ပိုကြိုက်သတဲ့လား

ဟောလီဝုဒ်ထိပ်တန်းမော်ဒယ်လ်တစ်ဦးဖြစ်တဲ့ ဂျီဂျီဟတ်ဒီက လတ်တလောမှာ ဗြိတိန်အမျိုးသားပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "One Direction"ရဲ့ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်တဲ့ ဇေမာလိခ်နဲ့ ချစ်သူတွေအဖြစ် လက်တွဲနေပါတယ်။ ဂျီဂျီက သူဟာ "One Direction"ရဲ့ တေးသီချင်းတွေထက် ဇေအဖွဲ့ကနုတ်ထွက်ပြီးတဲ့နောက် ပထမဆုံးထွက်ရှိခဲ့တဲ့ တစ်ကိုယ်တော်တေး အယ်လ်ဘမ်က တေးသီချင်းတွေကို ပိုနှစ်သက်ကြောင်းဖွင့်ဟခဲ့တယ်လို့ အီးတီအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဂျီဂျီဟတ်ဒီဟာ ဇေမာလိခ်နဲ့ ချစ်သူတွေအဖြစ်လက်တွဲခဲ့တာ တစ်နှစ်ကျော်ကြာသွားပြီဖြစ်ကာ ဇေရဲ့ ပထမဆုံးတစ်ကိုယ်တော်တေးအယ်လ်ဘမ် "Pillowtalk"မှာ ဂျီဂျီကိုယ်တိုင် ဇေနဲ့အတူ တွဲဖက်ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။

ဇေမာလိခ်နဲ့ ဂျီဂျီတို့ဟာ ပြီးခဲ့တဲ့နှစ်အတွင်းက ချစ်သူတွေအဖြစ် စတင်တွေ့ဆုံခဲ့ကြကာ ပေါ့ပ်အဆိုတော် ဇေမာလိခ်ဟာ အသက် (၂၁)နှစ်အရွယ် မေဘယ်လ်လင်းအလှကုန်ရဲ့ ပင်တိုင်မော်ဒယ်လ်တစ်ဦးဖြစ်တဲ့ ဂျီဂျီနဲ့ လက်မတွဲခင်မှာ ဗြိတိန်ပေါ့ပ်အဆိုတော်တစ်ဦးဖြစ်တဲ့ ပါရီအက်ဒ်ဝက်စ်နဲ့ စေ့စပ်တဲ့အထိ ခရီးတွင်ခဲ့ပြီးမှ လမ်းခွဲခဲ့ပါတယ်။ ဇေက သူငါးနှစ်ခန့်ပါဝင်လှုပ်ရှားခဲ့တဲ့ တေးဂီတအဖွဲ့ " One Direction "ရဲ့အကြောင်းတွေနဲ့ ချစ်သူဟောင်းရဲ့ အကြောင်းတွေကို မကြာမီထုတ်လုပ်ဖြန့်ချိသွားမယ့်သူ့ရဲ့စာအုပ်မှာ ထည့်သွင်းရေးသားဖော်ပြသွားမှာ ဖြစ်ကြောင်းလည်း သိရပါတယ်။

# အမေရိကန်ရွေးကောက်ပွဲအပြီး လှောင်ပြောင်ခံရမှုတွေအပေါ် အနုပညာရှင်များ ပြန်လည်တုံ့ပြန်

အမေရိကန်ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ဒီမိုကရက်သမ္မတလောင်း ဟီလာရီကလင်တန်ကို ထောက်ခံခဲ့ကြတဲ့ ဟောလီဝုဒ်ကြယ်ပွင့်တွေက ရွေးကောက်ပွဲမှာ သမ္မတလောင်း ဒေါ်နယ်ထရန့်သာ အနိုင်ရမယ်ဆိုပါက သူတို့အနေနဲ့ အမေရိကန်နိုင်ငံကနေ အပြီးအပိုင်ထွက်ခွာကာ ကနေဒါနိုင်ငံမှာ ပြောင်းရွှေ့နေထိုင်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒီလိုပြောဆိုခဲ့တာကြောင့် သမ္မတအဖြစ် ဒေါ်နယ်ထရန့် ရွေးချယ်ခံခဲ့ရကြောင်း အတည်ပြုပြီးနောက်မှာ ထရန့်ကို အားပေးတဲ့သူတွေက အဆိုပါအနုပညာရှင်တွေထံလှောင်ပြောင်စာတွေကို အွန်လိုင်းမီဒီယာတွေကနေတစ်ဆင့် ရေးသားပေးပို့ခဲ့ရာ အနုပညာရှင်တွေကလည်း ပြန်လည်တုံ့ပြန်ခဲ့ကြောင်း စကိုင်းနယူးစ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အမေရိကန်ကနေ ကနေဒါကို ပြောင်းရွှေ့မှာဖြစ်တယ်လို့ ပြောကြားခဲ့တဲ့အနုပညာရှင်တွေထဲမှာ ဟာသသရုပ်ဆောင် အေမီချူမာ၊ သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ဒန်နာဒန်ဟမ်တို့လည်း အပါအဝင်ဖြစ်ကာ သူတို့ပြောဆိုခဲ့တဲ့စကားအတွက် လှောင်ပြောင်တဲ့စာတွေဟာ ဟီလာရီကလင်တန်ကို ထောက်ခံခဲ့တဲ့ မိုင်လီဆိုင်းရပ်စ်၊ အမ်မာရို့စ်နဲ့ ဘရိုင်ယန် ခရန်စတန်တို့လို နာမည်ကျော်တွေဆီကိုလည်း ရောက်ရှိ ခဲ့ပါတယ်။

အဆိုပါလှောင်ပြောင်စာတွေအပေါ် အေမီချူမာက သူ့အနေနဲ့ ကနေဒါကို ပြောင်းရွှေ့မယ်လို့ ပြောခဲ့ခြင်းဟာ စကားအဖြစ်ပြောခဲ့ခြင်းဖြစ်ကာ အတည်ပြောကြားခဲ့တယ်လို့ မယူဆသင့်ကြောင်း လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် တုံ့ပြန်ပြောကြားခဲ့ပါတယ်။

ရွေးကောက်ပွဲရလဒ်တွေကို ကြေညာအပြီးမှာ လှောင်ပြောင်ခံခဲ့ရတဲ့ အနုပညာရှင်အတော်များများက လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ တိတ်ဆိတ်နေခဲ့ပေမယ့် ပေါ့အဆိုတော် မိုင်လီဆိုင်းရပ်စ်ကတော့ ဒေါ်နယ်ထရန့်အနိုင်ရခဲ့တဲ့အတွက် ငိုကြွေးခဲ့တဲ့သူ့ရဲ့ပုံရိပ်ကိုရိုက်ကူးထားတဲ့ ဗီဒီယိုတစ်ခုကို လူမှုကွန်ရက်မီဒီယာဖြစ်တဲ့ တွစ်တာစာမျက်နှာပေါ်အရောက်ပို့ခဲ့ပြီး သူ့အနေနဲ့ ထွက်ပေါ်လာခဲ့တဲ့အဆုံးသတ်ရလဒ်ကို လက်ခံကြောင်းလည်း ဖော်ပြခဲ့ပါတယ်။

ပေါ့ပ်အဆိုတော်တစ်ဦးဖြစ်တဲ့ အရီရာနာဂရန်ဒီကလည်း ဒေါ်နယ်ထရန့်အနိုင်ရခဲ့တဲ့အတွက် ငိုကြွေးခဲ့ရပေမယ့် ရှေ့ဆက်ရမယ့်ခရီးမှာတော့ တစ်ဦးစီရဲ့ မတူညီတဲ့ ခံယူချက်တွေကိုလေးစားနားလည်ကာ တက်တက်ကြွကြွဖြတ်သန်းသွားရမှာဖြစ်ပြီး သူ့လိုဝမ်းနည်းခံစားနေရတဲ့ ပရိသတ်တွေရှိပါက အဆိုပါပရိသတ်တွေကို သူက အားပေးချစ်ခင်လျက်ရှိကြောင်းလည်း အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့ပါတယ်။

အော်စကာဆုရှင် မင်းသမီးချော ဂျနီဖာလောရန့်စ်ကလည်း ဒေါ်နယ်ထရန့်အနိုင်ရခဲ့တဲ့အပေါ် "ကျွန်မအကောင်းမြင်တတ်တဲ့သူတစ်ဦးပဲ ဖြစ်ချင်ပါတယ်။ ကျွန်မတို့ရဲ့ ဒီမိုကရေစီကိုလည်း ထောက်ပံ့ပေးတဲ့သူပဲဖြစ်ချင်ပါတယ်။ ကျွန်မအနေနဲ့ ဘယ်သူ့ကိုမှလည်း အပြစ်မတင်ချင်ပါဘူး။ ကျွန်မတို့ ရှေ့ဆက်ပြီးဘာတွေလုပ်ဆောင်မယ်ဆိုတာကိုပဲ လေးလေးနက်နက်၊ ရှင်းရှင်းလင်းလင်း တွေးသင့်တယ်။ ဘာ့ကြောင့်လည်းဆိုတော့ ကျွန်မတို့ဟာ အတိတ်တွေကို ပြောင်းလဲလို့ မရနိုင်ဘူးလေ"လို့ လူမှုကွန်ရက်မီဒီယာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။

ရွေးကောင်ပွဲမတိုင်မီက ကျော်ကြားတဲ့အနုပညာရှင်များစွာက ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ သူတို့ရဲ့သဘောထားတွေနဲ့ လုပ်ဆောင်ပုံတွေကို ဝေဝေဆာဆာဖော်ပြခဲ့ပေမယ့် ရွေးကောက်ပွဲအပြီး ရလဒ်တွေပေါ်ထွက်လာချိန်မှာတော့ အများစုက တိတ်ဆိတ်နေခဲ့ပါတယ်။ အနုပညာရှင်အချို့ကသာ ပရိသတ်တွေရဲ့ လှောင်ပြောင်မှုတွေကို တုံ့ပြန်ခဲ့တာဖြစ်ပါတယ်။



အေမီချူမာ



ဒန်နာဒန်ဟမ်



မိုင်လီဆိုင်းရပ်စ်

**အေး ပြည့် - စု စည်း ရေး သား သည်**

## မြဝတီရုပ်မြင်သံကြား

**၁၃-၁၁-၂၀၁၆(တနင်္ဂနွေနေ့)**

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၈း၂၅ | DVD Hits |
| ၈း၃၅ | အင်္ဂလိပ်စာသုတ |
| ၉း၁၀ | World Wide Web |
| ၉း၄၅ | အမှတ်တရနေ့ရက်လေးများ |
| ၁၀း၁၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၀း၂၀ | Guide For You |
| ၁၀း၃၀ | Cooking Art |
| ၁၀း၄၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၁၁း၀၀ | English For Myanmar |
| ၁၁း၁၀ | မျိုးချစ်တပ်မတော် |
| ၁၁း၁၅ | Lucky Door |
| ၁၂း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်ခွန်းသီတဲ့နှောင်ကြိုးတစ်မျှင် အပိုင်း(၆) |
| ၁၃း၁၉ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရေသူမရဲ့ခြေရာများ အပိုင်း(၁၃) |
| ၁၄း၃၀ | အိမ်ရှင်မတို့ရဲ့အချစ်ဆုံး |
| ၄း၂၅ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၄း၃၅ | ပျိုပျိုမေ |
| ၄း၅၀ | Run & Cook |
| ၅း၁၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဖေဖေကြီးကိုချစ်တယ် အပိုင်း(၇၀) |
| ၅း၄၅ | ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း |
| ၆း၁၀ | ဘဝကြေးမုံ |
| ၆း၃၅ | လူစွန့်စားခရီးသွားနေသည် |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မြစ်တစ်စင်းရဲ့အလင်္ကာ အပိုင်း(၆၇) (ဇာတ်သိမ်း) - VOA အင်္ဂလိပ်စာသင်ခန်းစာ -ပဟေဠိနန်းတော် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အကြင်နာမျက်ဝန်း အပိုင်း(၂၁) |

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၁၃-၁၁-၂၀၁၆(တနင်္ဂနွေနေ့)**
**[၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၄)ရက်၊ အဖိတ်နေ့]**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | Business News |
| ၈း၃၅ | အောင်မြင်မှုပန်းတိုင်ဆီချီတက် ပြည်သူ့အတွက် (ထိန်းသိမ်းကာကွယ် သစ်တောပြုန်းတီးမှုအန္တရာယ်) (အပိုင်း-၁) |
| ၈း၅၀ | "(၃၈)ဖြာ ယဉ်ကျေးလိမ္မာမင်္ဂလာ ကဗျာများ" |
| ၉း၃၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၉း၅၀ | ကဗျာရုပ်မြုံ "မြတ်ကထိန်" |
| ၁၀း၀၀ | Sunday Talk |
| ၁၀း၃၅ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၁၁း၁၅ | "ပိုမိုဘေးကင်းသောလမ်းများဆီသို့" |
| ၁၁း၃၅ | "တန်ဆောင်မုန်းလအခါသမယ ဆေးဖက်ဝင်သည့် မယ်ဇလီ" |
| ၁၂း၃၅ | This Week's Special Interest |
| ၁၂း၅၀ | ဆေးရောင်စုံရုပ်ရှင် "မိုးညအိပ်မက်မြူ" (နေတိုး၊ ရဲအောင်၊ အောင်ရဲလင်း၊ မိုးဟေကို၊ သင်ဇာဝင့်ကျော်၊ စိုးပြည့်သဇင်) (ဒါရိုက်တာ-ကြည်ဖြူသျှင်) |
| ၃း၃၀ | "အိုဘယ့်အလှူရှင်" |
| ၃း၅၀ | အတီးပြိုင်ပွဲ(ပတ္တလား) |
| ၄း၃၅ | "ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ" (နောက်နှောင်းဆီကကောက်ကြောင်းဂီတ)(ဂီတရိပ်သာ) (အပိုင်း-၁၇၆) |
| ၅း၁၅ | ဂီတတံခါးလေးဖွင့်ပါဦး |
| ၆း၃၅ | ဝတ်မှုန်တေးဂီတအဖွဲ့ဖျော်ဖြေခန်း (အပိုင်း-၁) |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မြေပျိုမယ်ရဲ့မာယာကလဲ့စား" (အပိုင်း-၇) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၈း၃၅ | "ရှုန်းကန်လှုပ်ရှားဘဝများ" (စွန့်စား၍) |
| ၉း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ -ဆယ့်နှစ်လရာသီအငြိမ့်သဘင် "တန်ဆောင်မုန်းလကထိန်ပွဲ" (မင်းသမီး-ပိုပိုချစ်၊ လူရွှင်တော်-မင်္ဂလာပါအလင်္ကာဟားအဖွဲ့၊ ချစ်ပန်း၊ စိစိ၊ အောင်ချစ်၊ ပိုင်ကျော်) |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# အင်္ဂလန်အသင်း အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ခံရရန် ပိုမိုနီးစပ်လာပြီဖြစ်တဲ့ ဆောက်ဂိတ်



အင်္ဂလန်နှင့် စကော့တလန်တို့ ရင်ဆိုင်ခဲ့သည့် ပွဲစဉ်တွင် ရလဒ်ကောင်း တစ်ရပ်ဆောင်ကြဉ်းနိုင်ခဲ့သည့် အင်္ဂလန်ယာယီနည်းပြ ဆောက်ဂိတ်မှာ အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ခံရရန် နောက်ထပ် ပိုမိုနီးစပ်သည့် ခြေလှမ်းတစ်ရပ်ကို လှမ်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း အိပ်ပရက်စ်မေးလ်အွန်လိုင်းက ဖော်ပြသည်။ အင်္ဂလန်ဘောလုံး အဖွဲ့ချုပ်(အက်ဖ်အေ)သည် ပြီးခဲ့သည့် စက်တင်ဘာလအတွင်း နုတ်ထွက်သွားခဲ့သည့် ဆမ်အလာဒိုက်စ်နေရာတွင် ဆောက်ဂိတ်ကို ယာယီနည်းပြအဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အက်ဖ်အေသည် အမှန်တကယ်တွင် အမြဲတမ်းနည်းပြအဖြစ် ဝါရင့်နည်းပြ တစ်ဦးကို ခန့်အပ်ရန်လိုလားခဲ့သော်လည်း အဆင်ပြေမှုမရှိသောကြောင့် ဆောက်ဂိတ်ကိုသာ အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်သွားရန် ဘက်ပြောင်းစဉ်းစားလာခြင်း ဖြစ်သည်။

ဆောက်ဂိတ်သည် အင်္ဂလန်နည်းပြအဖြစ် တာဝန်ယူခဲ့သည့် ပွဲစဉ်သုံးပွဲတွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ရလဒ်ထွက်ပေါ်အောင် ဦးဆောင်နိုင်ခဲ့ပြီး နိုဝင်ဘာ ၁၅ ရက် စပိန်အသင်းနှင့် ချစ်ကြည်ရေး ခြေစမ်းပွဲအပြီးတွင် အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်နိုင်ရန် အက်ဖ်အေဘက်မှ ပြင်ဆင်လာခြင်းဖြစ်သည်။ ဆောက်ဂိတ်၏ အင်္ဂလန်အသင်းသည် စကော့တလန်ကိုရလဒ်အရ ကောင်းမွန်စွာ ကစားနိုင်သည်ဟု ယူဆနိုင်သော်လည်း တကယ်တမ်းကောင်းမွန်သည့် အခင်းအကျင်းကို မတည်ဆောက်နိုင်ခဲ့ကြောင်း အင်္ဂလန်ကစားသမားဟောင်း အီယန်ရိုက်က ဝေဖန်ခဲ့သော်လည်း ဆောက်ဂိတ်၏ စွမ်းဆောင်ရည်မှာ အင်္ဂလန်နည်းပြရာထူးနှင့် ထိုက်တန်နေပြီဖြစ်ကြောင်း အသင်း ခေါင်းဆောင် ဝိန်းရွန်းနီက မှတ်ချက်ချခဲ့သည်။

ဆောက်ဂိတ်ကမူ အင်္ဂလန်အသင်းကို နည်းပြအဖြစ်တာဝန်ယူရသည်ကို မြတ်နိုးခုံမင်သော်လည်း နည်းပြခန့်အပ်ရေးလုပ်ငန်းစဉ်မှာ အက်ဖ်အေ၏ ဆုံးဖြတ်ချက်သာဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။ အင်္ဂလန်အသင်းသည် မတ် ၂၆ ရက် လစ်သူယေးနီးယားအသင်းအား ညှိခံကစားမည့် ပွဲမတိုင်မီ အမြဲတမ်း နည်းပြတစ်ဦးကို ခန့်အပ်ရမည်ဖြစ်ပြီး ဆောက်ဂိတ်မှာ ထိပ်ဆုံးနေရာမှ ရေပန်းစားနေသူလည်းဖြစ်သည်။ ဆလိုဗေးနီးယား အသင်းနှင့် ဂိုးမရှိ သရေကျခဲ့သည့်ပွဲစဉ်အပြီးတွင် ဆိုးရွားသည့် ကစားဟန်ကြောင့် ဝေဖန်မှုများ ရင်ဆိုင်ခဲ့ရသော်လည်း ဆောက်ဂိတ်မှာ စကော့တလန်အား သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီးနောက် အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ခံရရန် ပိုမိုနီးစပ်လာခြင်းဖြစ်သည်။

## အားကစားလောက သတင်းတိုများ

- ရီးယဲလ်မက်ဒရစ်အသင်းသည် မန်ယူ၏ လူငယ်တိုက်စစ်မှူး မားကပ်စ်ရက်ရှ်ဖို့ဒ်အား ခေါ်ယူရန် စောင့်ကြည့်လျက်ရှိသည်။
- ဘာစီလိုနာအသင်းသည် လီဗာပူးကွင်းလယ်ကစားသမား ဖိလစ်ပီကော်တင်ဟိုအား ပြောင်းရွှေ့ကြေးပေါင် ၆၅ သန်းဖြင့် ခေါ်ယူရန် စဉ်းစားနေပြီဖြစ်သည်။
- ဖီအိုရင်တီးနားစတား မီလန်ဘားဒက်သည် ချယ်လ်ဆီးမှ ချိတ်ဆက်နေမှုများကို မိမိလုံးဝစိတ်ဝင်စားခြင်းမရှိကြောင်း တုံ့ပြန်လိုက်သည်။
- မန်ယူကွင်းလယ်ကစားသမားသမား ရှဝိန်းစတိုင်ဂါမှာ အမေရိကန်မေဂျာလိဂ်သို့ ပြောင်းရွှေ့ရန်အတွက် ပြင်ဆင်နေပြီဖြစ်ပြီး ချီကာဂိုဖိုင်းယား ကလပ်အသင်းတာဝန်ရှိသူများနှင့် လေးနာရီကြာ ဆွေးနွေးမှုများကို ပြုလုပ်ခဲ့ကြောင်း သိရသည်။
- အာဆင်နယ်လူငယ်တိုက်စစ်မှူး အီဝိုဘီအနေဖြင့် ဘာစီလိုနာမှ မြင့်မားသည့် ပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းစေကာမူ မည်သို့မျှ ပြောင်းရွှေ့ရန် စိတ်ဝင်စားခြင်းမရှိကြောင်း အီဝိုဘီ၏ ဖခင်ဖြစ်သူက ပြောကြားခဲ့သည်။
- ဂျူဗင်တပ်အသင်းသည် ဟော်လန်နှင့် ဘယ်လ်ဂျီယံအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် မန်ယူတောင်ပံတိုက်စစ်မှူး မန်းဖစ်ဒီပိုင်း၏ ခြေစွမ်းကို ကင်းထောက်များစေလွှတ်၍ စောင့်ကြည့်ခဲ့သည်။

### ဟာဒီကို စီရိုနယ်လ်ဒို၊ မက်ဆီနဲ့ တစ်တန်းတည်း သတ်မှတ်ခဲ့တဲ့ ဂရစ်ဇ်မန်း

အက်သလက်တီကို ကြယ်ပွင့်ကစားသမား ဂရစ်ဇ်မန်းက ပြီးခဲ့သည့် ဘောလုံးရာသီ သူ၏စိတ်ကြိုက် အကောင်းဆုံးကစားသမားသုံးဦးကို ထုတ်နုတ်ရွေးချယ်ရလျှင် စီရိုနယ်လ်ဒို၊ မက်ဆီနှင့် ဂရေမီဇာဒီတို့သာလျှင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဂရစ်ဇ်မန်းက စီရိုနယ်လ်ဒိုကို နံပါတ်(၁) အကောင်းဆုံးကစားသမားအဖြစ် ရွေးချယ်ရမည်ဖြစ်ပြီး ကလပ်အသင်းနှင့် နိုင်ငံလက်ရွေးစင်အသင်း နှစ်ရပ်လုံးအတွက် အကောင်းဆုံးစွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့ကာ ချန်ပီယံလိဂ်နှင့် ယူရိုဖလားဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်ကြောင်း ချီးကျူးစကားဆိုခဲ့သည်။ ယင်းနောက် အမြဲတမ်း ထိပ်တန်းခြေစွမ်းပြသနိုင်သူ မက်ဆီကို ဒုတိယအကောင်းဆုံးကစားသမားအဖြစ် သတ်မှတ်ရမည်ဖြစ်သလို သူ၏သွင်းဂိုးများဖြင့် လက်စတာအသင်းကို ပရီမီယာလိဂ်ဖလားဆွတ်ခူးပေးနိုင်ခဲ့သည့် ဂရေမီဇာဒီကို တတိယအကောင်းဆုံးကစားသမားအဖြစ် ရွေးချယ်ရမည်ဖြစ်ကြောင်းဆိုခဲ့သည်။

ဂရစ်ဇ်မန်းက သူ၏ဆရာရင်းဖြစ်သူ အက်သလက်တီကိုနည်းပြ ဒီယေဂိုဆီမြွန်နီ၊ ပြင်သစ်လက်ရွေးစင်အသင်းနည်းပြ ဒီဒီယာ ဒက်ချွမ့်စ်နှင့် လက်စတာနည်းပြ ရာနီရေရီတို့မှာ ပြီးခဲ့သည့် ဘောလုံးရာသီအတွက်အကောင်းဆုံးနည်းပြများဖြစ်ကြောင်းလည်း မှတ်ချက်ချခဲ့သည်။

# မန်ယူက အလိုရှိနေတဲ့ အိုဇေးလ်ရဲ့ လားရာ

မေလှဲ့သင်း-ရေးသားသည်




မန်ယူအသင်းနည်းပြ မော်ရင်ဟိုက အာဆင်နယ်နဲ့ သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခြင်းမရှိသေးတဲ့ မီဆပ်အိုဇေးလ်ကို လာမယ့်နွေဈေးကွက်အတွင်း ခေါ်ယူဖို့ကြိုးပမ်းသွားမှာဖြစ်တယ်လို့ အီးအက်စ်ပီအင်န်သတင်းဌာနက ဖော်ပြပါတယ်။ မော်ရင်ဟိုက ရီးယဲလ်မက်ဒရစ်နည်းပြအဖြစ် တာဝန်ယူနေတဲ့ကာလမှာ အိုဇေးလ်ကို ဝါဒါဘရီမင်ကနေ ရီးယဲလ်ကို ခေါ်ယူခဲ့သူဖြစ်ပြီး ရှုနိုက်ဒါ၊ အိုဇေးလ်တို့ဟာ သူ့စိတ်ကြိုက် ကွင်းလယ်ကစားသမားတွေဖြစ်တယ်လို့ ပြောကြားခဲ့ဖူးတာကြောင့် တပည့်ဟောင်းနဲ့ နောက်တစ်ကြိမ်လက်တွဲ အလုပ်လုပ်ဖို့ ခြေလှမ်းပြင်နေပြီလားဆိုတဲ့ မေးခွန်းတွေထွက်လာခဲ့ပါတယ်။

အာဆင်နယ်အသင်းက အိုဇေးလ်ကို ပြီးခဲ့တဲ့ ရာသီကတည်းက စာချုပ်သက်တမ်းတိုးဖို့တောက်လျှောက် ပြင်ဆင်နေခဲ့ပေမယ့် အခုအချိန်ထိ အဆင်ပြေမှု မရှိတာကြောင့် ဒီအခြေအနေကို အခွင့်အရေးယူဖို့ မန်ယူဘက်က ကြိုးပမ်းလာတာဖြစ်ပါတယ်။မန်ယူအသင်းဟာ အိုဇေးလ် အာဆင်နယ်မှာ လက်တလောရရှိနေတဲ့ တစ်ပတ်လုပ်ခပေါင်၂၀၀၀၀၀ထက် ကျော်လွန်ပြီး တစ် ပတ်လုပ်ခ ပေါင်၂၅၀၀၀၀ အထိ ပေးချေဖို့ အသင့်ရှိနေခဲ့တာပါ။

ဒါ့အပြင် အိုဇေးလ်နဲ့ မော်ရင်ဟိုဟာ ရီးယဲလ်မက်ဒရစ်မှာ ကောင်းမွန်တဲ့ ဆက်ဆံရေးတည်ဆောက်နိုင်ခဲ့သူတွေဖြစ်ပြီး မော်ရင်ဟို ရီးယဲလ်မက်ဒရစ် ထွက်ခွာသွားချိန်မှာ အိုဇေးလ်လည်းပဲ ရီးယဲလ်မက်ဒရစ်ကနေ ထွက်ခွာခဲ့တာကို ထောက်ရှုရင် အိုဇေးလ် မန်ယူကိုရောက်လာမလားဆိုတာ စဉ်းစားစရာ ဖြစ်လာခဲ့ပါတယ်။

ဒါပေမယ့် တစ်ဖက်မှာ ဝင်းဂါးနဲ့ မော်ရင်ဟိုတို့ ဆက်ဆံရေးက အင်မတန်ဆိုးရွားတဲ့ အခြေအနေဖြစ်ခဲ့ပြီး အာဆင်နယ်ရဲ့ အထင်ရှားဆုံး ကြယ်ပွင့်ကစားသမားကို မော်ရင်ဟိုကိုင်တွယ်နေတဲ့ မန်ယူကိုတော့ ဝင်းဂါး ဘယ်လိုမှ ရောင်းချင်မှာ မဟုတ်ပါဘူး။ ဝင်းဂါးအတွက်တော့ အိုဇေးလ်ကို မော်ရင်ဟို လက်အောက် သွားရောက်ကစားဖို့ ခွင့်ပြုလိုက်ခြင်းဟာ မန်ယူအသင်းကို ခြောက်ဂိုးပြတ်လောက် ရှုံးနိမ့်တဲ့ ခံစားချက်ထက်တောင် ဆိုးရွားဦးမှာဖြစ်တာကြောင့် နောက်ဆုံး အိုဇေးလ်နဲ့ သက်တမ်းတိုးစာချုပ် မချုပ်ဆိုနိုင်ရင်တောင် အခြားလိဂ်တစ်ခုကိုပဲ ထွက်ခွာခွင့်ပေးမယ်လို့ ယူဆရပါတယ်။

တိုက်တိုက်ဆိုင်ဆိုင် ဒီသတင်းထွက်လာချိန်ဟာ မန်ယူနဲ့ အာဆင်နယ်တို့ ပွဲမတိုင်မီ ပေါ်ထွက်လာခဲ့လို့ မော်ရင်ဟိုအနေနဲ့ ဝင်းဂါးကို စိတ်ဓာတ်စစ်ဆင်ရေး ပြုလုပ်တဲ့ ကိစ္စတစ်ရပ်ပဲလို့ ယူဆချက်တွေလည်း ထွက်လာပါတယ်။အိုဇေးလ်အနေနဲ့ အာဆင်နယ်က ထွက်ခွာမယ်ဆိုရင် ဒါဟာ ချန်ပီယံဖလား အောင်မြင်မှုရယူနိုင်ရေးဆိုတာကြောင့်သာဖြစ်နိုင်ပြီး မန်ယူနဲ့ အာဆင်နယ်တို့ လက်ရှိ အနေအထားကို နှိုင်းယှဉ်ရင်လည်း အာဆင်နယ်ကတောင် မန်ယူထက် ပရီမီယာလိဂ်ဖလားကို ပိုမို စိန်ခေါ်နိုင်တဲ့ အနေအထားပါ။

အာဆင်နယ်ဟာ အိုဇေးလ်ရောက်ရှိလာပြီးနောက် ဆန်းချက်ဇ်၊ ဇာကာ၊ မူစတာဖီတို့လို ခြေစွမ်းထက် ကစားသမားတွေကို ခေါ်ယူအားဖြည့်ထားပြီးဖြစ်သလို ချန်ပီယံဆုကို မရယူနိုင်သေးတာကလွဲရင် ရလဒ်ပိုင်းတည်ငြိမ်တဲ့ အနေအထားကို ပြသနိုင်ခဲ့ပါတယ်။ မန်ယူကတော့ ပြန်လည်တည်ဆောက်ဆဲ အဆင့်မှာပဲရှိသေးပြီး လျင်လျင်မြန်မြန်တိုးတက်မှုရလာစေဖို့ ကစားသမားကောင်းတွေကို ခေါ်ယူအားဖြည့်ထားပေမယ့် အခုထိတော့ ရလဒ်ပိုင်း၊ ခင်းကျင်းမှု စတဲ့ စတဲ့နေရာတွေမှာ အာဆင်နယ်ကို ဘာတစ်ခုမှ လိုက်မီခြင်းမရှိသေးပါဘူး။မော်ရင်ဟိုဟာ လေးနှစ်အတွင်း မန်ယူရဲ့ လေးဦးမြောက် နည်းပြဖြစ်သလို နည်းပြ အပြောင်းအလဲများ၊ ကစားသမားအပြောင်းအလဲများတဲ့ မန်ယူကို အိုဇေးလ် လာပါ့မလားဆိုတာကလည်း စဉ်းစားစရာ အဓိက အချက်တစ်ချက်ဖြစ်ပါတယ်။

အိုဇေးလ်က အာဆင်နယ်မှာ ငွေကြေးမြောက်မြားစွာ ရရှိချင်မှ ရရှိမှာဖြစ်ပေမယ့် သူ့ကို ဝန်းရံတည်ဆောက်တဲ့ ပုံစံကျင့်သုံးတဲ့ နည်းပြ ဝင်းဂါးရဲ့ နည်းဗျူဟာပိုင်းနဲ့ပတ်သက်ပြီး ကျေနပ်သလိုတစ်ဖက်မှာလည်း သူဟာ သူ့နည်းသူ့ဟန်နဲ့ တစ်နေ့တခြား တိုးတက်လာတယ်လို့ ယုံကြည်ထားကြောင်း အာဆင်နယ်အသင်း ဝက်ဘ်ဆိုက်ကနေ တရားဝင်ပြောကြားခဲ့သူဖြစ်ပါတယ်။ ဒါကြောင့် အခြေအနေအားလုံးကို ခြုံပြီးသုံးသပ်ရရင် အိုဇေးလ် အာဆင်နယ်က ထွက်ခွာဖြစ်မယ်ဆိုရင်တောင် သူပြောင်းရွှေ့မယ့် အသင်းဟာ မန်ယူမဖြစ်နိုင်ဘဲ အခြားအသင်းတစ်သင်းသာ ဖြစ်နိုင်တယ်လို့ ယူဆရမှာဖြစ်ပါတယ်။ အိုဇေးလ်ကတော့ ဇီဒန်းဟာ သူ့ရဲ့ စံပြကစားသမားသမားဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်း ကစားသမားအဖြစ်ကစားရတာ အင်မတန်ဖိအားများသလို ပြိုင်ဆိုင်မှုပြင်းထန်တဲ့ အနေအထားကိုရင်ဆိုင်ရတာကြောင့် အင်မတန်စိတ်လှုပ်ရှားစရာကောင်းတယ်လို့ ပြောကြားထားတာကြောင့် အာဆင်နယ်နဲ့ စာချုပ်သက်တမ်းမတိုးတာက ရီးယဲလ်မက်ဒရစ်အသင်းအတွက်သာ ဖြစ်တယ်လို့ မှန်းဆမှုတွေလည်း ထွက်လာပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းကတော့ လောလောဆယ် လီဗာပူးကွင်းလယ်လူ ကော်တင်ဟိုကို ခေါ်ယူလိုကြောင်း သတင်းထွက်လာခဲ့လို့ အိုဇေးလ်ဘယ်ကို ပြောင်းမလဲ (ဒါမှမဟုတ်) အာဆင်နယ်နဲ့ပဲ ဆက်ပူးပေါင်းမလားဆိုတာ စောင့်ကြည့်ကြရအောင်ပါ။

## သာစည်မြို့နယ်တွင် လူ့အခွင့်အရေး အကြောင်းသိကောင်းစရာများရှင်းလင်း

**သာစည် နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီခွဲက မြို့နယ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းအားဖြင့် တရားဥပဒေစိုးမိုးရေး၊ လူသားချင်းခွဲခြားဆက်ဆံမှုမပြုရေး၊ လူမှုတရားမျှတမှုရှိရေး၊ လူ့ဂုဏ်သိက္ခာလေးစားရေးတို့ ရရှိစေရန်ရည်ရွယ်ကြောင်း၊ လူ့အခွင့်အရေးသည် လူတိုင်းအတွက်မွေးရာပါအခွင့်အရေးဖြစ်ကြောင်း၊ လူသားအားလုံးနှင့် သက်ဆိုင်သော လူ့အခွင့်အရေးကို ဖယ်ရှားနုတ်ပယ်၍မရကြောင်း၊ အပြန်အလှန်အမှီသဟဲပြုနေသော လူ့အခွင့်အရေးများကို ခွဲခြမ်း၍မရကြောင်း စသည်ဖြင့် လူ့အခွင့်အရေးဆိုင်ရာ အခြေခံအနှစ်သာရများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေးက လူ့အခွင့်အရေးသမိုင်းကြောင်းနှင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း ရှင်းလင်းဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ဆရာ၊ ဆရာမများနှင့် ပြည်သူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

**ထွန်းထွန်း(သာစည်)**

## နိုင်ငံတကာမွေးမြူရေးနှင့်စိုက်ပျိုးရေးပြပွဲ မန္တလေးမြို့၌ဖွင့်လှစ်

**မန္တလေး နိုဝင်ဘာ ၁၂**

နိုင်ငံတကာ မွေးမြူရေးနှင့် စိုက်ပျိုးရေးပြပွဲဖွင့်ပွဲကို နိုဝင်ဘာ ၁၀ ရက် နံနက် ၈ နာရီက မန္တလေးမြို့ Mandalay Hill Resort Hotel ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဒေါက်တာစိုးသန်း၊ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမြင့်ဟန်၊ မန္တလေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာကျော်ထင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး Mr.Daniel Zonshine တို့တက်ရောက်အားပေးပြီး ပြပွဲကိုဖွင့်လှစ်ပေးကာ ပြသထားသော စိုက်ပျိုးနှင့် မွေးမြူရေးဆိုင်ရာ ပြခန်းများကို ကြည့်ရှုခဲ့ကြသည်။




ပြပွဲတွင် မွေးမြူရေးဆိုင်ရာ အစာများ၊ ဆေးဝါးများ၊ ခြံသုံးပစ္စည်းများ၊ မွေးမြူရေးအစာထုတ်လုပ်သည့် စက်ပစ္စည်းများ၊ သားပေါက်များ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ပစ္စည်းများ၊ ဆန်စက်ဆီစက်ဆိုင်ရာ စက်ပစ္စည်းများ၊ မျိုးစေ့၊ ဆေးဝါးနှင့်မြေဆီမြေသြဇာများကို နိုင်ငံပေါင်း ၁၄ နိုင်ငံမှ ကုမ္ပဏီများက ရှင်းလင်းပြသပြီး ပညာရှင်များမှ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးဟောပြောပွဲပြုလုပ်သည်။

ပြပွဲကာလအတွင်းမြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ် (မန္တလေးတိုင်းဒေသကြီး) နှစ်ပတ်လည်အစည်းအဝေးကို နိုဝင်ဘာ ၁၀ ရက် နံနက်တွင်လည်းကောင်း၊ ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များအတွက် မြန်မာ့စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း ဖိုရမ်ကို နိုဝင်ဘာ ၁၁ ရက်တွင်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်နေသော စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေအနေများကို နိုင်ငံတကာကသိရှိပြီး ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန်ရည်ရွယ်ကာ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် အိန္ဒိယတို့မှ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာလုပ်ငန်းရှင်များအား လေ့လာရေးခရီးစဉ်များကို ပြသခဲ့သည်။ မြန်မာ့ အသားတိုးကြက်သားများ ပိုမိုဈေးကွက်ခိုင်မာရေးအတွက် ကြက်သားဟင်းချက်ပြိုင်ပွဲကိုလည်း ကျင်းပခဲ့သည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ တင်ပို့နေသော ဖရဲ၊ သခွား၊ သရက်စသည့်သီးနှံများ၊ ပြည်တွင်းထုတ် နိုင်ငံတကာအဆင့်မီ သစ်သီးထွက်ကုန်ချောများ၊ လက်ဖက်၊ လက်ဖက်ခြောက်၊ အချိုခြောက်၊ ဝိုင်အမျိုးမျိုးကိုလည်း မြန်မာနိုင်ငံသစ်သီးဝလံထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း အစီအစဉ်ဖြင့်လည်းကောင်း၊ နွားနို့၊ နို့ချဉ်၊ ဒိန်ချဉ်များကိုလည်း မြန်မာနိုင်ငံ နို့လုပ်ငန်းရှင်အသင်း အစီအစဉ်ဖြင့်ပြသသည်။

အထူးအစီအစဉ်အနေဖြင့် နိုင်ငံတကာ မွေးမြူရေးနှင့်စိုက်ပျိုးရေးပြပွဲသို့ လာရောက်သူများအား ကံထူးသူသုံးဦးကို နေ့စဉ်ရွေးချယ်ကာ စုစုပေါင်းကိုးဦးကို ၂၀၁၇ ခုနှစ် မတ်လတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည့် နိုင်ငံတကာမွေးမြူရေးပြပွဲသို့ လေယာဉ်လက်မှတ် အသွားအပြန်၊ ဟိုတယ်တည်းခိုစရိတ်ကျခံ၍ သွားရောက်လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရှမ်းပြည်နယ် မိုင်းဟန်ကျေးရွာ၌ လူနေအိမ်လေးလုံး ပျက်စီး



**မိုင်းယောင်း နိုဝင်ဘာ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် နိုဝင်ဘာ ၁၀ ရက်က မိုးအဆက် မပြတ်ရွာသွန်းမှုကြောင့် နမ့်ယောင်းချောင်းရေကြီးရေလျှံမှုဖြစ်ပေါ်ပြီး မုန်းလိုက်ကျေးရွာအုပ်စု မိုင်းဟန်ကျေးရွာ၌ လူနေအိမ်သုံးလုံးရေနစ်မြုပ် ပျက်စီးခြင်း၊ နေအိမ်တစ်လုံး ရေမျောပါခြင်းနှင့် အီတန်ယာဉ် တစ်စီးပျက်စီးဆုံးရှုံးမှုဖြစ်ခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှု ဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်နှင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးပြီး ရေဘေးသင့် အိမ်ထောင်စုလေးစုအား ကျေးရွာရှိ နီးစပ်ရာ ဆွေမျိုးနေအိမ်များ၌ ယာယီပြောင်းရွှေ့နေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ပြည်နယ်ဝန်ကြီးချုပ် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့များနှင့်တွေ့ဆုံ

**လွိုင်ကော် နိုဝင်ဘာ ၁၂**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်ဝန်ကြီးများသည် နိုဝင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကားပြောကြားရာတွင် ကယားပြည်နယ်အနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ-၇ ကို ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၇ အုပ်စုမှ တောင်သူပေါင်း ၄၃၆၄၉ ဦး၊ ဦးပိုင်ပေါင်း ၅၆၉၇၆ ခု၊ ဧရိယာ ၁၃၇၇၂၈ ဧက ထုတ်ပေးပြီးဖြစ်ကြောင်း၊ ပုံစံ-၇ ဆက်လက်ထုတ်ပေးရန် ကျန်ရှိသည့် ဦးပိုင်လုပ်ကွက်များကိုလည်း ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်အနေဖြင့် တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ အမြန်ဆုံးထုတ်ပေးသွားရန် မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးသိန်းဝင်းက ပုံစံ-၇ ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်အတွင်းရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများက ပုံစံ-၇ ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြကြသည်။

ဆက်လက်ပြီး ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက သိလိုသည်များ မေးမြန်းဆွေးနွေးရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်ပြန်/ဆက်**

## မြင်းမူမြို့မဈေးတွင် စားသုံးသူ ရှုထောင့်အရ ကွင်းဆင်းစစ်ဆေး

**မြင်းမူ နိုဝင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် နိုဝင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီက မြင်းမူမြို့ မြို့မဈေးအတွင်း ရောင်းချလျက်ရှိသည့် ဈေးဆိုင်ခန်းများအား စားသုံးသူရှုထောင့်အရ ကျန်းမာရေးဝန်ကြီးဌာန (FDA) အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ စားသုံးရန်မသင့်ဟု ကြေညာထားသည့် စားသောက်ကုန်များ ရောင်းချခြင်း ရှိ-မရှိ မြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ တာဝန်ခံ ဒေါ်ခိုင်မို့မို့နှင့် ဌာနဆိုင်ရာများပါဝင်သည့် ပူးပေါင်းအဖွဲ့က ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စားသုံးသူရှုထောင့်အရ စားသုံးသူဆိုင်ရာအခွင့်အလမ်းများ အပြည့်အဝရရှိခံစားနိုင်ရန်အတွက် စားသောက်ကုန်များတွင် တားမြစ်ထားသည့် အရောင်ဆိုးဆေးများနှင့် တာရှည်ခံဆေးများ (ဖော်မလင်) သုံးစွဲထားခြင်း ရှိ-မရှိ၊ ရက်လွန်စားသောက်ကုန်များ ရောင်းချမှု ရှိ- မရှိ ကွင်းဆင်း စစ်ဆေးခဲ့ပြီး စားသုံးဆီများအား ရောနှောကာ လိမ်လည်ရောင်းချခြင်းမပြုရန်၊ စံချိန်စံညွှန်း မမီသည့် အချိုမှုန့်များ ရောင်းချခြင်းမပြုရန်နှင့် ငါးပိငါးခြောက်များတွင် ယင်မနားအောင် အသုံးပြုသည့် ယင်မနားဆေး၏ ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုးများကို ဈေးသူ၊ ဈေးသားများအား အသိပညာပေး ဟောပြောကာ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။


ယင်းသို့ မြို့မဈေးအတွင်းရှိ ဈေးဆိုင်များအား ကွင်းဆင်းစစ်ဆေးရာတွင် ဆိုင်ခန်းပေါင်း ၅၀ နှင့် ပုံကျဈေးသည်များအား စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဒေါ်ခိုင်မို့မို့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒေါ်စန်းစန်းအေး၊ ကျန်းမာရေးဦးစီးဌာနမှ ဦးပြုံးချိုနှင့် ဦးမျိုးသန့်၊ စည်ပင်သာယာဌာနမှ ဒုဦးစီးမှူး ဒေါ်နွယ်နွယ်ဝင်း၊ ဒေါ်စန္ဒာဦး၊ စည်ပင်ကော်မတီအဖွဲ့ဝင် ဦးလှအောင်နှင့် ဦးအောင်ကျော်ထွန်း၊ ဈေးကော်မတီဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူးစိုးမြင့်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးနှင့် အဖွဲ့ဝင်များမှ ပူးပေါင်း စစ်ဆေးခဲ့ကြကြောင်းသိရသည်။


**ဖိုးချမ်း(မုံရွာ)**

















# အမှန်တရား ဦးထိပ်ထား တိုင်းကားပြည်ရွာ သာယာသည်

ကို ရင် ဩ koyinau.mirrordaily@gmail.com

သူနိုင်ကိုယ်နိုင် အပြိုင်ကြသည့် အမေရိကန် ရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်က အောင်မြင်စွာကျင်းပခဲ့လေပြီးနောက် နိုင်ငံ့သမိုင်းစာမျက်နှာအသစ်ကို ဖွင့်လှစ်နိုင်သူတစ်ဦး ပေါ်ထွန်းလာခဲ့လေပြီ။ ထိုသူသည်ကား ဒေါ်နယ်ထရန့်ဆိုသူ ကုဋေကြွယ်သူဌေးကြီးတစ်ဦးပင် ဖြစ်လေ၏။

ရွေးကောက်ပွဲကြီးတွင် နိုင်ငံရေးအခြေအမြစ်ရှိသူ ဟီလာရီကလင်တန်မှာ မြင်းကောင်းခွာလိပ်ဖြစ်ကာ ရွေးကောက်ပွဲရလဒ်အရ အခြေမလှဖြစ်ခဲ့ရလေရာ ကမ္ဘာတစ်ဝန်းရှိ ဟီလာရီထောက်ခံသူများမှာ ဟာကနဲ ဟင်ကနဲ ဖြစ်ခဲ့ရလေသည်။

## သတ္တဝါအလိုက် စရိုက်အထွေထွေ

သတ္တဝါအလိုက် စရိုက်အထွေထွေ ဟူဘိသို့ပင် ထရန့်က စီးပွားရေးသမားကြီး၊ ဟီလာရီက နိုင်ငံရေးသမားကြီးဖြစ်ပေရာ သူတို့၏ စရိုက်နှင့် မဲဆန္ဒရှင်ပြည်သူတို့၏ အကြိုက်တို့မှာ တစ်ထပ်တည်း တူညီသည်ကား မဖြစ်တန်ရာ။ သို့ဖြစ်ရကား ပြည်သူများအတွင်း သဘောထားအမြင်အမျိုးမျိုး ရှိခဲ့ကြပြီးလျှင် သမ္မတလောင်းနှစ်ဦးကလည်း ခါးခါးသီးသီး ခုနစ်သံချီ ဟစ်ကာ အကြိတ်အနယ် မဲဆွယ်စည်းရုံးခဲ့ပုံများကို ကျွန်ုပ်ပြန်လည်မြင်ယောင်နေမိလေသည်။

နိုင်ငံရေးဟူသည် ဆန်းကြယ်၏။ အရာရာကို အပိုင်တွက်ဆ၍မရ။ သူ့ဓမ္မသူဆောင်၏ဟူသော သင်ခန်းစာကို ကျွန်ုပ်ဆင်ခြင်နေမိသည်။

ရွေးကောက်ပွဲတွင် အဘယ်ကြောင့် ထရန့်အနိုင်ရခဲ့ပါသနည်းဟူ၍ စေ့ငုကြသည့်အခါ သူ၏မဲဆွယ်စည်းရုံးရေးဆိုင်ရာ လျှို့ဝှက်ချက်တစ်ရပ်ကို တွေ့ရှိရ၏။ ယင်းသည်ကား အမေရိကန်၏ 'ကော်လာပြာ လူတန်းစား' (ခေါ်) အလုပ်သမားလူတန်းစားအလွှာကို ပိုင်ပိုင်နိုင်နိုင် ဆွဲဆောင်စည်းရုံးနိုင်ခြင်းဖြစ်သည်ဟု နိုင်ငံရေးသုတေသီများက သုံးသပ်ကြလေသည်။

အမေရိကန်တွင် အလုပ်သမား လူတန်းစားဝင်တို့မှာအပယ်ခံအဖြစ် ခံစားနေကြရပြီး အလုပ်သမားများ၏ အခြေအနေကို ထရန့်က ကောင်းစွာ နားလည်လက်ခံပေးခြင်းကြောင့် သူအနိုင်ရခဲ့သည်ဟု ယူဆရဖွယ်ရှိလေသည်။

အမေရိကန်အပေါ် ဖိစီးနေသော လူဝင်မှု ပြဿနာ၊ နိုင်ငံတကာ ကုန်သွယ်ရေး သဘောတူညီချက်များပြဿနာ၊ သေနတ်ကိုင်ဆောင်ခွင့်ပြဿနာ၊ တရားလွှတ်တော်ချုပ်၏ လုပ်ပိုင်ခွင့်အာဏာ ပြဿနာတို့ အပါအဝင် ပြဿနာရပ်များနှင့် ပတ်သက်၍ ထရန့်၏ မူဝါဒလမ်းစဉ်ကို ပြည်သူများ လက်ခံကြသည်ကို တွေ့ရလေသည်။

နိုင်ငံရေး အတွေ့အကြုံ အလျဉ်းမရှိခဲ့သူ ထရန့်အား ပြည်သူများထောက်ခံမှု ထုကြီးထည်ကြီးနှင့် ရှိနေသည်ကို လျှော့တွက်ခဲ့ကြခြင်းကြောင့် ရွေးကောက်ပွဲရလဒ်မှာ အံ့အားသင့်ဖွယ်ရာ ကောင်းအောင်ပင် ပွက်ပွက်ညံခဲ့ရလေသည်။

အပယ်ခံဘဝတွင်ရှိနေသည်ဟု ခံစားနေရသူများကို ဆွဲဆောင်စည်းရုံးနိုင်ခဲ့ခြင်းမှာ ထရန့်၏ ရွေးကောက်ပွဲမဟာဗျူဟာဟူ၍ ကျွန်ုပ်ရှုမြင်မိ၏။

ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရာတွင် အရေးကြီးလှသည်ကား ပြည်သူတို့၏ ရင်တွင်းခံစားချက်ကို ဇာန်ဇာ သိရှိကာလူထု၏ ယုံကြည်မှုကိုရရှိအောင် ဆွဲဆောင်နိုင်ရေးပင်ဖြစ်သည်။

သို့ရာတွင် နိုင်ငံရေးဟူသည် ရွေးကောက်ပွဲတွင်သာ ရပ်တန့်နေသည်မဟုတ်ရကား ရွေးကောက်ပွဲလွန်ကာလ ပြည်သူတို့၏ ယုံကြည်မှုကို ဆက်လက်ထိန်းသိမ်းနိုင်ရေးမှာ သာလွန်အရေးကြီးလှပေသည်။

ယခုအချိန်တွင်မူ အမေရိကန်သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်သူ ထရန့်မှာ ရွေးကောက်ပွဲကတိကဝတ်များအတိုင်း သူဖြည့်ဆည်းပေးနိုင်မည်လောဟု စောင့်ကြည့်ကြချိန် ရောက်ပေပြီ။

အမေရိကန်ပြည်ထောင်စုကြီးကို တစ်ကျော့ပြန် ခမ်းနားထည်ဝါလာအောင် လုပ်ပေးမည်ဟူသော ထရန့်၏ ကတိစကားမည်မျှမှန်လာမည်ကို အားလုံးက စောင့်စားကြည့်ရှုကြပေလိမ့်မည်။

ရွေးကောက်ပွဲရလဒ် ပေါ်ထွက်လာပြီးနောက်ဟီလာရီ၏ ဘက်တော်သားများ မကျေမနပ်ဖြစ်ကာ လမ်းပေါ်ထွက်ကာ ဆန္ဒပြကြရင်း ဒီမိုကရေစီစနစ်၏ ဓလေ့စရိုက်ကို ပြသကြလေတော့သည်။



ဓာတ်ပုံ– thedoctorweighsin.com

၄၅ ဦးမြောက် သမ္မတဖြစ်လာမည့် ထရန့်ကို သမ္မတအိုဘားမားက အိမ်ဖြူတော်တွင် တွေ့ဆုံကာ ချောမွေ့စွာတာဝန်လွှဲပြောင်းပေးရေး ဆွေးနွေးခဲ့လေသည်။

ထရန့်သည် သမ္မတရာထူးနှင့် မထိုက်တန်ဟု အိုဘားမားက ရွေးကောက်ပွဲအကြိုကာလတွင် ဝေဖန်ခဲ့လင့်ကစား ရွေးကောက်ပွဲရလဒ်ကို ပြည်သူအားလုံး လက်ခံကြဖို့ အိုဘားမားက တိုက်တွန်းခဲ့ခြင်းမှာလည်း ဒီမိုကရေစီ၏ ဓလေ့စရိုက်တစ်ခုဖြစ်သည်ဟု ကျွန်ုပ်တွေးတောမိ၏။

## ပုံစံသစ်ဖြင့် ထုဆစ်မည့်သူ

အမေရိကန်နိုင်ငံရေးကို ပုံစံသစ်ဖြင့် ထုဆစ်မည့်ပုဂ္ဂိုလ်သည်ကား သူဌေးကြီးဘဝမှ သမ္မတဘဝသို့ တက်လှမ်းလာသူ ထရန့်ဖြစ်၏။ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလတွင် သူ၏အဟောများ၊ သူ၏ အပြောများကို မူဝါဒရေးရာ အဆိုပြုချက်သစ်များအဖြစ် ကြားနာခဲ့ကြရ၏။ သဘောထားတင်းမာသော မူဝါဒကောက်ကြောင်းများအဖြစ် အငေါ်တူးသူများရှိသလို နိုင်ငံ့ခေါင်းဆောင်ဟူသည် သံလက်သီးဖြင့် ထိုးသင့်သူကို ထိုးရမည်ဟု ရှုမြင်သူများလည်း ရှိကြ၏။

မူဝါဒရေးရာအရ ထရန့်၏ သံပတ်တင်းပုံမှာ ကြိုက်သူလည်းရှိ၊ မကြိုက်သူလည်း ရှိကြပေမည်။ နောက်လာတဲ့ မောင်ပုလဲ ဒိုင်းဝန်ထက်ကဲသူ ဖြစ်လေမလား ဟူ၍လည်း တွေးဆသူများရှိကြပေမည်။

မည်သို့ဆိုစေ ထရန့်၏ မူဝါဒရေးရာ အဆိုပြုချက်များသည် ဥပဒေကြမ်းအဆင့်သို့၊ ထိုမှတစ်ဆင့် ဥပဒေအဖြစ်သို့ ရွေ့လျောရောက်ရှိလာမည်ဟု တွက်ဆရ၏။

အရေးကြီးလှသည်မှာ သမ္မတနှင့် ကွန်ဂရက်အကြား အပြန်အလှန် မည်သို့ ထိန်းကျောင်းမည်ကို ကျွန်ုပ်တို့ လေ့လာစောင့်ကြည့်ရပေမည်။

ရွေးကောက်ပွဲရလဒ်အရ ထရန့်၏ ရီပတ်ဘလေကန်ပါတီက ကွန်ဂရက်ရှိလွှတ်တော်နှစ်ရပ်စလုံးတွင် အမတ်နေရာ အများစုကို ထိန်းထားနိုင်မည်ဖြစ်ပေရာ သမ္မတနှင့် ကွန်ဂရက်အကြား အပြန်အလှန် ထိန်းကျောင်းပုံ အသို့ရှိလာမည်နည်းဟု အများသူငါ တွေးဆလျက်ရှိကြလေသည်။

အမေရိကန်သမ္မတ၏ ဩဇာအာဏာမှာ ကြီးမားလှသော်လည်း နိုင်ငံရေး အင်စတီကျူးရှင်းများ အားကောင်းခြင်းကြောင့် သမ္မတကိုယ်တိုင် လုပ်ချင်တိုင်း လုပ်မရသည့် အနေအထားများနှင့် တွေ့ကြုံရဖွယ်ရှိသည်။ အစွန်းရောက်သည့် အဆိုပြုချက်များကို ထရန့်က တင်ပြလာသည့်တိုင် ကွန်ဂရက်ရှိ ချင့်ချိန်ပိုင်းခြားဝေဖန်တတ်သော ရီပတ်ဘလေကန်အမတ်အချို့က လက်မခံပယ်ချမှုရှိလာနိုင်ပေသည်။

မဲဆွယ်စည်းရုံးရေး ကာလအတွင်း ဒေါင်းတည်မောင်းတည် လှုံ့ဆော်မှုများဖြင့် လူထုကို စည်းရုံးခဲ့သော ထရန့်သည် သူ၏ မူဝါဒရေးရာ အဆိုပြုချက်များကို အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းသည့်အခါ ခဲရာခဲဆစ် လုပ်ဆောင်ရဖွယ်ရှိနေ၏။

ထရန့်မှာ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီးချိန်မှစ၍ စိန်ခေါ်မှုအမျိုးမျိုးနှင့် စတင်ကြုံတွေ့ရသည်မှာကား သေချာလှ၏။ အကြောင်းမူကား သူ၏ မူဝါဒအရွေ့ကို ကြိုက်နှစ်သက်သူ ပြည်သူများအပေါ် အခြေခံကာ ရွေးချယ်တင်မြှောက်ခံခဲ့ရလင့်ကစား ရွေးကောက်ပွဲရလဒ် ပေါ်ထွက်လာအပြီး မကြာမတင်မှာပင် ဘော်စတန်မြို့မှသည် လော့စ်အိန်ဂျလိစ်မြို့အထိ ကန့်ကွက်ဆန္ဒပြမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရခြင်းကြောင့်ပေတည်း။

## အမေရိကန် စံတန်ဖိုးများ

အမေရိကန် စံတန်ဖိုးများကို ပြန်လည်ပုံဖော်မည်ဟု ကြုံးဝါးခဲ့သူ ထရန့်က နိုင်ငံ့သမိုင်း စာမျက်နှာသစ် ဖွင့်လှစ်ပုံမှာ ထူးခြားဆန်းကြယ်နေ၏။ အမေရိကန်၏ ပထမဆုံးသော ကုဋေကြွယ်သူဌေးကြီး သမ္မတဟူသည့် ဂုဏ်ပုဒ်ကပင် အမေရိကန်၏ စံတန်ဖိုးများကို စည်းချိုးရာ ရောက်၏။ အစိုးရဌာနတစ်ခုခုတွင် တာဝန်ထမ်းဆောင်ဖူးခြင်း အလျဉ်းမရှိသူတစ်ဦးကို နိုင်ငံ့ခေါင်းဆောင်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းမှာလည်း အမေရိကန်၏ စံတန်ဖိုးများ ပြောင်းလဲလာမှုကို ထင်ဟပ်နေ၏။

စီးပွားရေးအင်ပါယာ ထူထောင်နိုင်ခဲ့သူ ထရန့်က နိုင်ငံရေးအင်ပါယာကို မည်သို့တည်ထောင်မည်နည်း၊ နိုင်ငံရေးအင်ပါယာတည်ထောင်ရာတွင် အကျိုးစီးပွားချင်း ပဋိပက္ခဖြစ်မှုများ မည်သို့ ရှိလာမည်နည်း၊ ထရန့်ရေးသည့် နိုင်ငံရေးဇာတ်ညွှန်းအတိုင်း နိုင်ငံရေးဇာတ်ပွဲကြီးကို သူနိုင်အောင် ကနိုင်ပါမည်လောစသည်ဖြင့် ယခုအချိန်တွင် မေးခွန်းထုတ်နေကြသည်။

ထရန့်၏ မူဝါဒရေးရာ အရွေ့ကြောင့် အာရှနိုင်ငံများ ထိခိုက်မှုရှိလာမည်လောဟူ၍ အာရှသားတို့က သတိကြီးကြီးဖြင့် လေ့လာစောင့်ကြည့်လျက်ရှိကြလေသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးတည်ငြိမ်မှုရှိသည့် လက္ခဏာများကို ပြသလျက်ရှိနေစဉ်တွင် အမေရိကန်သမ္မတသစ်က တရုတ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးမှုကို တန့်သွားအောင် လုပ်ဆောင်လေမလားဟု တွေးဆမှုများရှိသည်။ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလက ထရန့်၏ မူဝါဒပလက်ဖောင်း တစ်ခုမှာ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒ ထင်ဟပ်နေပြီး တရုတ်ပစ္စည်းများအပေါ် ကြီးလေးစွာအခွန်ကောက်ယူမည်၊ တရုတ်သည် ငွေကြေးကစားသည့်နိုင်ငံဖြစ်သည်ဟု ထရန့်က ဟောပြောခဲ့သည်။

ပစိဖိတ်သမုဒ္ဒရာဖြတ် မိတ်ဖက်ပြုရေးအစီအစဉ်ကဲ့သို့ ဒေသဆိုင်ရာ ကုန်သွယ်ရေး သဘောတူညီချက်များနှင့် ပတ်သက်၍ ထရန့်၏ ရပ်တည်ချက်အပေါ် စိုးရိမ်သူများလည်း ရှိနေကြသည်။ ကုန်သွယ်ရေး စီးဆင်းမှုများ ပိုမိုနှေးကွေးသွားပြီး မရေရာမှုများ ဖြစ်ပေါ်လာမည်ဆိုပါက ရင်းနှီးမြှုပ်နှံမှု ပိုမိုကျဆင်းကာ စီးပွားရေးတိုးတက်မှု ပိုမိုအားနည်းလာနိုင်ပေသည်။

အာရှဒေသနှင့် အမေရိကန်တို့အကြား ကုန်သွယ်ရေးနှင့် လုံခြုံရေး ဆက်ဆံမှုများအရ အကြီးအကျယ် ပြောင်းလဲလာမည်ဆိုလျှင် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာဖွယ်ရှိသည်ဟု မော်ဂန်စတန်လေဘဏ္ဍာရေးဝန်ဆောင်မှု ကော်ပိုရေးရှင်းက သုံးသပ်သည်။

## အာရှအပေါ် ဂယက်ရိုက်နိုင်မှု

အာရှတိုက်သည်ကား ကမ္ဘာကြီး၏ ကုန်ထုတ်လုပ်မှု အချက်အချာဒေသဖြစ်ပြီး နိုင်ငံအများအပြားမှာ ပြည်ပပို့ကုန်အပေါ် မှီခိုအားထားနေကြရသဖြင့် အကယ်၍သာ အမေရိကန်က ကုန်သွယ်ရေး အတားအဆီးများ ချထားလာမည်ဆိုလျှင် အာရှနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှုမှာ မှိုင်းမိသလို ဖြစ်လာဖွယ်ရှိသည်။

တောင်ကိုရီးယားနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှာ ထရန့်၏ စက်ကွင်းတွင် ရှေ့တန်းမှရှိနေကြဖွယ်ရှိသည်။ အကြောင်းမူကား ထရန့်က တောင်ကိုရီးယားနှင့် ၂၀၁၂ ခုနှစ်တွင် ရရှိခဲ့သည့် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်နှင့်ပတ်သက်၍ ဝေဖန်ခဲ့ခြင်းကြောင့်ဖြစ်သည်။ လွတ်လပ်သော ကုန်သွယ်မှုကို အကြောင်းပြု၍ အမေရိကန် ပြည်သူများ အလုပ်အကိုင်နေရာများ ဆုံးရှုံးနေရသည်ဟု ထရန့်က ပြောကြားခဲ့သည်။

ထရန့်သည် လူဝင်မှုကို ထိန်းချုပ်ကန့်သတ်မည်ဆိုပါက ဖိလစ်ပိုင် အလုပ်သမားများ ထိခိုက်နိုင်သည်။ ပြည်ပ၌ လုပ်ကိုင်နေသော ဖိလစ်ပိုင် လုပ်သားဦးရေ စုစုပေါင်း၏ ၃၅ ရာခိုင်နှုန်းမှာ အမေရိကန်သို့ သွားရောက်လုပ်ကိုင်ခြင်းဖြစ်သည်။ ရွှေ့ပြောင်းလုပ်သားများ၏ ပြန်လည်လွှဲပို့ငွေမှာ ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးအတွက် အရေးပါခြင်းကြောင့်ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန်သို့ ပို့ကုန်တင်ပို့သည့် အရှေ့တောင်အာရှနိုင်ငံများအနက် အရေးပါသည့် နိုင်ငံလည်းဖြစ်သည်။

အမေရိကန်၏ ပြည်တွင်းစီးပွားရေး ဖွံ့ဖြိုးမှုနှုန်းကို ပြန်လည်မြှင့်တင်နိုင်အောင် ကြိုးပမ်းရာတွင် မူဝါဒရေးရာ အပြောင်းအလဲများကြောင့် အမေရိကန်စီးပွားရေး တိုးတက်မှုအပေါ်မှ အာရှနိုင်ငံများ အကျိုးစီးပွားရရှိနိုင်မှု ပိုမိုလျော့နည်းလာနိုင်ဖွယ်ရှိသည်ဟု စိုးရိမ်ပူပန်မှုဖြစ်ကြရသည်။

သမ္မတတစ်ဦး၏ အခက်ဆုံးအလုပ်မှာ မှန်သည်ဟု အထင်ရောက်သည့် အရာကို လုပ်ကိုင်ရန်မဟုတ်၊ အမှန်တရားကို သိရှိနိုင်ရေး လုပ်ဆောင်ရန်သာဖြစ်သည်ဟု အမေရိကန်၏ ၃၆ ဦးမြောက် သမ္မတ လင်ဒန်ဂျွန်ဆင်က ဆိုမိန့်ခဲ့ဖူးလေသည်။ သမ္မတဟူသည် အာဏာစက်အသုံးပြုခွင့်ရှိသည့်တိုင် အမှန်တရားကို မျက်ကွယ်မပြုဘဲ လုပ်ငန်းဆောင်ရွက်အပ်ပုံကို ဖော်ကျူးသည့် အဆိုအမိန့်အဖြစ် ရှုမြင်မိရင်း "အမှန်တရား ဦးထိပ်ထား တိုင်းကားပြည်ရွာ သာယာသည်" ဟူ၍ ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

# နွေစပါးစိုက်ပျိုးရေး ရေပေးဝေရေးလုပ်ငန်းများကွင်းဆင်းကြည့်ရှု

**ပဲခူး နိုဝင်ဘာ ၁၂**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်သည် နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုး၊ ဦးစီးအရာရှိ ဦးထွန်းထွန်းဝင်းတို့နှင့်အတူ ပဲခူးခရိုင်အတွင်း ၂၀၁၆-၁၇ ခုနှစ်



ဆည်၊ ကန်များမှ နွေစပါးစိုက်ပျိုးရေး ရေပေးဝေရေးအတွက် ကြိုတင်ဆောင်ရွက်လျက်ရှိသော ပဲခူးမြို့နယ် ဇောင်းတူရေလွှဲဆည်နှင့် ဝေါမြို့နယ်အတွင်းရှိ ဇောင်းတူဆည်ရေသောက်ရေပေးမြောင်းများ၏ ရေလမ်းကြောင်း ရှင်းခြင်းလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ဇောင်းတူရေလွှဲဆည်သည် ပဲခူးတိုင်းဒေသကြီး ဌာနအုပ်ချုပ်မှုအောက်ရှိ ရေလှောင်တမံ ၃၉ ခု၊ ရေလွှဲဆည် ၁၄ ခု နှင့် ရေတံခါး ၁၇ ခု ရှိသည့်အနက်မှ ပဲခူးခရိုင်အတွင်းရှိ ပဲခူး၊ ဝေါ၊ ကဝ မြို့နယ်တို့၏ စိုက်ပျိုးရေးအတွက် အကျိုးပြုရုံသာမက ရန်ကုန်တိုင်းဒေသကြီး မိုင် ၃၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ခရမ်းမြို့နယ်အထိပါ စိုက်ပျိုးရေပေးဝေနေရသည့် ရေလွှဲဆည်တစ်ခုဖြစ်ကြောင်းသိရသည်။

**သူရအောင်(ပြည်)**

# တိုင်းရင်းဆေးဝါး ဥပဒေနှင့် ဆေးဝါးထုတ်လုပ်ခြင်းဆိုင်ရာ ညွှန်ကြားချက်များ ဒုတိယအကြိမ် ထပ်ဆင့်ရှင်းလင်း

**ဝါးခယ်မ နိုဝင်ဘာ ၁၂**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် တိုင်းရင်းဆေးကုဌာနက တိုင်းရင်းဆေးဝါးများနှင့် ပတ်သက်၍ အများပြည်သူ ဘေးအန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်စေရေးအတွက် မြို့နယ်အတွင်းရှိ တိုင်းရင်းဆေးဝါးထုတ်လုပ်သူနှင့် ရောင်းချသူများအား တိုင်းရင်းဆေးဝါး ဥပဒေနှင့် ဆေးဝါးထုတ်လုပ်ခြင်းဆိုင်ရာ ညွှန်ကြားချက်များ ထပ်ဆင့်ရှင်းလင်းခြင်းကို ဒုတိယအကြိမ်အဖြစ် မြို့နယ် တိုင်းရင်းဆေးကုဌာနရုံး၌ နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ဝါးခယ်မမြို့နယ် တိုင်းရင်းဆေးဝါးကြီးကြပ်မှုကော်မတီဝင်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူလေးဦး၊ တိုင်းရင်းဆေးဝါး ရောင်းချသောဆေးဆိုင် ၁၅ ဆိုင်မှ တာဝန်ရှိသူများ တက်ရောက်ကာ တိုင်းရင်းဆေးဝါး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်တင်တင်နုက တိုင်းရင်းဆေးဝါးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ထုတ်ပြန်ထားသော တိုင်းရင်းဆေးဝါး ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းဆိုင်ရာ အမိန့်ညွှန်ကြားချက်များကို အကျယ်တဝင့် ထပ်ဆင့် ရှင်းလင်းပြောကြားပေးပြီး တိကျစွာလိုက်နာဆောင်ရွက်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

# ပုလောမြို့၌ ကြက်လည်လိမ်ရောဂါကာကွယ်ရေးမျက်စဉ်းဆေးခတ်

**ပုလော နိုဝင်ဘာ ၁၂**
မြိတ်ခရိုင် ပုလောမြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနနှင့် မြို့နယ် ဝေါ့ဗ်ရှင်း(မြန်မာ)တို့ပူးပေါင်း၍ လက္ကူးကျေးရွာအုပ်စု မြဒေါင်ကျေးရွာအတွင်းရှိ တိုင်းရင်းကြက်များအား လည်လိမ်ရောဂါကာကွယ်ရေး မျက်စဉ်းဆေးကို နိုဝင်ဘာ ၁၀ ရက် နံနက် ၇ နာရီခွဲက ခတ်ပေးခဲ့ကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြိတ်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်ကျော်ဇောနှင့် ပုလောမြို့နယ် ဦးစီးအရာရှိ ဒေါက်တာဘုန်းကျော်တို့က ကြက်လည်လိမ်ရောဂါ ဖြစ်ပွားခြင်း၏ ဆိုးကျိုးနှင့် ကြက်လည်လိမ်ရောဂါ ကာကွယ်ဆေးအကြောင်းကို အသိပညာပေး ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာအတွင်းရှိ တိုင်းရင်းကြက်ကောင်ရေ ၂၀၀၀ ကျော်အား အဖွဲ့ငါးဖွဲ့ခွဲ၍ လည်လိမ်ရောဂါကာကွယ်ရေး မျက်စဉ်းဆေးကို ခတ်ပေးခဲ့ကြကြောင်း သိရသည်။

**ပုလော(ပြန်/ဆက်)**

# ပုဂံဗိုလ်ချုပ်ကြေးသွန်းရုပ်တု ဖွင့်ပွဲ စည်ကားစွာကျင်းပမည်

**ငါ့သရောက် နိုဝင်ဘာ ၁၂**
ငါ့သရောက်မြို့ မြနန္ဒာ ကျောက်ထီးဘုရားအနီးတွင် ထားရှိသော ပုဂံဗိုလ်ချုပ်ကြေးသွန်းရုပ်တုဖွင့်ပွဲကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားတွင် နံရံကပ်စာစောင်ပြပွဲ၊ စာပေဟောပြောပွဲ၊ ရုပ်သေးအကများဖြင့် ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ဗိုလ်ချုပ်ရုပ်တုမှာ နယ်ချဲ့တော်လှန်ရေး သူရဲကောင်းကို အမှတ်တရ ချီးမြှင့်ဂုဏ်ပြုလိုခြင်း၊ နယ်မြေဒေသရှိ နောင်လာနောက်သား မျိုးဆက်သစ်များ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ရှင်သန်ထက်မြက်စေရေး၊ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုသမ္မတနိုင်ငံတော် တည်ဆောက်ရာတွင် စိတ်ဓာတ်ရေးရာအရ တစ်တပ်တစ်အား အထောက်အကူပြုစေရန် ထုလုပ်ထားရှိခြင်းဖြစ်သည်။

ပုဂံဗိုလ်ချုပ်ကြေးသွန်းရုပ်တုကြီးကို ငါ့သရောက်မြို့တွင် The light of 59 ပညာဒါနပရဟိတအဖွဲ့နှင့်အတူ ဒေသခံများ စုပေါင်းကာ ဖွင့်ပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တိမ်တမန်**



# တရားလွှတ်တော်တရားသူကြီးချုပ် တရားရုံးအဆောက်အအုံ ဆောက်လုပ်နေခြင်းအားကြည့်ရှုစစ်ဆေး

**လှိုင်သာယာ နိုဝင်ဘာ ၁၂**
ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေသည် တိုင်းဒေသကြီးတရားရေးဦးစီးမှူး၊ ရုံးအဖွဲ့မှူးတို့နှင့်အတူ လှိုင်သာယာမြို့နယ် တရားရုံးအဆောက်အအုံဆောက်လုပ်ခြင်း လုပ်ငန်းခွင်သို့ နိုဝင်ဘာ ၈ ရက် မွန်းလွဲပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံအား သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီရေး၊ သတ်မှတ်ချိန်အတွင်း ပြီးပြတ်ရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

**၃၂၉**

# မျက်စိအတွင်းတိမ်လူနာအား မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၌ အခမဲ့ ခွဲစိတ်ကုသပေးမည်

**ချောင်းဆုံ နိုဝင်ဘာ ၁၂**
မွန်ပြည်နယ်အတွင်းရှိ မျက်စိအတွင်းတိမ် ခံစားနေရသော ပြည်သူများအား ထိုင်းနိုင်ငံ SCG Thailands Crown Property Bureau and Banphaeo Hospital မှ အဖွဲ့နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာနတို့ပူးပေါင်းပြီး မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၌ နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ မြို့နယ် ၁၀ မြို့နယ်မှ အတွင်းတိမ်လူနာ ၂၀၀ အား ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကုသမှုနှင့် ပတ်သက်ပြီး ချောင်းဆုံမြို့နယ်မှ မျက်စိအတွင်းတိမ်ခံစားနေရသော ဝေဒနာရှင်များအနေဖြင့် နိုဝင်ဘာ ၂၈ ရက်တွင် မော်လမြိုင်ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီးများက ခွဲစိတ်ရမည့် လူနာများအား ထပ်မံစစ်ဆေးအတည်ပြုသွားမည်ဖြစ်ရာ ခွဲစိတ်ကုသမှု ခံယူသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာန၊ ဌာန(ခွဲ)များနှင့် သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးများထံသို့ သွားရောက်စာရင်းပေးနိုင်ကြောင်း မြို့နယ်ကျန်းမာရေးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အိမ်မဲမြို့နယ်တွင်မီးဘေးလုံခြုံရေးအတွက် ဆီဆိုင်များအားကွင်းဆင်းစစ်ဆေး

**အိမ်မဲ နိုဝင်ဘာ ၁၂**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်အတွင်း မီးဘေးလုံခြုံရေးအတွက် မြို့ပေါ်ရပ်ကွက်များနှင့် ရေသိုးညောင်ဝိုင်းကျေးရွာ၊ တကောကျေးရွာတို့ရှိ ဆီဆိုင်များအား မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က ပူးပေါင်း၍ နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီမှစ၍ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးမှုနှင့်အတူ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကွမ်းယာဆိုင်များတွင် ကွမ်းစားသုံးမှုဆိုးကျိုးများနှင့် ပတ်သက်သည့် အသိပညာပေးဆိုင်းဘုတ်များ ကပ်ထားမှု ကွင်းဆင်းစစ်ဆေး၍ ကွမ်းယာရောင်းချသူများနှင့် ပြည်သူများအား အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပွင့်လင်းရာသီကာလအတွင်း မီးဘေးကင်းစင်ရေး လိုက်လံစစ်ဆေး၊ အကြံပြုခြင်းများနှင့်အတူ လေ့ကျင့်ခြင်းများကိုလည်း ပိုမိုဆောင်ရွက်

**သထုံ နိုဝင်ဘာ ၁၂**
ပူပြင်းခြောက်သွေ့လာသည့် ပွင့်လင်းရာသီကာလတွင် မီးဘေးအန္တရာယ်ကင်းဝေးပြီး ပြည်သူများ အေးချမ်းစွာ နေထိုင်နိုင်ရန်အတွက် မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ မြို့နယ်များတွင် ယခုလအတွင်း မီးဘေးလုံခြုံရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်နေပြီး စွမ်းရည်ပြည့်ဝစေရန်အတွက် လေ့ကျင့်မှုများကိုလည်း ပိုမိုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"သထုံခရိုင်ထဲက မြို့နယ်တိုင်းမှာ မီးဘေးအန္တရာယ်ကင်းစင်ဖို့အတွက် တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးကြပ်မတ်ပြီးတော့ မီးငြိမ်းသတ်လက်တွေ့သရုပ်ပြသတာမျိုးကိုလည်း ကျေးရွာတော်တော်များများမှာ ပြုလုပ်ခဲ့တယ်။ ဈေး၊ စက်ရုံ၊ အလုပ်ရုံတွေနဲ့ အခြားလုပ်ငန်းတွေမှာလည်း သတ်မှတ်ထားတဲ့ အရေးပေါ် မီးငြိမ်းသတ်ပစ္စည်းတွေ ရှိ- မရှိ စစ်ဆေးပြီး မီးလောင်မှုဖြစ်ပွားနိုင်တဲ့ အကြောင်းအရင်းတွေကို သတိမူကြဖို့ ဆွေးနွေးအကြံပြုခဲ့ပါတယ်။ မီးလောင်မှုဖြစ်ပွားရင် အဓိကအရေးကြီးတာက မီးသတ်ယာဉ်အဝင်အထွက် လမ်းအဆင်ပြေဖို့ပါပဲ။ ဒါကိုပြည်သူတွေ နားလည်စေဖို့ သက်ဆိုင်ရာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ပူးပေါင်းပြီး ရပ်ကွက်၊ ကျေးရွာအတွင်းမှာ မီးသတိပေးနှိုးဆော်တာကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်မှာပါ" ဟု သထုံခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြင်ထွန်းက ပြောကြားခဲ့သည်။

မီးဘေးလုံခြုံရေးအတွက် ကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးစသည့်လုပ်ငန်းများကိုခရိုင်အတွင်း စီမံချက်ဖြင့်ဆောင်ရွက်လျက်ရှိပြီး မီးသတ်တပ်ဖွဲ့ဝင်များ အမြဲသတိရှိနေစေရန် ဇာတ်တိုက်လေ့ကျင့်မှုများကိုပါ မပြတ်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

သထုံခရိုင်အတွင်းရှိ မြို့နယ်လေးခုတွင် မီးငြိမ်းသတ်ယာဉ် ၁၉ စီး၊ ရေသယ်ယာဉ် ရှစ်စီး၊ မီးသတ် စက်ယာဉ် ၁၂ စီး၊ မီးသတ်သန္နေတပ်ဖွဲ့ဝင် ၁၁၆ ဦးနှင့် အရန်မီးသတ်အဖွဲ့ဝင် ၂၆၄၄ ဦးတို့ဖြင့် အရေးပေါ်မီးလောင်မှုဖြစ်ပွားပါက အချိန်မီထိန်းသိမ်းနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်ပါက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် စီစဉ်ထားကြောင်း ခရိုင်မီးသတ်ဦးစီးဌာနမှ သိရသည်။

**သက်ဦး(သထုံ)**

# သထုံတွင် ရော်ဘာခြံများ၌ လုပ်ကိုင်မည့် အစေးခြစ် ကျွမ်းကျင်လုပ်သားများငှားရန် ပိုမိုခက်ခဲလာ



**သထုံ နိုဝင်ဘာ ၁၂**
မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ရော်ဘာစိုက်ပျိုးသူအများစုမှာ ခြံလုပ်ငန်းများစတင်နေကြပြီဖြစ်သော်လည်း အစေးခြစ်ကျွမ်းကျင်ခြံလုပ်သားများ ငှားရမ်းရာတွင် တစ်နှစ်ထက်တစ်နှစ် ပိုမိုခက်ခဲလာကြောင်း ရော်ဘာခြံရှင်များ၏ ပြောကြားချက်အရ သိရသည်။

“ဒီနှစ်က မနှစ်ကထက်စာရင် ဈေးပိုပေးကြပါတယ်။ ကျွန်တော်တို့ဆီက အစေးခြစ်ကျွမ်းကျင်လုပ်သားတွေက အများအားဖြင့် ပိုပြီးလုပ်အားခကောင်းတဲ့ ထိုင်းမှာ အလုပ်သွားလုပ်ကုန်ကြတယ်။ တခြားနယ်က လာလုပ်တဲ့သူတွေတော့ရှိပါတယ်။ မနှစ်ကထိ တစ်ပင်ခြစ်ခကို ခြောက်ကျပ်ခွဲလောက် ပေးခဲ့ပေမယ့် ဒီနှစ်မှာတော့ ခြစ်ခကို ခုနစ်ကျပ်အချို့ဆို ၁၀ ကျပ်လောက်ထိ တက်ပြီးပေးတာတောင် လုပ်မယ့်သူက ရှားနေတာ။ အစေးခြစ်တာက ကျွမ်းကျင်မှုမရှိရင် အပင်ပါ ပျက်စီးမှာဆိုတော့ စိတ်ချရတဲ့သူကိုပဲ သုံးချင်တယ်” ဟု တစ်နိုင်တစ်ပိုင်စိုက်ပျိုးသူ ကိုကျော်ဇင်က ဆိုသည်။

သထုံမြို့နယ်တွင် ရော်ဘာအစေးခြစ် ကျွမ်းကျင်လုပ်သားများမှာ ၂၀၁၂ ခုနှစ် ဝန်းကျင်လောက်မှစတင်ပြီး တဖြည်းဖြည်း လုပ်ကိုင်လိုသူရှားပါးလာကာ ခြံပိုင်ရှင်များက မိမိခြံအတွင်း လုပ်သားများ ရေရှည်လုပ်ကိုင်နိုင်ရန်အတွက် လုပ်အားခအပြင် အထွေထွေထောက်ပံ့မှုများနှင့် ကြိုတင်စရံငွေများ ပေးကာ စာချုပ်ချုပ်ထားရကြောင်း၊ အစေးခြစ်ကာလရောက်မှ လုပ်သားခေါ်ယူမည်ဆိုပါက ပိုမို ခက်ခဲကြောင်း၊ ရော်ဘာဈေးနှုန်းမှာလည်း အားရလောက်အောင် ဈေးကောင်းမရသဖြင့် လုပ်သားများအား ဈေးပိုပေးရန်မဖြစ်နိုင်သဖြင့် လုပ်ငန်းလည်ပတ်ရန်ပင် အခက်ခဲများရှိကြောင်း သိရသည်။

“ကျွမ်းကျင်မှုအပေါ် မူတည်ပြီး တစ်ရက်ကိုအပင် ၄၀၀၊ ၅၀၀ လောက်က ၈၀၀ လောက်အထိခြစ်နိုင်တယ်။ အပင်တစ်ပင်ကို ၁၀ ကျပ်လောက်ရရင်တော့ သိပ်မဆိုးဘူးပေါ့။ ခြံရှင်တွေကလည်း ရော်ဘာဈေးမကောင်းတော့ အလုပ်သမားတွေကို ဈေးပိုမပေးနိုင်ဘူး” ဟု အစေးခြစ်လုပ်သား ကိုဝင်းဇော်က ပြောသည်။

ကျွမ်းကျင်လုပ်သားများ ရှားပါးလာသည့်အတွက် စနစ်တကျအစေးခြစ်နည်း သင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် ကျွမ်းကျင်လုပ်သားများရရှိအောင် မွေးထုတ်ပေးလျက်ရှိကာ ဒေသတွင်းလုပ်သား ခက်ခဲပါက အခြားဒေသများမှ အစေးခြစ်ရန် စိတ်ဝင်စားသူများကို ကျွမ်းကျင်အဆင့် လုပ်ကိုင်နိုင်သည်အထိ မြို့နယ်ရော်ဘာလုပ်ငန်းရှင်များအသင်းအနေဖြင့် အကူအညီများပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သထုံမြို့နယ်တွင် ရော်ဘာ စိုက်ဧကပေါင်း ၄၆၀၀၀ ကျော်ရှိပြီး လုပ်သား ၃၈၀၀ ကျော်ခန့် ဝင်ရောက် လုပ်ကိုင်လျက်ရှိကာ အစေးခြစ်ကာလမှာ စက်တင်ဘာ ဒုတိယအပတ်မှ စတင်ကာ မေလအလယ်ထိ လုပ်ကိုင်ကြပြီး အစေးအထွက်ဆုံးအချိန်သည် အောက်တိုဘာလမှ ဇန်နဝါရီလအထိ ဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## ဝါစိုက်တောင်သူများအား ရွှေတောင်(၈)ချည်မျှင်ရှည်ဝါနှင့်ပတ်သက်၍ စိုက်ကွင်းအတွင်း နည်းပညာပေးရှင်းလင်း

**မကွေး နိုဝင်ဘာ ၁၂**
မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အုန်းတွဲကျေးရွာရှိ တောင်သူဦးဝင်းမြင့်၏ ရွှေတောင်(၈) ချည်မျှင်ရှည်ဝါ တောင်သူနည်းပညာပေးစိုက်ခင်းတွင် စိုက်ပျိုးရေးဦးစီးဌာနက နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီက တောင်သူနည်းပညာပေး ကွင်းသရုပ်ပြပွဲပြုလုပ်ရာ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒု-တိုင်းဦးစီးမှူး၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်မှ ဝန်ထမ်းများ၊ အုန်းတွဲကျေးရွာ၊ တမို့ကျေးရွာ၊ သြဇာကုန်းကျေးရွာနှင့် ယင်းဆိပ်ကျေးရွာတို့မှ ဝါစိုက်တောင်သူစုစုပေါင်း ၁၂၅ ဦးတို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ကွင်းပြပွဲတွင် ဒု-တိုင်းဦးစီးမှူးက လက်ရှိဌာနမှဖြန့်ဖြူးပေးနေသော ငွေချည်(၆)၊ ငွေချည်(၉)နှင့် ရွှေတောင် (၈) ဝါမျိုးများမှ မျိုးရိုးဗီဇ အရည်အသွေးလက္ခဏာများကို ဝါစိုက်တောင်သူများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးမှ တစ်ဧက ဝါပိဿာ ၁၀၀၀ ကျော် ထွက်ရှိရေးအတွက် အထွက်တိုးနည်းပညာ ၁၀ ချက်ကို ရှင်းလင်းပြောကြားကာ တောင်သူများနှင့် အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တောင်သူ ဦးဝင်းမြင့်၏ ရွှေတောင် (၈) ချည်မျှင်ရှည်ဝါ တောင်သူနည်းပညာပေး စိုက်ပျိုးထားသော စိုက်ခင်းတွင် စိုက်ပျိုးရေးဌာနဝန်ထမ်းများက တောင်သူများနှင့်ပူးပေါင်းပြီး စိုက်ပျိုးထားရှိပုံ၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ တောင်သူများ သိလိုသည့် မေးမြန်းချက်များအား ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## အမျိုးသားဇာတ်ရုံ(မန္တလေး) အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၂**
မန္တလေးမြို့၏ ကျက်သရေဆောင် အမျိုးသားဇာတ်ရုံကြီးတစ်ခုဖြစ်သည့် အမျိုးသားဇာတ်ရုံ (မန္တလေး)ကို ၁၉၉၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၉ ခုနှစ်၌ ပြီးစီး၍ မြန်မာ့ရိုးရာယဉ်ကျေးမှု ဇာတ်တော်ကြီးများ၊ ပြဇာတ်များ၊ ယဉ်ကျေးမှုပဒေသာ ကပွဲများ၊ နှစ်နိုင်ငံယဉ်ကျေးမှုဖျော်ဖြေသည့်ကပွဲများ၊ ခေတ်ပေါ်တေးဂီတဖျော်ဖြေပွဲများကို လက်ခံကျင်းပပေးလျက်ရှိသည်။ ယခုအခါ အမျိုးသားဇာတ်ရုံကြီးတည်ဆောက်ခဲ့သည်မှာ နှစ်ပေါင်း ၁၆ နှစ်ခန့်ရှိခဲ့ပြီးဖြစ်၍ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားဇာတ်ရုံ (မန္တလေး) အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ပထမအဆင့်အနေဖြင့် ဇာတ်ရုံအတွင်း၊ အပြင် နံရံလေးဘက်ဆေးသုတ်ခြင်းလုပ်ငန်းနှင့် လိုက်ကာအတင်၊ အချမော်တာတန်းများ ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ဒုတိယအဆင့်အနေဖြင့် ဇာတ်ရုံအတွင်းရှိ ပွဲကြည့်ထိုင်ခုံများ လဲလှယ်ခြင်း၊ Sound System နှင့် Lighting System များကို ခေတ်နှင့်အညီ ပြောင်းလဲတပ်ဆင်ခြင်း၊ ဇာတ်ရုံအတွင်းဘက် အသံလုံ နံရံများအား အသစ်မွမ်းမံတပ်ဆင်ခြင်း၊ ဇာတ်ခုံကြမ်းခင်းများ အသစ်လဲလှယ်ခြင်းနှင့် အထွေထွေမွမ်းမံပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပြုပြင်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း အနုပညာဦးစီးဌာန ဇာတ်ရုံဌာနခွဲမှ သိရသည်။

**ကြေးမုံ**

## မန္တလေး – မြစ်ကြီးနားလမ်းပိုင်း ရွှေဘိုနှင့် မုဆိုးခြုံဘူတာကြား ခေတ်မီကိုးချောင်းဆက် သံလမ်းများ အစားထိုးပြုပြင်

**ရွှေဘို နိုဝင်ဘာ ၁၂**
ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၏ အစီအစဉ်အရ မီးရထားတိုင်း (၂) ရှာထောင်အင်ဂျင်နီယာမှူး၏စီမံမှုဖြင့် မုဆိုးခြုံဘူတာမှ ရွှေဘိုဘူတာအထိ မိုင်တိုင်အမှတ် (၄၃၆/၁၁) မှ (၄၄၄/၈) အထိ ဟောင်းနွမ်းပြီး ကြံ့ခိုင်မှုအားနည်းနေသော သံလမ်းများ အစားထိုးလဲလှယ်ခြင်း၊ ကျောက်ဖို့ခြင်း၊ ဇလီဖားတုံးများစစ်ဆေးခြင်း၊ သံလမ်းနှစ်ခုအကွာအဝေးဖြစ်သော တစ်မီတာ (၃ ပေ၊ ၃ လက်မ၊ ၃ မူး) ကို ပြန်လည်စိစစ်ချိန်ကိုက်ခြင်းလုပ်ငန်းကို နိုဝင်ဘာလဆန်းမှစ၍ ဆောင်ရွက်သည်။

ရှေးယခင်ကစ၍ မြန်မာနိုင်ငံတော်တွင် အစဉ်အဆက်သုံးလာခဲ့သော ရထားသံလမ်းတစ်ချောင်း၏ အရှည်မှာ ၃၉ ပေရှိပြီး ယခုအစားထိုးလဲလှယ်သောသံလမ်းမှာ ၃၉ ပေ ၉ ချောင်းကို ဆက်ထားသဖြင့် အရှည် ၃၅၁ ပေ ရှိသည်။ အဆိုပါ သံလမ်းဆက်သည့်လုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်တွင် ကိုရီးယားမှလာရောက်၍ တည်ဆောက်ထားသော စက်ရုံမှထုတ်လုပ်ပေးခြင်းဖြစ်သည်။

ယခုအချိန်ထိပြီးစီးမှုမှာ မိုင်တိုင်အမှတ် (၄၃၆/၁၁) မှ မိုင်တိုင်အမှတ် (၄၄၂/၂၂) ထိ ပြီးစီးပြီဖြစ်ပြီး သံလမ်းအငယ်တန်းအင်ဂျင်နီယာ (၃) ဦးထွန်းထွန်းဦးနှင့် အဖွဲ့ဝင်စုစုပေါင်း ၁၅ ဦး တို့က ဆောင်ရွက်လျက်ရှိကြောင်း တွေ့မြင်ရသည်။

**ဦးကျော်ဇေ (၅၇၂)**

## ပျားရည်ဈေးကောင်း၍ ပျားရှာလုပ်သားများ နေ့စဉ် မိသားစု အပိုဝင်ငွေရရှိ

**ငါ့သရောက် နိုဝင်ဘာ ၁၂**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်၌ ယခုလိုရာသီအချိန်သည် ပျားရည်စစ်စစ်ထွက်ရှိသည့် အချိန်ဖြစ်ပြီး ဝယ်ယူစားသုံးသူများနှင့် ဒေသထွက် ပျားရည်လက်ဆောင်ပေးလိုသူများက ပိုမိုနှစ်ခြိုက်စွာ ဝယ်ယူမှုများပြားနေကြောင်းသိရပြီး ပျားရှာလုပ်သားများအနေဖြင့် နေ့စဉ်ရှာ၍ရရှိသည့် ပျားရည်များကို တစ်ပုလင်းလျှင် ငွေကျပ် ၃၅၀၀၊ ၄၀၀၀ ခန့်ဖြင့် လက်မလည်အောင်ရောင်းချနေရ၍ ပျားရှာလုပ်သားများနေ့စဉ် မိသားစု အပိုဝင်ငွေရရှိကာ စီးပွားရေး အဆင်ပြေနေကြကြောင်း ငါ့သရောက်မြို့နယ်ရှိ ပျားရှာလုပ်သားများထံမှ သိရသည်။

“ကျွန်တော်တို့ ငါ့သရောက်မြို့နယ်မှာ နှစ်စဉ် တန်ဆောင်မုန်းလရောက်ပြီဆိုတာနဲ့ အညာကျေးလက်ဒေသတွေမှာရှိတဲ့ ဒေသခံပြည်သူတွေဟာ မိသားစုအပိုဝင်ငွေရရှိရေးအတွက် ပျားအုံတွေရှာဖွေပြီး ပျားရည်ရောင်းချတဲ့လုပ်ငန်းကို လုပ်ကိုင်ကြလေ့ရှိပါတယ်။ နောက်ပြီး ဒီလက တန်ဆောင်မုန်းလဖြစ်တဲ့အတွက် ရှာဖွေရရှိသမျှ ပျားအုံတိုင်းက ပျားရည်စစ်စစ်ထွက်ရှိပါတယ်။ ဒါ့ကြောင့် ဆေးဖက်အဖြစ် သုံးစွဲကြတဲ့သူတွေနဲ့ အညာဒေသထွက် ရာသီစာအဖြစ် အမှတ်တရ လက်ဆောင်ဝယ်ပေးချင်တဲ့သူတွေက ဒီအချိန်ထွက်တဲ့ ပျားရည်ကို ဝယ်ယူအားပေးမှု ပိုများပါတယ်။

“ကျွန်တော်တို့မြို့နယ်မှာ ပျားရည် တစ်ပုလင်းကို ငွေကျပ် ၃၅၀၀၊ ၄၀၀၀ ခန့် ရောင်းချနေရပါတယ်။ တစ်နေ့ကို ပျားရှာလုပ်သားတစ်ယောက် ပျားရှာထွက်ရင် အနည်းဆုံး ပျားရည်လေးပုလင်း၊ ငါးပုလင်းခန့် ရရှိပါတယ်။ ပျားရည်ဈေးကောင်းတာကြောင့် ပျားရှာလုပ်သားတစ်ဦးအတွက် တစ်နေ့ကို ပျားရည်ဖိုး အနည်းဆုံး ကျပ် ၁၅၀၀၀ ခန့် မိသားစုအပိုဝင်ငွေရရှိပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့မြို့နယ်မှာ ပျားရည်ဈေးကောင်းပြီး ပျားရည်ဝယ်ယူသုံးစွဲသူလည်း များနေတဲ့အတွက်ကြောင့် ပျားရှာလုပ်ငန်းလုပ်ကိုင်တဲ့သူတွေ နေ့စဉ်ပုံမှန်ဝင်ငွေရရှိနေလို့ စီးပွားရေးအဆင်ပြေနေကြပါတယ်”ဟု ငါ့သရောက်မြို့နယ် ဖြူကြီးကျေးရွာမှ နှစ်စဉ် ပျားရှာ လုပ်ငန်းလုပ်ကိုင်သည့်ဒေသခံတစ်ဦးက ပြောပြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## အသိပညာတိုးတက်မြင့်မားရေး စာပေဟောပြောပွဲကျင်းပ

**ဖျာပုံ နိုဝင်ဘာ ၁၂**
ကျောင်းသားလူငယ်များနှင့် စာပေချစ်သူများ အသိပညာဗဟုသုတ တိုးတက်ပွားများစေရေးအတွက် ရည်ရွယ်ပြုလုပ်သည့် စာပေဟောပြောပွဲအခမ်းအနားကို နိုဝင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီက ဖျာပုံခရိုင် ဖျာပုံမြို့ရှိ TTA ကိုယ်ပိုင် အထက်တန်းကျောင်း၌ ကျင်းပရာ စာရေးဆရာ ဦးဘုန်း(ဓာတု) I am the best.. ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ပြီး ကျောင်းသူ၊ ကျောင်းသားများ၏ သိလိုသည့် မေးခွန်းများကိုလည်း ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ TTA မှ ကျောင်းသား၊ ကျောင်းသူ ၂၀၀ ကျော်၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ၊ စာပေချစ်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သပြေထွန်း**

## ဘိုကာရှီမြေဆွေးထုတ်လုပ်ခြင်းနှင့် သစ်စိမ်းမြေဆွေးထုတ်လုပ်ခြင်း လက်တွေ့ပြသသင်ကြား

**ပုသိမ်ကြီး နိုဝင်ဘာ ၁၂**
ပုသိမ်ကြီးမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်းတွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော ဓာတုကင်းလွတ် သီးနှံစိုက်ပျိုးခြင်းသင်တန်း၏ လက်တွေ့သင်ကြားမှုအဖြစ် နိုဝင်ဘာ ၁၀ ရက် ညနေ ၃ နာရီက အဆိုပါကျောင်း၌ ကွင်းဆင်း သင်ကြားသည်။

ဓါတုကင်းလွတ်သီးနှံ စိုက်ပျိုးထုတ်လုပ်ခြင်း သင်တန်းတွင် ဘိုကာရှီမြေဆွေးပုံလက်တွေ့ပြုလုပ်ခြင်း၊ သစ်စိမ်းမြေသြဇာအကြောင်းနှင့် မြေဆီလွှာထိန်းသိမ်းခြင်း၊ ဉယျာဉ်ခြံသီးနှံများ၏ ဓာတုကင်းလွတ်စိုက်ပျိုးနည်း၊ ကညွတ်နှင့် ဟင်းသီးဟင်းရွက် သီးနှံများ၏ ရုပ်သွင်လက္ခဏာများ၊ ရေသွင်းရေထုတ်ခြင်းလုပ်ငန်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်း စသည်များကို ပုသိမ်ကြီးမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ လေးလေးခိုင်နှင့် လက်ထောက်ကထိကများက စာတွေ့လက်တွေ့ ရှင်းလင်းသင်ကြားခဲ့ပြီး တောင်သူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းပေးခဲ့သည်။

အဆိုပါဓာတုကင်းလွတ်သင်တန်းကို နိုဝင်ဘာ ၈ ရက်မှစတင်ကာ လေးရက်ကြာ သင်ကြားပေးခဲ့ပြီး ပုသိမ်ကြီးနှင့် အမရပူရမြို့နယ်တို့မှ တောင်သူများတက်ရောက်ခဲ့ကြသည်။

**ဖြိုးဝေ (ဆင်တဲ၀)**



# ကျီးမနိုးပွဲ သို့မဟုတ် သူခိုးကြီးညနောက်ဆက်တွဲ

မျိုးသိန်း (TKA)

ခုလို တန်ဆောင်တိုင်လရောက်လာလေတိုင်းကျွန်တော့ဘဝတွက် ဘယ်တော့မှမေ့ဖျောက်လို့ မရနိုင်တဲ့အဖြစ်ပျက်လေးတစ်ခုကို ပြန်ပြီးသတိတရဖြစ်နေမိတယ်ဗျာ။ အတိကျပြောရမယ်ဆိုရင် ဟိုးလွန်ခဲ့တဲ့ အနှစ် ၂၀ ကျော်ကာလ 'သူခိုးကြီးည ကျီးမနိုးပွဲည' လို့ခေါ်တဲ့ ညလေးတစ်ညဆီကိုပေါ့။ ကျွန်တော်တို့လမ်းထဲမှာ ခုလိုကာလ တန်ဆောင်တိုင်ပွဲတော်ကို ရောက်လာပြီဆိုရင် ရိုးရာမပျက် ဆီးမီးပူဇော်ပွဲတွေ ကျင်းပကြတယ်။ လပြည့်ကျော်တစ်ရက်နေ့ဆိုရင် အယုတ်၊ အလတ်၊ အမြတ်မရွေး အလှူဒါနပြုကျွေးမွေးတဲ့ နိဗ္ဗာန်ဈေးပွဲတော် လုပ်ကြတာဟာ ခုချိန်ထိပါပဲ။

ဒီလိုနေ့မျိုးတွေမှာဆို လမ်းထဲက လူကြီး၊ လူငယ်၊ ကျား-မ မရွေး တက်ညီလက်ညီ ကုသိုလ်ယူလုပ်အားပေးကြနဲ့တကယ့်ကို မမောနိုင်မပန်းနိုင်အောင် စည်ကားတဲ့ပွဲတော်တစ်ခုပါပဲ။ လမ်းသူလမ်းသားတွေနဲ့အတူ ကျွန်တော်တို့သူငယ်ချင်းလူငယ်တစ်စုလည်း ဝိုင်းဝန်းလုပ်အားပေးကြ၊ ကုသိုလ်ယူကြရင်းနဲ့ ညမှာလုပ်ကြမယ့် (သူခိုးကြီးည) အစီစဉ်တွေတွက် အိမ်တစ်အိမ်မှာစုပြီး တိုင်ပင်ကြတယ်။ ဒီနေ့ သူခိုးကြီးညမှာ စုပြီးထမင်းချက်စားကြမယ်။ နောက်ပြီး ထမင်းစားပြီးရင် သူများတွေအိပ်ချိန် အိမ်တွေမှာ စာတွေလိုက်ကပ်မယ်။

ဘယ်အိမ်ရှေ့တွေမှာ ဘယ်လိုရေးကြမလဲ၊ သမီးမိန်းကလေးတွေပဲ မွေးထားတဲ့အိမ်ရှေ့မှာ 'သမက်အလိုရှိသည်၊ သွားပါဖို့မလို ကားပါဖို့လိုသည်'၊ နောက် မြန်မာဆေးတွေရောင်းတဲ့ဆိုင်ရှေ့မှာ 'လိပ်ခေါင်းအထူးကုသည်'၊ လူပျိုကြီးအိမ်ရှေ့မှာ တွတ်ပီကာတွန်းထဲက 'လူပျိုကြီးစောတင်မောင်နဲ့ ဗိုက်လေးပုံ' ဒီလို စာတွေရေးပုံတွေဆွဲကြ၊ ဘယ်အိမ်ကို ဘယ်လိုရေးမယ် အကြံပေးကြ၊ ငြင်းကြခုန်ကြနဲ့ ပျော်ကြတာ။ ဒီလိုနဲ့ သူခိုးကြီးညကို ရောက်လာရော။ ဒီညလေးမှာ သူငယ်ချင်းတွေ ထမင်းစုချက်စားကြတာ တကယ်ကိုပျော်စရာပေါ့ဗျာ။ ညဉ့်နက် လူခြေတိတ်ချိန်လည်းရောက်ရော ကျွန်တော်တို့သူငယ်ချင်းတစ်စု ညနေက ကြိုတင်အကွက်ချတိုင်ပင်ထားကြတဲ့အတိုင်း သက်ဆိုင်ရာအိမ်တွေကို စာတွေလိုက်ကပ်ကြ၊ အိမ်တစ်အိမ်က မြောင်းကူးတံတားကို တခြားအိမ်ကတံတားနဲ့ မပြီးလဲကြ။ လမ်းထိပ်က ရပ်ထားတာကြာနေတဲ့ ကရိန်းကားအိုကြီးကို လမ်းဘေးကန်စွန်းအိုင်စပ်ထဲ တွန်းပြီးချကြ။ လမ်းထဲက အုန်းတုံးတွေ၊ တံတားတွေကိုမပြီး လမ်းထိပ်က ကားလမ်းပေါ်မှာ ပိတ်ထားကြနဲ့ အိမ်ရှင်တွေနိုးလာရင် ပြေးကြလွှားကြနဲ့ တကယ့်ကို စိန်ပြေးတမ်းကစားနေကြသလိုပဲ ပျော်နေကြတာ။ ဒီလိုနဲ့ မိုးလင်းခါနီးရောက်လာတော့ လူစုခွဲပြီး ကိုယ့်အိမ်ကိုပြန်အိပ်ကြတာပေါ့။

မနက်နေထွက်တော့ အိပ်ရာထဲကနေ အသံတွေကြားနေရတယ်။ ဒါပေမယ့် အရင်နှစ်တွေကလို လမ်းထဲကလူတွေက ရယ်ကြပြောကြတဲ့ အသံတွေမဟုတ်ဘဲ စိတ်မကောင်းစရာအသံမျိုး ကြားလိုက်ရတယ်။ ဒါနဲ့ စိတ်ထဲသိချင်လာတာနဲ့ အိပ်ရာထဲက ကပျာကယာထပြီး "ဘာဖြစ်တာလဲအမေလို့" အမေ့ကို စုံစမ်းသလိုမေးတော့ အမေက "ညက လူငယ်တွေပေါ့ကွယ်၊ ကားလမ်းမပေါ်မှာ အုန်းတုံးတွေ၊ တံတားတွေ ပိတ်ထားတာ။ ဒါကို မနက်ဝေလီဝေလင်းလောက်မှာ ကားတစ်စီးက မမြင်ဘဲ အရှိန်နဲ့ဝင်တိုက်လိုက်တာ။ ကားက လမ်းဘေးချောက်ထဲကျပြီး ကားပေါ်ပါလာတဲ့ လူနှစ်ယောက် ပွဲချင်းပြီးသေသွားတယ်။

"ဒီထက်ပိုဆိုးတာက ကားပေါ်မှာ အသက်မသေပဲ ကျန်ခဲ့တဲ့ ၂ နှစ်အရွယ် လူမမယ်ကလေးငယ်လေးက အသက်မဲ့နေတဲ့ သူ့အဖေနဲ့ အမေကို ဖက်ပြီးငိုနေတာ သနားစရာလေးသားရယ်" ဆိုတဲ့ အမေ့ရဲ့ ဆို့နင့်စွာပြောလာတဲ့အသံဟာ ကျွန်တော်ရဲ့ရင်ကို မီးစနဲ့ထိုးလိုက်သလို ခံစားလိုက်ရတယ်ဗျာ။ ကိုယ်တွေ ခဏတာပျော်ရွှင်ဖို့အတွက် ဒီကလေးငယ်လေးရဲ့ ဘဝကြီးတစ်ခုလုံးပေးဆပ်လိုက်ရတာ တန်ရဲ့လား။ ဒီကလေးငယ်နေရာမှာ ကိုယ်ဆိုရင်ရောဆိုတဲ့အတွေးလေးက နောက်နှစ်နောက်နှစ်တွေမှာ ကျွန်တော်တို့သူငယ်ချင်းတစ်စု သူခိုးကြီးညဆို လမ်းထိပ်ကလမ်းမပေါ်မှာ မိုးလင်းတဲ့အချိန်ထိ ရှိနေခဲ့ပါတယ်။

နောက်တက်လာတဲ့ညီငယ်တွေကို ကိုယ်တွေလို အပျော်လွန်ကာ မမှားမိစေဖို့နဲ့ မသိနားမလည်တဲ့သူတွေက လမ်းမပေါ်ပိတ်ထားမယ့် ဘယ်လိုအရာဝတ္ထုကိုမဆို ကားတွေဘေးမတွေ့ရလေအောင် ကိုယ်တွေ့မှားခဲ့တဲ့ သင်ခန်းစာကို နာကျင်စွာပေးဆပ်ရင်း နောက်ကို ဒီလိုမဖြစ်ရလေအောင် ကျွန်တော်တို့သူငယ်ချင်းတစ်စု လမ်းမပေါ်ကအတားအဆီးမှန်သမျှကို ဖယ်ရှားပေးခဲ့တာ ခုချိန်ထိပါပဲ။ ဒီနှစ်လည်း တာဝန်ယူဖယ်ရှားပေးဦးမယ်။

ဒီအဖြစ်ပျက်လေးဟာ တကယ်ဖြစ်ပျက်ခဲ့တာပါ။ ဒါကြောင့်လည်း မကြာခင်မှာရောက်ရှိလာတော့မယ့် သူခိုးကြီးည သို့မဟုတ် ကျီးမနိုးပွဲညမှာ မြန်မာပြည်အရပ်ရပ်က လူငယ်၊ ညီငယ်အပေါင်းတို့ကိုလည်း ကိုယ့်အပျော်လေးတစ်ခုတွက် သူတစ်ပါးဘဝတစ်ခုလုံး မပျက်သွားရလေအောင် အပျော်မလွန်ကြဖို့မိကြစေဖို့ ဒီစာလေးနဲ့ သတိပေးကာ ရေးသားလိုက်ပါရစေ။

*

## ညောင်ပင်ရှည်ကျေးရွာ၌ လမ်းဖောက်လုပ်ပြီးစီး၍ ဒေသခံများသွားလာရေးအဆင်ပြေ

**စစ်ကိုင်း နိုဝင်ဘာ ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မြို့နယ်အတွင်းရှိ ကျေးလက်နေ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး၊ သွားလာရေးလွယ်ကူစေရန်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရန် ရည်ရွယ်လျက် ကျေးလက်လမ်းတံတားများ ဖောက်လုပ်ပေးခဲ့ရာ စစ်ကိုင်းမြို့နယ် ညောင်ပင်ရှည်ကျေးရွာ အဝင်လမ်း သုည/သုည ဒသမ ၆၈)မိုင် မြေသားလမ်းခင်းခြင်းပြီးစီးသွား၍ ဒေသခံပြည်သူများ ဝမ်းသာလျက်ရှိသည်။

"ကျွန်တော်တို့ ကျေးရွာအဝင်လမ်း ဖောက်လုပ်ပေးခဲ့တဲ့အတွက် သက်ဆိုင်ရာဌာနတွေကို ကျေးဇူးတင်ပါတယ်။ ယခင်ကဆိုရင် ဒီလမ်းနေရာက မိုးရာသီဆိုရင် သွားလာရေးခက်ခဲပါတယ်။ ကျွန်တော်တို့ ဒီရွာလမ်းနဲ့ မန္တလေး-ရွှေဘိုသွား ကားလမ်းမကြီးနဲ့ ဆက်သွယ်ထားတဲ့အတွက် အခုဆိုရင် ရာသီမရွေးသွားလာနိုင်ပါပြီ။ မန္တလေး-ရွှေဘို ကားလမ်းမကြီးဘေးမှာတည်ရှိတဲ့ ဆားတောင်ကျေးရွာကြီးမှာ ကျေးရွာပြည်သူများအနေနဲ့ အားကိုးအားထားပြုနေရပါတယ်။ အဲဒီရွာကြီးမှာက ဈေးကြီးလည်းရှိတယ်။ အထက်တန်းကျောင်းကြီးလည်းရှိတယ်။ နောက်ပြီး သီတဂူဆရာတော်ဘုရားကြီး ဆောက်လုပ်လှူဒါန်းပေးတဲ့ တိုက်နယ်ဆေးရုံကြီးလည်းရှိတော့ ရွာသူ၊ ရွာသားတွေအနေနဲ့ ဈေးပဲသွားသွား၊ ကျန်းမာရေးအရ ဆေးရုံပဲသွားသွား၊ ကျောင်းသား၊ ကျောင်းသူလေးတွေလည်း အထက်တန်းကျောင်းကြီးမှာ ကျောင်းတက်ရတာကအစ အချိန်ကုန်သက်သာပြီး သွားလာရေး အဆင်ပြေကြပါတယ်"ဟု ကျေးရွာ ရပ်မိ၊ ရပ်ဖတစ်ဦးက ရှင်းလင်းပြောကြားခဲ့သည်။

စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆောက်လုပ်ပေးခဲ့သည့် ကျေးလက်လမ်းတံတားများ၊ သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးထားသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး ကျေးရွာနေ ပြည်သူနှင့် တွေ့ဆုံကာ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်းသိရသည်။

**ဇော်မြင့်နိုင် (ခရိုင် ပြန်/ဆက်)**



## ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကျိုးကျပျက်စီးသွားသော တံတားအားကွင်းဆင်းကြည့်ရှု

**သာစည် နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကြက်မောက်ကျေးရွာအုပ်စု ကြက်မောက်-ဇီးတောကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဇီးတောကျေးရွာအဝင်တွင် အလှူရှင်မှ လှူဒါန်းဆောက်လုပ်ပေးထားသော ကွန်ကရစ်တံတားမှာမိုးရွာသွန်းမှု များပြားခြင်း၊ မိတ္ထီလာကန်မှ ပိုလျှံရေလွှဲလွှတ်မှုနှင့် ကုန်းစီးရေများကြောင့် တံတားအုတ်ခံခုံများရှိ မြေသားများ ရေတိုက်စားပြီး ကျိုးကျပျက်စီးသွားရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်နှင့်တာဝန်ရှိသူများသည် နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီခွဲက သွားရောက်ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါ တံတားသည်မိတ္ထီလာကန်ပိုလျှံရေလွှဲလွှတ်ပါက သာစည်မြို့မင်းလှကန်အတွင်းသို့စီးဝင်သောမြောင်းပေါ်တွင်ရှိပြီး တံတားအရှည် ၃၂ ပေ၊ အနံ ၁၄ ပေရှိ ကွန်ကရစ်တံတားဖြစ်ကာ ကျေးရွာအဝင်တွင်ရှိသောကြောင့် ကျေးရွာသူ၊ ကျေးရွာသားများ သွားလာမှုအခက်အခဲရှိနိုင်၍ သွားလာမှုအဆင်ပြေစေရန် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်းသိရသည်။

**ထွန်းထွန်း(သာစည်)**



## မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် R-C slap တံတားပြိုကျပျက်စီး

**တံတားဦး နိုဝင်ဘာ ၁၂**

နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တံတားဦးမြို့နယ်အတွင်းရှိ သဲမောင်းကန်ကျေးရွာနှင့် ဥမှင်ကျေးရွာအကြား မြို့နယ်လမ်းဦးစီးဌာနပိုင် ကျောက်ဆည်-တံတားဦး လမ်းမိုင်တိုင်အမှတ် (၁၅/၇နှင့် ၁၆/၀) အကြားရှိ တံတားအမှတ်(၃/၁၆) အုတ်မြစ်တံတားမှာ နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက ပြိုကျပျက်စီးသွားကြောင်းသိရသည်။

အဆိုပါတံတားမှာ အကျယ် ငါးပေ၊ အလျား ၂၄ ပေ အုတ်မြစ်အမျိုးအစား R-C slap ဖြစ်ရာ မြို့နယ်လမ်းဦးစီးဌာနပိုင် တံတားဖြစ်၍ ပြိုကျပျက်စီးသည့် တံတားနေရာသို့ မြို့နယ်လမ်းဦးစီးဌာနမှ ဦးစီးမှူးက ကွင်းဆင်းစစ်ဆေးခဲ့ပြီး လမ်းအားခေတ္တပိတ်ထားရသည်။ လမ်းအသုံးပြုသူများ သွားလာရေး အဆင်ပြေလွယ်ကူစေရန် ယာယီတံတားအား ကျောက်ကြီးစီ သဲကြပ်၍ ပြုလုပ်ဆောင်ရွက်ထားပါကြောင်း၊ ထို့အပြင် ပြိုကျပျက်စီးသွားသည့် တံတားအား အခိုင်အမာ တည်ဆောက်နိုင်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲတင့် (ပြန်/ဆက်)**

## သီပေါမြို့နယ် နမ့်လန်၌ မြို့လုံးကျွတ်ဘုံကထိန်ပွဲကျင်းပ

**သီပေါ နိုဝင်ဘာ ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်တွင်မြို့လုံးကျွတ်မဟာဘုံကထိန်အလှူတော်ကို နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက်က စည်ကားစွာကျင်းပခဲ့သည်။ နိုဝင်ဘာ ၉ ရက်တွင်ကထိန်အလှူ ပဒေသာပင်များကိုမြို့တွင်း၌ လှည့်လည်ခဲ့ကြပြီး မြို့ပေါ်ကျောင်းတိုက်ခြောက်ကျောင်းနှင့် အနီးပတ်ဝန်းကျင်ကျောင်းတိုက် ၄၇ ကျောင်း စုစုပေါင်း ၅၃ ကျောင်းတိုက်မှ သံဃာတော် ၃၉၃ ပါးတို့အား တန်ဖိုးကျပ်သိန်း ၃၀၀ ကျော်ဖိုးရှိ အလှူပဒေသာပင်ပေါင်း ၃၉၃ ပင်ကို နိုဝင်ဘာ ၁၀ ရက် နံနက်က နမ့်လန်မဟာမြတ်မုနိဘုရားကြီးတွင် ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သီပေါကိုလတ်**

## ပင်လုံနှင်းဆီ ကိုယ်ပိုင်အထက်တန်းကျောင်း၏ ကျေးဇူးတင်လွှာ

ပင်လုံနှင်းဆီကိုယ်ပိုင်အထက်တန်းကျောင်း ကျက်သရေဆောင်ခန်းမကြီးတွင် ၃၀.၁၀.၂၀၁၆(တနင်္ဂနွေနေ့)၌ ကျင်းပပြုလုပ်သော (၂၀၁၅-၂၀၁၆) ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ၏ တက္ကသိုလ်ဝင်တန်း(၆) ဘာသာဂုဏ်ထူးရှင်များနှင့် ဂုဏ်ထူးရကျောင်းသူ/သားများ ဂုဏ်ပြုဆုငွေအတွက် ငွေစုစာအုပ်နှင့် ATMကတ်များအား ချီးမြှင့်ရန် အချိန်မီကူညီဆောင်ရွက်ပေးပါသော United Amara Bank ၊ ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးကြပါသော ဧည့်သည်တော်များ ၊ မိဘများနှင့် အတန်းအသီးသီးမှ ဆုရကျောင်းသူ/သားများအား လိုက်လိုက်လှဲလှဲ အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျောင်းအုပ်ချုပ်ရေးအဖွဲ့

အမှတ် ၆၄/၆၅၊ ဘုရင့်နောင်လမ်းမကြီး၊ ၂၇ရပ်ကွက်(ပင်လုံဥယျာဉ်အိမ်ရာ)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ 09 2400261, 09 448541535








opfawmeSJo pfy i fcspfc i fwbv rs/d o pfy i fu ESpf0pfu fa&Twdu fu pk

ကြော်ငြာ


Mingalar Thiri
Health Membership
PARAMI
PARAMI GENERAL HOSPITAL
ယခုလို အလှူအတန်းကုသိုလ်ပြုကြသော အချိန်အခါသမယတွင် မိသားစုဝင်တိုင်း ကိုယ်စိတ်နှစ်ပါး
ကျန်းမာရေးသုခအပြည့်အဝရရှိစေမည့် ကျန်းမာခြင်းလက်ဆောင်မွန်အဖြစ်
ပါရမီအထွေထွေရောဂါကုဆေးရုံ – ရန်ကုန် ၏
မင်္ဂလာသီရိ ကျန်းမာခြင်းရေးမိသားစုဝင်ကတ်
Mingalar Thiri Health Membership Card
အား
၁၆ ၊ ၁၁ ၊ ၂၀၁၆ ( ဗုဒ္ဓဟူးနေ့ )
မှစတင်၍ မိတ်ဆက်ရောင်းချပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
ကတ်တစ်ကတ်ကိုင်ဆောင်ထားရုံဖြင့် member သုံးဦးတွဲဖက်ကိုင်ဆောင်နိုင်ခြင်း
Free Medical Checkup (၃)ကြိမ်ခံစားခွင့်အပြင်အခြား(၂၂)မျိုးသောခံစားခွင့်များရရှိနိုင်ခြင်း
ကလေးလူကြီးနှင့်ပတ်သက်သော ကျန်းမာရေးဝန်ဆောင်မှုများအတွက် အသုံးပြုနိုင်ခြင်း
ကတ်သက်တမ်း (၃) နှစ်အထိအသုံးပြုနိုင်ခြင်း
Life is Precious, Health is Essential,
Mingalar Thiri is your Right Choice!
အသေးစိတ်သိရှိလိုပါက – (၀၁) ၆၅၇၂၂၆၊ ၆၅၇၂၂၈၊ ၆၅၇၂၃၀၊ ၆၅၇၂၃၁ (၁၀၁၃) သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။
Parami Hospital


Panasonic
LUMIX G DMC-GH4AGC
16.05 4K WiFi
• 16MP with 12-35mm Lens
Durable and Lightweight,
Magnesium Body
LUMIX DMC-FZ300
12.1 4K WiFi
• F2.8 with LEICA Lens
• 24x Optical Zoom,
5 Axis Hybrid O.I.S
HC-PV100
HD 20x 29 WIDE
• Brilliant Videos in low light
• 5-Axis HYBRID O.I.S
သီတင်းကျွတ်
အထူးပရိုမိုးရှင်း
ရှစ်သောင်းကျပ်အထိ ဗလာမပါခြစ်ကတ်ကံစမ်းမဲ
၃၀ နိုဝင်ဘာ ၂၀၁၆ အထိ
အရောင်းပြခန်း – ၀၁ ၈၆၀၄၆၉၃၊ ၀၁ ၂၉၂၆၆၄


အားလုံး အားလုံး ပျော်ဖို့ ...
HAPPY®
30g
ကော်ဖီ
HAPPY
3 in 1
Instant Coffee Mix
ကော်ဖီ၊ လက်ဖက်ရည်၊ ခရင်(မ်)မီကော်ဖီ၊ ကွေကာ


mazda
"ပျော်ရွှင်စရာ တန်ဆောင်တိုင်ပွဲတော်ကို MAZDA နှင့်အတူ ဆင်နွှဲလိုက်ကြပါစို့"
နေပြည်တော်၊ မန္တလေး၊ ပဲခူး အစရှိသော နယ်မြို့ကြီးများရှိ MAZDA ၏ မိတ်ဟောင်း၊ မိတ်သစ်
CUSTOMER များအတွက် အထူးလျှော့ဈေး ၁၄၇ သိန်း ကျပ်တိတိ
တန်ဆောင်တိုင် လက်ဆောင်မွန်များ
-Black Box
-3 Years Free Service
-All Year Paint Protection (From USA)
-Hamper & Many More
(အရေအတွက်အကန့်အသတ်ဖြင့်သာ)
*30% DOWN PAYMENT*
Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.
Yangon No.96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991
Mandalay No.10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline: 09 456 1111 04, 09 456 1111 05
Made In JAPAN
3 YEARS MAZDA WARRANTY


Ocean SUPERCENTER
HITACHI
Product Week
eco CHOICE
16th ~ 29th November, 2016
Ocean Supercenter (North Point Branch)
Ph : 01 - 652959, 652960, 652961, 652962
Ocean Supercenter (Pazundaung Branch)
Ph : 01 - 397148, 397149, 397906, 397907
Ocean Supercenter (Shwe Gone Daing Branch)
Ph : 01 - 8603868
Ocean Supercenter (Diamond Plaza Mandalay Branch)
Ph : 09 - 73189726, 09 - 73031503, 02 - 67187
Ocean Supercenter (Mingalar Mandalay Branch)
Ph : 02 - 2000112~115
Ocean Supercenter (Junction Centre Nay Pyi Taw Branch)
Ph : 067 - 421619, 421620
Ocean Supercenter (Ottarathiri Naypyitaw Branch)
Ph : 067 - 417620 ~ 21
Ocean Supercenter (Monywar Branch)
Ph : 071 - 28372 ~ 73
Ocean Supercenter (Mawlamyine Branch)
Ph : 057 - 24137, 24187
Ocean Supercenter (Pathine Branch)
Ph : 04 - 223978, 223975


MPT
ရွှေသို့လှမ်းချီမြန်မာပြည်
ကြိုက်သလောက်...ပြော
တစ်နေ့လုံး ၃၉၉ ကျပ်
*399#
• MPT ၏ Prepaid/Postpaid-GSM/WCDMA မိုဘိုင်းဖုန်း အသုံးပြုသူများအားလုံး ရယူအသုံးပြုနိုင်ပါသည်။
• MPT အချင်းချင်းကြိုက်သလောက်ပြော၊ တစ်နေ့လုံး ၃၉၉ ကျပ်သာကျသင့်မည့် Daily Unlimited Voice Package ကို VP1 ဟု ရိုက်နှိပ်၍ 1332 သို့ အခမဲ့ စာတိုပေးပို့ခြင်းဖြင့်လည်းကောင်း၊ *399# ဟု ရိုက်နှိပ်ခေါ်ဆိုခြင်းဖြင့်လည်းကောင်း ရယူနိုင်ပါပြီ။
• အဆိုပါ Package ကို ဝယ်ယူသည့်နေ့၏ ညသန်းခေါင်ယံအချိန်အထိ အသုံးပြုနိုင်ပါသည်။
* ၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရကုန်သွယ်ခွန် ၅% ကိုထပ်ဆောင်းကောက်ခံသွားပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106
free hotline
24 hours everyday




## ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကျင်းပမည့် စာအုပ်ဈေးပွဲတော်အတွက် ဆိုင်ခန်းများ စာရင်းပေးသွင်းနိုင်ပါကြောင်း

ပြန်ကြားရေးဝန်ကြီးဌာနက ကျင်းပမည့် ခေတ်ပြိုင်သမိုင်းဆိုင်ရာစာပေ စာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲကို ဒီဇင်ဘာလ ၁ရက်မှ ၄ ရက်အထိ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန(PPD)တွင် ကျင်းပသွားမည် ဖြစ်ပါသည်။

ဆိုင်ခန်းအကျယ်အဝန်းမှာ ပေ(၈×၆)ရှိပြီး ဆိုင်ခန်း ဖွင့်လှစ်သူများ အနေဖြင့် ဈေးပွဲတော်(၄)ရက်စာအတွက် ဆိုင်ခန်းဖွင့်လှစ်ခငွေ ကျပ်-၆၀၀၀၀/- နှုန်း ပေးသွင်းရမည်ဖြစ်ပါသည်။ ၂၅-၁၁-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဈေးပွဲတော် ဆိုင်ခန်းနေရာများကို မဲနှိုက်ရွေးချယ်ပေးသွားမည်ဖြစ်ပါသည်။ စာအုပ်ဆိုင် ဖွင့်လှစ်ရောင်းချလိုသူများအနေဖြင့် ၂၁-၁၁-၂၀၁၆ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပါသည်။

(ရန်ကုန်တက္ကသိုလ်အတွင်း ကျင်းပမည့် စာအုပ်ဈေးပွဲတော်နှင့် နိုဘယ်လ်မြန်မာစာအုပ်ဈေးပွဲတော်အတွက်ပါ အစီအစဉ်များ တင်ပြမည်ဖြစ်ရာ စာအုပ်တိုက်ပိုင်ရှင်များ ကိုယ်တိုင်တက်ရောက်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။)

အသေးစိတ်သိရှိလိုပါက
မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း
ဖုန်း-၀၉-၃၀၀၀၂၃၁၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## 0efkrf;t v nf

**Xin Yuan Bakery မှ အောက်ပါဝန်ထမ်းများ အလိုရှိသည်**

| | |
|---|---|
| Marketing | ကျား(၁)ဦး |
| Accountant | မ(၁)ဦး |
| အရောင်းဝန်ထမ်း | မ(၃)ဦး |
| ဆိုင်စာရင်းကိုင် | မ(၁)ဦး |

(၁) Marketing အတွေ့အကြုံ အနည်းဆုံး (၁)နှစ်ရှိရမည်။ Marketing နှင့် ပတ်သက်၍ ကျွမ်းကျင်မှုရှိရမည်။
(၂) ဘွဲ့ရ၊ LCCI Level(II) အောင်ပြီးသား ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ ရှိရမည်။
(၃) အခြေခံပညာအထက်တန်းနှင့် အသက်(၂၅)နှစ်အောက် ဖြစ်ရမည်။ နေ/စား စရိတ်ငြိမ်း
(၄) ဘွဲ့ရ (သို့မဟုတ်) ၁၀ တန်းအဆင့်၊ ကွန်ပျူတာ Basic ကျွမ်းကျင်ပြီး အသက်(၃၀)အောက်ဖြစ်ရမည်။ နေ/စား စရိတ်ငြိမ်း

လာရောက်လျှောက်ထားသူသည် ကိုယ်ရေးရာဇဝင်၊ မှတ်ပုံတင်နံပါတ်၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာ၊ ဓာတ်ပုံ(၁)ပုံတို့နှင့်အတူ တစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်သည်။

**(၁)+(၂)အတွက် ဆက်သွယ်ရန်-C/232၊ ရွာလယ်လမ်း၊ ၉/မ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-09-5133189၊ 01-8565593၊ 01-708267။ (၃)+(၄)အတွက် ဆက်သွယ်ရန်-တိုက်(A-1), Room(1,2)၊မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ဖုန်း-09-5181341, 09-73071003**

## မြေတူးစက် အပိုပစ္စည်းရောင်းရန်

Hitachi ZX250 Rock Bucket (1.3 CuM)
Hitachi ZX350 Rock Bucket (1.5 CuM)
Liebherr R 934 Standard Bucket (1.5 CuM)
10~15 tons Hydraulic Breaker

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၂၆၄၈၈၀၅၈၈**
**လိပ်စာ No.1380၊ ၆၀ ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့**

## ☆STAR☆

အခိုမြို့နယ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
Ph:09-43088052, 09-73254389, 09-421067330

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၄၊ မြေကွက်အမှတ်-၁၂/၇၊ မြေကွက်တည်နေရာအမှတ်-၁၂၀၊ ရတနာမြိုင်လမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ မြေပိုင်မြေ(မစိုက်ပျိုးမြေ) အမည်ပေါက် ဒေါ်လှကြည်မြေအား အမည်ပေါက် ဒေါ်လှကြည်၊ ခင်ပွန်းဖြစ်သူ ဦးလင်အင်ပါ(ခ) ဦးမောင်တင်၊ သမီးဖြစ်သူ ဒေါ်အေးအေးခိုင်တို့ ကွယ်လွန်သဖြင့် သား၊ သမီးများဖြစ်ကြသော လင်မေ့လန်(ခ)ဒေါ်ငွေလိုင်[၁၂/လမန(နိုင်)၀၄၉၂၂၉]၊ ဒေါ်မြင့်မြင့်ဌေး[၁၂/ကမရ(နိုင်)၀၃၈၉၄၀]၊ ဒေါ်မြင့်မြင့်လေး(ခ)လင်လေရုပ်[၁၂/ကမရ(နိုင်)၀၃၈၈၂၇]၊ ဒေါ်ကြူကြူ(ခ)လေကြူ[၁၂/ကမရ(နိုင်)၀၃၈၈၃၀]၊ ဒေါ်ရှုကြည်[၁၂/ကမရ(နိုင်)၀၃၈၈၉၇]၊ ဒေါ်ရီရီနွယ်[၁၂/ကမရ(နိုင်)၀၃၈၉၁၁]၊ ဒေါ်ပြုံးပြုံး[၁၂/ကမရ(နိုင်)၀၃၉၁၂၉]၊ ဒေါ်ချိုချိုမြင့်[၁၂/ကမရ(နိုင်)၀၃၈၈၉၉]၊ ဒေါ်ချိုချိုနိုင်[၁၂/ကမရ(နိုင်)၀၃၈၉၀၉]နှင့် မိဘများထက် စောစွာကွယ်လွန်သူ ဒေါ်အေးအေးခိုင်၏ သားသမီး (အမွေမဲ့မြေး)များဖြစ်ကြသော ဦးကောင်းခန့်ကျော်[၁၂/ကမရ(နိုင်)၀၆၇၃၈၀]၊ ဒေါ်ကျော့မွန်ခိုင်[၁၂/ကမရ(နိုင်)၀၆၆၅၂၉]တို့ထံမှ G/P ရသူ ဒေါ်ကြူကြူ(ခ)လေကြူ[၁၂/ကမရ(နိုင်)၀၃၈၈၃၀]မှ သေစာရင်း၊ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဂုဏ်သိက္ခာရှိစွာ တည်းခိုလိုသူတိုင်းအတွက် NEW TIGER HOTEL

ဟိုတယ်အသစ်ကြီးတွင် လာရောက်တည်းခိုကြသော မိတ်ဆွေ၊ မိတ်သစ်များအား အထူးလျှော့စျေးတင်ရှိပါသည်။
လမ်း ၈၀၊ ၃၇×၃၈ လမ်းကြား၊ မန္တလေးမြို့။ ဖုန်း ၀၂-၂၂၀၀၂၊ ၀၂-၃၃၂၂၇၊ ၀၂-၃၃၂၂၈၊ ၀၉-၇၈၇၆၀၀၀၉၆-၉၇-၉၈

## ဟန်းဂုု (HANGUK) ကိုရီးယားဘာသာစကားသင်တန်း

အထူးသင်တန်းကြေး (၈) သိန်းကျပ် (အမြတ်)EPS
စနစ်ဖြင့် ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်ပြီးလစာ
(၁၅) သိန်းနှင့်အထက် ရရှိနိုင်မည့် အခွင့်အလမ်း
www.facebook.com/HANGUK Korean Languages Center
09-784899914,09-784899915

## GW

0973226006
0973133528
0973077569
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

## နေလဲ့စံ

အသီကျဗိုက်ချပ်လိုသူများအတွက် ဗိုက်ချပ်လိမ်းဆေး၊ အသီကျသောက်ဆေး၊ ယားနာလိမ်းဆေး
တစ်ပြည်လုံးသို့ဖြန့်ချိလိုက်ပြီ၊ အမြို့မြို့အနယ်နယ်မှ ဆေးရုံ၊ ဆေးဆိုင်တိုင်းတွင် ရနိုင်ပါသည်။ ပင်ရင်း - Ph:01-200491, 09-5041238





တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက်
နေစိုးထက်
ဖြန့်ချိရေး
မိုးကျော် စာပေ

ခင်နှင်း

အာရှနဂါး
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

MIHARA
မြဝတီ - မဲဆောက်
ခရီးစဉ် (အပတ်စဉ်)
Car Rental Services
09-49218700, 09-5025400

## ပျောက်ဆုံးခြင်း

ကျွန်တော် ဦးအောင်မင်း [၁၄/ဝခမ(နိုင်)ဝဝ၉၂၁၈] ကိုင်ဆောင်သော သင်္ဘောသားလုပ်သက်စာအုပ် (ရန်-၃ဝဝ၄/ဝ၂)မှာ ပျောက်ဆုံး သွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-ဝ၉-၄၂ဝဝ၈၆၅၂၄**

## အမြန်အလိုရှိသည်

အိမ်ကားမောင်းရန် ယာဉ်မောင်းတစ်ဦးအမြန် အလိုရှိသည်။

**ဆက်သွယ်ရန်-ဝ၉-၂၅၂၅၄၃၂၃၁၊ ဝ၉-၇၇၈၄၉၇၁၇၁**

MYANMAR NOBLE COLLEGE
edexcel Approved Centre No.93711
HND Courses (Engineering , Business & Computing)
Pre-Foundation Course
Hot Line : 01-2331257, 09-780639577




## trnfjymif

ဦးအောင်ခိုင် [၇/ဒဥန(နိုင်)ဝ၃၂၇၈၆] ၏သမီးဖြစ်သူ အထက(၂)စမ်းချောင်း KG-တေဇမှ မမေမြတ်နိုးခိုင်အား မရှင်းမွန်သန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မရှင်းမွန်သန့်**

## သွေးသည်အသက်

## um;uefk½kdfy;onf

ကယ်ဒီးနား(ပဲခြမ်း)၊ ဗီလ်ဒါ (TAXI) CNG ဗီလ်ဒါစဘော် (၁၀)သိန်းတင်ရမည်။ အမှတ်(၅၂၀)၊ မိုးကုတ်လမ်း၊ တောင်ဒဂုံ စက်မှုဇုန်(၁)။

**ဖုန်း-ဝ၉-၇၈၄၅၂၂၈၇၀**

SYP
ဈေးကြီးပင်
အုတ်ရောင်းဝယ်ရေးနှင့်သယ်ယူပို့ဆောင်ရေး
ကိုဆန်းနိုင် + မစိုးစိုးအေး
အမှတ်(၉/၆၉-B)၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ တညင်းကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 645757, 095408777, 095145162
0973021997, 09455081166

ပထမဦးဆုံး ဦးထွန်းဦး-ဒေါ်ဝင်းမာ
T.V (ရန်ကုန်)
ကားမောင်း-စက်ပြင်သင်တန်း
အိမ်ဖြူ- 09-421150033, 09-73044311
09-5041550, 09-440051114, 09-779144498
စဂုံ- 09-260111942, 09420066955
09-440051112, 09-44051113

## တိုက်ခန်းအမြန်ရောင်းမည်

BCC ကျပြီး တိုက်သစ်တိုက်ခန်းများ လိုင်စင်ရကန်ထရိုက်ကိုယ်တိုင်ရောင်းမည်။

၁။ ၂၃၄၊ စကားဝါ(၃)လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်။(သဥ္စါရုံမှတ်တိုင်အနီး) (၁၁ဒ္ဒ′ × ၄၇′)။ မြေညီ (၃၅ဝသိန်း)၊ ပ-ထပ် (၂၈ဝ သိန်း) ဒု-ထပ် (၂၆ဝ သိန်း)၊ တ-ထပ် (၂၄ဝ သိန်း)၊ ပဥ္စမထပ် (၁၉ဝ သိန်း)

၂။ (၃၈)၊ လှောင်းလုံလမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံတောင်၊ (၁၉′ × ၅၄′)။ မြေညီ (၅ဝဝ သိန်း)၊ ဒု-ထပ် (၃၇ဝ သိန်း)၊ တ-ထပ် (၃၄ဝ သိန်း)၊ စတုတ္ထထပ် (၃ဝဝ သိန်း)၊ ပဥ္စမထပ် (၂၅ဝ သိန်း)

၃။ (၄)၊ စမ္ပူသီရိလမ်း၊ ဒိုလ်ကဲညွှန့်ရပ်ကွက်၊ သဃ်န်းကျွန်း။ (၁၂′ × ၅ဝ′)။ မြေညီ (၃ဝဝ သိန်း)၊ ဒု-ထပ် (၂၂ဝ သိန်း)၊

ဖုန်း - ဝ၁-၈၅၅၁ဝ၉၈၇၊ ဝ၉-၂၅၄၄၈၇၆၃ဝ၊ ဝ၉-၃၁ဝ၅၃၄၄၄

## trsm;oabPm&eft odady;aMunmcsuf

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဘုရင့်နောင်၊ မြေကွက်အမှတ် (ဆ/၇၈)၊ အကျယ်အဝန်း(၄ဝပေ×၆ဝပေ)၊ ဧရိယာအားဖြင့် (ဝ. ဝ၅၅)ဧကရှိ (၂၅)နှစ်ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၁-ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ်(ဆ/၇၈)ဟု ခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်သက်သက်ဆွေ(ခ) ဒေါ်သက်သက်ဦး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၅၇၃/၂၀၁၆)ရရှိသူ ဦးသန်းနိုင်ဦး [၁၂/လမန(နိုင်)၁၄၃၂၄၃]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သီတာအုန်း တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၀၇)**
**တိုက်အမှတ်(၁၂)၊ အခန်းအမှတ်(၁၀)၊ ဒုတိယထပ်၊**
**၂၃-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-ဝ၉ ၅၁၆ဝ၆ဝ၇**

ကွမ်းရွက်ပုံ
မြန်မာ့ရိုးရာဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဖွယ်ကောင်းသောအကျိုးကျေးဇူးများကို ရရှိနိုင်ပါသည်။

ဂမုန်းရှင်
လေငန်းဘာကွယ်လိမ်းဆေးရည်

ရွှေကောင်းတင် အဆင့်မြင့် ဝန်းဆီး လိုက်ကာ
တန်းဖိုက်၊ တင်ဆာဒ်၊ ရှုပ်စ အစရှိ
နယ်အော်ဒါလက်ခံသည်။
09-43168269, 09-43113342, 09-451111717

တိုက်ခန်းရောင်းမည်
12½'x50' (ပထပ်)
အဆင့်မြင့်ပြင်ဆင်ပြီး လိုင်စိုင်းမြို့နယ်
(သိန်း 430) 09-799863740

ဆီဆိုင်ရောင်းမည်
ညောင်ဦး-ကျောက်ပန်းတောင်းလမ်း ညောင်ဦးမြို့အဝင်၊
စွမ်းအင်သတ္တုတွင်းလိုင်စင်ကျပြီး လုပ်ငန်းကောင်းမွန်စွာ
လည်ပတ်လျက်ရှိသော စက်သုံးဆီအရောင်းဆိုင် အမြန်ရောင်းမည်။
ဆက်သွယ်ရန် - ၀၉ ၇၉၈၈၈၂၄၆၉

မြတ်သောအိမ်ခြံမြေ
အိမ်ခြံမြေ Condo တိုက်ခန်းများ ရန်ကုန်မြို့နယ်စုံတွင် အသင့်ရှိပါသည်။
ရောင်းလည်းမြတ် ၊ ဝယ်လည်းမြတ် ၊ ငှားထားလျှင်လည်းမြတ် ပါမည်။
Ph: 09-7910 62005 , 09-3234-8704,09-7797 35325






ကြော်ငြာ

## ကျေးဇူးတင်ရှိခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို (၂)ရပ်ကွက်၊ ငါးထပ်ကြီး ရိပ်သာလမ်း၊ ခြံအမှတ်(၂)နေ (ဦးအောင်ညွန့်)၏ဇနီး၊ ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်းဒါယိကာမကြီး ဒေါ်ခင်စန်းရင်(ကထိက-ငြိမ်း၊ အင်္ဂလိပ်စာဌာန)၏ဈာပနကိစ္စအဝဝတွင် ကိုယ်တိုင်လာရောက် မေးမြန်းအားပေးကြသည့် ဆွေမျိုးမိတ်သင်္ဂဟများနှင့် စစ်ဘက်နယ်ဘက်မှ ပုဂ္ဂိုလ်အသီးသီးအားလည်းကောင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း လွမ်းသူပန်းခြင်းများပေးပို့ကြသော မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ တယ်လီဖုန်း၊ E-mail ဖြင့် သတင်းမေးမြန်းအားပေးခဲ့ကြသည့် မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ဆွေမျိုးသားချင်းများ၊ မိတ်ဆွေများ၊ တပည့်သားချင်းများအားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

ထို့အပြင် နာမကျန်းစဉ်ကာလ အထူးကြပ်မတ်ကုသပေးပါသော အထူးကုဆရာဝန်ကြီးများ၊ အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၊ အာရှတော်ဝင်ဆေးရုံနှင့် PARKWAY CANCER CENTER မှ အထူးကုဆရာဝန်ကြီးများနှင့် ဆရာဝန်၊ ဆရာမများ၊ ဆေးရုံဝန်ထမ်းများအားလည်းကောင်း အဘက်ဘက်မှ မေတ္တာဖြင့် ဝိုင်းဝန်းကူညီပေးကြသောသူများအားလည်းကောင်း အထူးပင် ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်ရွှေ(ဇီးကုန်း)**

**အသက်(၈၂)နှစ်**

ကျွန်တော်၊ ကျွန်မတို့၏မိခင်ကြီး ၅-၁၁-၂၀၁၆ (စနေနေ့)တွင် ကွယ်လွန်သွားသော ဒေါ်ခင်ရွှေအား နေမကောင်းစဉ်က ပြုစုကုသပေးခဲ့သည့် ဒေါက်တာသိင်္ဂီကျော်၊ ဒေါက်တာဝင်းလင်းချို၊ ဒေါက်တာထူးဝင်းအောင်နှင့် သုခကမ္ဘာဆေးရုံ (ICU)ခန်းမှ ဆရာဝန်များနှင့် သူနာပြုဆရာမများအားလုံးအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီအားပေးနှစ်သိမ့်ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေ သူငယ်ချင်းများ 75-81 RIT Welfare Group နှင့် အထက(၂) မရမ်းကုန်းမှ သူငယ်ချင်းဟောင်းများအားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ဦးသန်းလွင်-ဒေါ်ကြူကြူဆွေ S'Pore**
**ဦးနှင်းဦးကို-ဒေါ်ချိုချိုမာ S'Pore**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်ကျော်ထွန်း** (Director, Myint Myat Moe Co., Ltd.)

**အသက် (၅၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှတ်(၄)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်နေ (ဦးစိုးညွန့်)-ဒေါ်အမာ တို့၏ သားကြီး၊ ဦးစော-(ဒေါ်ညွန့်စိန်) တို့၏သားသမက်၊ ဒေါ်စန်းငွေ (အထက-၁၊ သန်လျင်)၏ ချစ်လှစွာသောခင်ပွန်း၊ မမေလင်းလင်းထွန်း (အထက-၂၊ သန်လျင်)၏ ချစ်လှစွာသောဖခင်သည် ၁၂-၁၁-၂၀၁၆ ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြင့်မြတ်မိုးကုမ္ပဏီ မိသားစုနှင့်**
**မြင့်မြတ်မိုး ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ**

### ဒေါ်တင်ရွှေ (၉၆)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရွှင်းသာ အဆင့်မြင့်အိမ်ရာနေ (ဦးတင်ငွေ)-ဒေါ်သန်းအေး၊ (ဦးသန်းငွေ)-ဒေါ်ကြည်ကြည်မြင့်တို့၏ မိခင်၊ (ဗိုလ်မှူးကိုကိုဦး)-ဒေါ်ဝင်းပပသောင်း၊ မဇွန်ဖြူဖြူအေး၊ (ကိုသက်အောင်စိုး)-မခင်မိုးမိုးအေး(ခ)မိုးမိုး၊ မောင်မင်းသူ-မအေးသန္တာ၊ မောင်ရဲဘိုဘိုကျော်၊ မောင်ဖိုးသိ၊ မအိမြတ်ခင်တို့၏အဘွားသည် ၁၂-၁၁-၂၀၁၆ (စနေနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၁-၂၀၁၆(တနင်္လာနေ့) ညနေ ၃ နာရီတွင် ကျိုက်စုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၁-၂၀၁၆ (သောကြာနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ တိုက်(F-2)၊ အခန်း(၀၀၆)၊ ရွှင်းသာ အဆင့်မြင့်အိမ်ရာ၊ သာကေတမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဦးအောင်ကျော်ထွန်း(ခ) ဦးထွန်း

**မြင့်မြတ်မိုးကုမ္ပဏီ (Director)**

**အသက် (၅၁)နှစ်**

သန်လျင်မြို့၊ ပဲခူးစုရပ်ကွက်၊ အမှတ်(၄)၊ မဂ္ဂင်လမ်းနေ (ဦးစိုးညွန့်)-ဒေါ်အမာတို့၏သားကြီး၊ ဦးစော-(ဒေါ်ညွန့်စိန်)တို့၏သားသမက်၊ ဒေါ်စန်းငွေ (အထက-၁၊ သန်လျင်)၏ ချစ်လှစွာသောခင်ပွန်း၊ မမေလင်းလင်းထွန်း၏ဖခင်၊ ဦးလှမိုး၊ ဒေါ်ချိုချိုဝင်း၊ (ဦးသက်ထွန်း)တို့၏ ချစ်လှစွာသောအစ်ကိုကြီးသည် ၁၂-၁၁-၂၀၁၆ (စနေနေ့) နံနက် ၉ နာရီတွင် သန်လျင်မြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၁-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် သန်လျင်မြို့နယ်၊ အမိုးနီ သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်ထို အသက်(၉၀) (မြောင်းမြ)

ရန်ကုန်မြို့၊ အမှတ်(၅၃)၊ ငါးလွှာ၊ (၂)လမ်း၊ (၁)ရပ်ကွက်၊ လမ်းမတော်မြို့နယ်နေ (ဦးကြီးစိန်)၏ဇနီး၊ ဦးမျိုးဆွေ-ဒေါ်ယဉ်ယဉ်နု(အမက-၈၊ ဗဟန်း)၏ချစ်လှစွာသောမိခင်၊ မနှင်းရည်ဝင့်၊ မဝေဖြိုးသွယ်တို့၏ ချစ်လှစွာသောအဘွားသည် ၁၁-၁၁-၂၀၁၆ ရက် ညနေ ၆း၀၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၁-၂၀၁၆ရက် နံနက် ၁၁နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ တန်ဆောင်း ဒါယကာကြီး ဦးဉာဏ်ထွန်းမြင့် (၅၅)နှစ်

**တွံတေးမြို့(စိန်သုံးလုံးအိုးလုပ်ငန်း)**

တွံတေးမြို့၊ အိုးဘိုအရှေ့ရပ်ကွက်၊ နှင်းဆီလမ်းနေ (ဦးသိုက်ထွန်း-ဒေါ်စောမြင့်)တို့၏သား၊ (ဦးလှမင်း-ဒေါ်စန်း)တို့၏သားသမက်၊ ဦးဇော်ဝင်း-ဒေါ်ကြည်အောင်၊ (ဦးစိန်မြင့်-ဒေါ်ရီ)၊ ဒေါ်လှရီ (ဒေါ်တင်ရီ)၊ (ဒေါ်ရီရီထွေး)၊ ဒေါ်ရီရီအေးတို့၏တူ၊ (ဦးစံသောင်း)-ဒေါ်အေးအေးချို၊ ဦးသိန်းငွေ-ဒေါ်ခင်သန်းအေး၊ ဦးအုန်းကြွယ်-ဒေါ်ခင်စန်းရီတို့၏ညီ/မောင်၊ ဦးခင်အောင်မြင့်-ဒေါ်မေမာထွန်း၊ ဦးမင်းမင်း-ဒေါ်စန္ဒာအေးတို့၏အစ်ကို၊ တူ/တူမ ၁၀ယောက်တို့၏ဦးလေး၊ မောင်သန့်ဝင်းလွင်၏ မွေးသဖခင်၊ ဒေါ်နှင်းရီ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၁-၁၁-၂၀၁၆ (သောကြာနေ့) ညနေ ၄း၅၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၁-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် အိုးဘိုသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [၁၇-၁၁-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အနိစ္စ

**ရဟန်း၊ သိမ်၊ ဇရပ် ဒါယိကာမကြီး**

### ဒေါ်လှတင် အသက်(၉၀)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၅)လမ်း(အောက်)နေ (ဦးထွန်းသောင်)၏ဇနီး၊ (ဦးသန်းဝင်း)-ဒေါ်ထားထားခင်တို့၏မိခင်၊ ဦးမိုးကျော်ဦး-ဒေါ်ဆွေဇင်သန်းတို့၏အဘွား၊ မောင်စွမ်းထက်ဦး(EMPS-Y-4)၊ မောင်စွမ်းဆင့်ဦးတို့၏ဘွားဘွားသည် ၁၀-၁၁-၂၀၁၆ (ကြာသပတေးနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁၁-၁၁-၂၀၁၆ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်စန်းမြင့်(ကြံခင်းမြို့) အသက် (၈၁)နှစ်

ကြံခင်းမြို့နေ (ဦးယုကြည်-ဒေါ်သန်းရီ)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၂၆၇)၊ သမိုင်းဘူတာရုံလမ်းနေ (ဦးခင်မောင်စိုး)၏ချစ်လှစွာသောဇနီး၊ (ဦးထွန်းလွင်)-ဒေါ်ခင်ထွေးရီ၊ ဦးကိုနိုင်-ဒေါ်အေးသန်း၊ (ဒေါ်မီမီစိုး)၊ မခိုင်ခိုင်စိုး(တွဲဖက်အတွင်းရေးမှူး၊ ကြံခင်းမြို့နယ်အသင်း-ရန်ကုန်)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးခြောက်ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၁၀-၁၁-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၁း၅၅ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၁၆ (စနေနေ့) နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

အလုပ်အမှုဆောင်အဖွဲ့
ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)

### ဦးတင်အောင် (စက်မှု-၁၊ ငြိမ်း) အသက် (၈၀)

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်နေ (ဦးအေးမောင်-ဒေါ်ကြုတ်တီ)တို့၏သားလတ်၊ ကိုစိန်လွင်-မကြည်စန္ဒာငွေ၊ ကိုတင်ကိုလတ်-မနုနုရီတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဦးတင်ဝင်း(သတင်းစာကိုယ်စားလှယ်-လှိုင်)၏ ဦးလေး၊ မရွှေဝတ်မှုံ၏အဘိုး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်း၊ ဝါဝါဝင်းလမ်း၊ အမှတ်(၄၄-ခ)နေ (ဒေါ်ငြိမ်းတင်)၏ချစ်လှစွာသောခင်ပွန်းသည် ၁၁-၁၁-၂၀၁၆(သောကြာနေ့) နံနက် ၇း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၁-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၁-၂၀၁၆ (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း ဦးစောဝေးလ်ဖရက်(ခ) စောချိုလေး (၅၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ အမှတ်(၁)၊ ရွှေမောင်အိုလမ်းနေ (ဦးMသင်အို)-ဒေါ်ချယ်ရီသင်အိုတို့၏ သားငယ်၊ (ဦးခန့်)-ဒေါ်ချစ်တို့၏ သားသမက်၊ စောကဲနက်သင်အို(ခ)စောချိုကြီး၏ညီ၊ ကိုအောင်ကျော်ငြိမ်း (ခ) John၊ ကိုအောင်သီဟ(ခ)James-နော်ဖော်လားခူး၊ မခိုင်ကြည်(ခ)Lillianတို့၏ ဖခင်၊ နော်အေးမြတ်မေ၊ စောခန့်အောင်တို့၏အဘိုး၊ ဒေါ်မေသက်ထား၏ခင်ပွန်းသည် ၁၀-၁၁-၂၀၁၆(ကြာသပတေးနေ့) ည ၁၁နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၃-၁၁-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်၌ ဝတ်ပြုကိုးကွယ်၍ ထိန်ပင်ကရင်ခရစ်ယာန်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးကျောင်း(စာရေးဆရာချစ်လှ)

**တိုင်းပညာရေးမှူး(ငြိမ်း)**

**အသက်(၉၅)နှစ်**

(ဦးစံဖေ-ဒေါ်လှမယ်)တို့၏သား၊ စစ်ကိုင်းမြို့၊ နန္ဒဝန်ရပ်ကွက်နေ ဒေါ်ခင်ယု၏ ခင်ပွန်း၊ ဦးစည်သူ၊ ဦးအောင်မြင့်ကျောင်း၊ (ဒေါ်ခင်မာယု)၊ ဒေါက်တာသန်းထွန်း-ဒေါ်စန်းယဉ်မေ၊ ဦးယဉ်ဝင်းမောင်-ဒေါ်ခင်ပြုံးယု၊ ဦးအောင်မြင့်ခိုင်-ဒေါ်မီမီကျောင်းတို့၏ ဖခင်ကြီး၊ မြေး ၁၄ယောက်တို့၏ အဘိုး၊ မြစ် ၁၅ ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၁-၁၁-၂၀၁၆ရက် ညနေ ၆း၂၀နာရီတွင် စစ်ကိုင်းမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၁-၂၀၁၆ ရက် မွန်းလွဲ ၁နာရီတွင် စစ်ကိုင်းမြို့ မြို့မသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်မြစိန်(ဒေါ်ဘုတ်ဆုံ) (၈၆)နှစ်

**ရေကျော်**

ရန်ကုန်မြို့၊ လမုတန်းရပ်ကွက်၊ နဝဒေး(၁)လမ်းနေ (ဦးအောင်ရင်-ဒေါ်မမကြီး)၏သမီး၊ (ဦးကြင်-ဒေါ်မြင့်)တို့၏သမီးချွေးမ၊ ဦးလှမောင် [(သစ်တော-ငြိမ်း)၊ တောင်သာဆေးဆရာကြီး]၏ဇနီး၊ (ဦးဘိုနီ-ဒေါ်စောတင်လှ)၊ (ဦးအောင်တင်)-ဒေါ်သန်းခင်၊ ဒေါ်မြင့်မြင့်စိန်-ဦးအုန်းသွင်တို့၏ အစ်မကြီး၊ ဦးလှမော်၊ ဦးသောင်းစိန်-ဒေါ်ငွေငွေကြည် (သီဟ-တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)တို့၏ မိခင်၊ မမြသီရိ (MRTV-4 Forever Group Co.,Ltd.)-မောင်ကောင်းကြိုင် ( MCA- CASA MIA-KITCHEN)၊ မခင်ဖူးဝေ (INFO - NET Co., Ltd.)၊ မဇာလွင်ထွန်းတို့၏အဘွားသည် ၁၁-၁၁-၂၀၁၆ (သောကြာနေ့) ညနေ ၅း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၁၆ ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၁-၂၀၁၆ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်စိန်စိန်(ခ)ဒေါ်စန်းမြင့် (၆၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ ဂန္ဓာတိုက်(၁)၊ အခန်း(၃)၊ အမှတ်(၅၀)နေ ကိုလှိုင်မင်းဦး၊ မစု(ခ)မခင်စန်းဝင်း၊ ကိုအောင်မြင့်မြတ်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ဦးမြင့်သိန်း၏ဇနီးသည် ၁၂-၁၁-၂၀၁၆ (စနေနေ့) နံနက် ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၁-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၁-၂၀၁၆ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်သီသီလွင်(ခ) ဒေါ်ဥမ္မာလွင် (၆၃)နှစ်

**အလယ်တန်းပြဆရာမ(အငြိမ်းစား)**

**အ. မ. က(၂)၊ မင်္ဂလာတောင်ညွန့်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ တိုက်(၁)၊ အခန်း(၂၀၂)နေ (ဦးမြလွင်-ဒေါ်ရွှေဝင်း)တို့၏ သမီး၊ စမ်းချောင်းမြို့နယ်နေ (ဦးမောင်မောင်အေး-ဒေါ်သန်းငွေ)တို့၏ သမီးချွေးမ၊ ဦးအေးသန်း၏ဇနီး၊ ဦးမိုးဆန်းအေး-ဒေါ်ဖြိုးပြည့်စုံဝင်း၊ ဦးဝင်းမင်းသန်းတို့၏ မွေးသမိခင်သည် ၁၁-၁၁-၂၀၁၆ (သောကြာနေ့) ည ၇း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၁-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအောင်ကျော်မင်း(ခ)အောင်အောင် (၄၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ကျောက်စိမ်း(၈)လမ်း၊ အမှတ်(၉၂၇)နေ ဦးတင်လှ(အမှတ်-၁၊ ကြေးနီသတ္တုတွင်း)-ဒေါ်စောစောထွေးတို့၏သား၊ ဦးရန်လင်းအောင်(ခ)လင်းလင်း-ဒေါ်သီသီအောင်တို့၏ညီ၊ ဦးမင်းမျိုးမြတ်(ခ)မင်းမင်း-ဒေါ်စန္ဒာလွင်(သိန်းသန်းစံ-ကုန်စုံဆိုင်)၊ မနေနန်းနွယ်(ခ)ဘေဘီတို့၏အစ်ကို၊ ဒေါ်လဲ့လဲ့ခိုင်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ထက်ဝေယံ၏မွေးသဖခင်ကျေးဇူးရှင်၊ တူ/တူမသုံးယောက်တို့၏ ဦးလေးသည် ၁၁-၁၁-၂၀၁၆ (သောကြာနေ့) နံနက် ၁၀း၂၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၁-၂၀၁၆(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၁-၂၀၁၆ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးထွန်းရီ(ထီးတန်း) ဝပ်ရှော့ဆရာကြီး အသက် (၈၄)နှစ်

မြောက်ဥက္ကလာပမြို့နယ်၊ (ဂ) ရပ်ကွက်၊ နီလာ(၄)လမ်း၊ အမှတ်(၄၅၂)နေ (ဦးဘိုးသောင်း-ဒေါ်သိန်းလှ)တို့၏ သား၊ (ဦးမောင်သန်း-ဒေါ်ဖွားရင်) တို့၏သားသမက်၊ (ဦးဘတင်)-ဒေါ်သိန်းကြည်တို့၏မောင်၊ ဦးထွန်းအိ-ဒေါ်သန်းသန်း၊ ဦးကျော်မြင့်-(ဒေါ်ခင်စိန်)၊ (ဦးစိုးကြည်)-ဒေါ်အေးသိန်း၊ (ဦးတင်ကြည်)-ဒေါ်တင်ယုံတို့၏ အစ်ကို၊ ဦးကျော်သူရ-ဒေါ်ခင်ခင်ရီ (အလက-၄၊ မ/ဥ)၊ ဦးဇော်ဇော်ထွေး-ဒေါ်မြတ်မွန်ရီ၊ ဦးဟန်မိုးဇော်-ဒေါ်စုမြတ်ရီ၊ (G.S.M Travel & Tours Co., Ltd.)၊ ဦးစောစိန်ဝင်းမောင်-ဒေါ်နှင်းအေးစံရီတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မောင်ခန့်ဇော်မြတ်၊ စောဇနထက်ထူး၊ မသိမ့်သဉ္ဇာဇော်၊ မကြယ်စင်ထွန်းတို့၏အဘိုး၊ ဒေါ်တင်ထူး၏ ချစ်လှစွာသောခင်ပွန်းသည် ၁၂-၁၁-၂၀၁၆ (စနေနေ့) နံနက် ၆း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၁-၂၀၁၆(တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၁-၂၀၁၆ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယိကာမ**

### ဒေါ်အေးခင်ညွန့် (၇၃)နှစ်

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ သရက်ပြင်ကျေးရွာနေ (ဦးထွားဖြူ-ဒေါ်သန်းစိန်)တို့၏သမီးကြီး၊ ရန်ကုန်မြို့နေ [ကိုစံကျော် (ခေတ္တ-မကာအို)]၊ (ဦးမျိုးမင်း-ဒေါ်စောခင်နွယ်)၊ ဦးရွှေကို (ခေတ္တ-မကာအို)-ဒေါ်အေးချမ်းမိုး (အပ်ချုပ်ဆိုင်) (ခေတ္တ-မကာအို)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ကိုထွန်းကျော် (ခေတ္တ-မကာအို)-မညိုချော(ခေတ္တ-မကာအို)တို့၏ကျေးဇူးရှင်မိခင်၊ ကိုဇင်မင်းလှိုင်-မပန်စီစိုးစိုး။ ကိုဇင်ညီညီကျော်-မခင်ငြိမ်းထွန်း၊ မောင်ဝေယံမိုးအောင်တို့၏အဘွား၊ မဆည်းဆာနိုးနိုး၊ မရွှေရုပ်လွှာ၊ မောင်ဖြိုးဟိန်းကျော်တို့၏ ဘွားဘွားကြီး၊ (ဦးနန်းစောသာ)၏ ချစ်လှစွာသောဇနီးသည် ၁၁-၁၁-၂၀၁၆ (သောကြာနေ့) ည ၇း၅၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၁-၂၀၁၆ (တနင်္ဂနွေနေ့)၌ မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၁-၂၀၁၆ (ကြာသပတေးနေ့) နံနက်တွင် အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ အောင်ဇေယျအိမ်ရာ၊ တိုက်(၁၇)၊ အခန်းအမှတ်(၁၀၁)၊ ပထမထပ် ဒေါ်အေးချမ်းမိုး နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံကြွမြန်းတော်မူခြင်း

**သက်တော်ရှည်ကွေ့ချောင်းဆရာတော်ကြီး**

### ဘဒ္ဒန္တ နန္ဒိယ မထေရ်မြတ်

**သိက္ခာတော်(၈၂)ဝါ၊ သက်တော်(၁၀၁)နှစ်**

ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ကွေ့ချောင်းကျေးရွာ၊ ကွေ့ချောင်းကျောင်း၌ နှစ်ပေါင်း (၇၈)နှစ်ကြာ သီတင်းသုံးကျောင်းထိုင်တော်မူခဲ့သော ဇီးကျွန်းပဝါရဏာဂိုဏ်းကြီး၏ သတ္တမမြောက် ဂဏပါမောက္ခ ဂဏာဓိပတိဖြစ်တော်မူသော လဇ္ဇီပေသလ၊ သိက္ခာမဝိနယဂရုက ကွေ့ချောင်းကျေးဇူးတော်ရှင်သက်တော်ရှည်ဆရာတော်ကြီးသည် (၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ရက်) ၈-၁၁-၂၀၁၆ (အင်္ဂါနေ့) ညနေ ၃း၁၀နာရီတွင် ဘဝနတ်ထံကြွမြန်းတော်မူသွားပါသဖြင့် (တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်) ၁၈-၁၁-၁၆ရက်တွင် နိဗ္ဗာန်ကျောင်းပင့်ပြီး ကြာကလာပ်တင် ပူဇော်ထားမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ဈာပနဖြစ်မြောက်ရေးကော်မတီ

ကွေ့ချောင်းကျေးရွာ

## ဦးအောင်သိန်း (၈၅)နှစ်

**B.A., B.Ed**

**အထက်တန်းကျောင်းအုပ်ဆရာကြီး (ငြိမ်း)**

**ကျောက်ဆည် အထက၊ မြစ်ငယ် အထက၊ ပျဉ်းမနား အထက(၂)**
**လှော်ကထား အလက၊ သပြုပင် အလက၊ မိုးညှင်း အထက(၁)၊**
**တွံတေး ကန်ဘဲ့ အထက၊ ဒဂုံမြို့သစ်တောင်ပိုင်း အထက(၃)**

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၂၄)ရပ်ကွက်၊ မြိတ်လမ်း၊ အမှတ် (H/၁၂၂)နေ ဒေါ်နာကြာရမား(ခ)ဒေါ်ခင်မြင့်၏ခင်ပွန်း၊ ကိုမောင်မောင်-မစန်းရီ (ကိုမောင်မောင်နှင့်ညီများ သံထည်ပစ္စည်းရောင်းဝယ်ရေး၊ စက်မှုဇုန်-၃)၊ ကိုဒေဝါ-မဘေဘီ၊ ကိုသိန်းမောင်-မတင်တင်ခိုင်၊ ကိုတင်သိန်း-မနီလာ၊ ကိုသိန်းညွန့်-မစံပယ်၊ ကိုသိန်းအောင်-မဥမ္မာ၊ ကိုနေရှူး၊ မဆန်းမေအောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၂၀ ယောက်တို့၏အဘိုးသည် ၁၁-၁၁-၂၀၁၆ (သောကြာနေ့) နံနက် ၀၀း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် မြောက်ဥက္ကလာပတမီလ်ဟိန္ဒူရေဝေးသုသာန်၌ မြေမြှုပ်သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးအောင်မြင့် (၈၂)နှစ်

**(နိုင်ငံရေးအကျဉ်းသားဟောင်း)**

**မြန်မာ့ရေနံကော်ပိုရေးရှင်း (ရုံးအုပ်ကြီး-ငြိမ်း)၊ မြို့မကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ သုနန္ဒာလမ်းမကြီး (ည)ရပ်ကွက်၊ အမှတ် (၁၃၇၄)နေ ထန်းတပင်မြို့နယ်၊ ရေကျော်ရွာဇာတိ (ဦးသိန်းမောင်-ဒေါ်ငွေရှင်)တို့၏သားထွေး၊ (ဦးမြင့်-ဒေါ်တင်ညွန့်)၊ ဦးမြဟန်-ဒေါ်သိန်းချို၊ (ဦးချစ်ဟန်)-ဒေါ်မြကြည်တို့၏ညီ/မောင်၊ ကိုထွန်းထွန်းနိုင်-မစန္ဒာမြင့်(ခ)မစိုးစိုး၊ ကိုမောင်မောင်မြင့်(ခ)စောအောင်ထင်-မစုစုလှိုင်တို့၏ဖခင်၊ မဟန်ဒီထွန်း၊ မောင်ဟန်သာထွန်း၊ မအိသစ္စာခင်၊ မောင်ဗမင်းဦးတို့၏အဘိုး၊ ဒေါ်စိန်စိန်(ရက်ကန်းဆရာမကြီး)၏ခင်ပွန်းသည် ၁၁-၁၁-၂၀၁၆(သောကြာနေ့) ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၁-၂၀၁၆(တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၁-၂၀၁၆ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယကာကြီး**

## ဦးကြီးမြင့်(ခ)ဦးမြင့်သိန်း (၇၉)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃) ရပ်ကွက်၊ မာန်ပြေ (၁၇)လမ်း အနောက်၊ အမှတ် (၆)နေ (ဦးသန်းစိန်-ဒေါ်ရော့အိုင်)တို့၏သား၊ ဒေါ်ကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစံရင်-ဒေါ်လှလှခိုင်၊ ဦးဝင်းသိန်း-ဒေါ်ခင်အေးဆင့်၊ ဦးကျော်-ဒေါ်စန်းစန်းမြင့်၊ ဦးကျော်ထွေး-ဒေါ်ဇွန်စန်းပွင့်၊ ဒေါ်ကြည်ကြည်ဝင်း၊ ဦးဝင်းထိန်-ဒေါက်တာခိုင်ငြိမ်းအေးတို့၏ ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၁-၁၁-၂၀၁၆ (သောကြာနေ့) ည ၉း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၁-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၁-၂၀၁၆ (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်မြမြဝင်း (၆၈)နှစ်

**ပြည်ထောင်စုဘဏ်(အငြိမ်းစား)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နေ [ဦးချစ်ထွန်း(UPI)-ဒေါ်ခင်ကြည်]တို့၏ သမီး၊ (ဦးချစ်-ဒေါ်မြင့်မြင့်)တို့၏ သမီးချွေးမ၊ ဦးမောင်မောင်မြ (မြန်မာ့မီးရထား-ငြိမ်း)-ဒေါ်နွဲ့နွဲ့ရီတို့၏ညီမ၊ ဒေါ်မြင့်မြင့်ကြည် (ထခွဲ၊ လ-၁၇၊ လှိုင်သာယာ)၊ ဦးမြင့်အောင်တို့၏အစ်မ၊ တူ/တူမ ငါးယောက်တို့၏အဒေါ်၊ ဦးရဲမြင့် (Diamond Mercury Co., Ltd)၏ ချစ်လှစွာသောဇနီးသည် ၁၂-၁၁-၂၀၁၆ (စနေနေ့) နံနက်၇း၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ [၁၈-၁၁-၂၀၁၆ရက်တွင် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အင်းစိန်လမ်း၊ အမှတ်(၆၂)၊ မြေညီထပ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**

## ဒေါ်နုနုရီ (၆၆)နှစ်

**မြန်မာ့စီးပွားရေးစွမ်းဆောင်ရှင်များအသင်း(အကြံပေး)**

**အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေး**

**ဘဏ် ဒု-ဥက္ကဋ္ဌ(၂)၊ Yan Hee International Hospital (မြန်မာပြည်ရုံးခွဲ)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ (၂၉/ဘီ) နေ ဦးခင်စိန်၏ချစ်လှစွာသောဇနီး၊ [ဦးဖိုးစံ=-ဒေါ်စံမွှေး(ခ)ဒေါ်ခါမွှေး]တို့၏ သမီးချွေးမ၊ (ဦးအုန်းကြိုင်-ဒေါ်မြစိန်)တို့၏သမီး၊ (ဦးမြင့်ဦး)၏ညီမ၊ ကိုသက်လွင်ဦး-မမိုးမိုးခိုင်၊ ကိုရန်ရှင်း-မအင်ကြင်းခိုင်တို့၏မိခင်ကြီး၊ မမေသီရိခေတ်၊ မရွှန်းလဲ့လဲ့မင်း၊ မချစ်စုမိုးမြင့်၊ မောင်သိဒ္ဓိမင်းခန့်၊ မရွှေရတနာပိုင်တို့၏အဘွား ဒေါ်နုနုရီသည် ၁၁-၁၁-၂၀၁၆ရက် မြန်မာစံတော်ချိန် ၃း၀၈နာရီတွင် ထိုင်းနိုင်ငံ ဘန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၁-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု



ပဲခူးမြစ်ကူး(သန်လျင်တံတား အမှတ်- ၃) ၏ တံတားပုံစံငယ်ကို တွေ့ရစဉ်။

# ပဲခူးမြစ်ကူး(သန်လျင်တံတား အမှတ်-၃)အား ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် တည်ဆောက်ရေးလုပ်ငန်း စတင်မည်

သန်လျင်မြို့နယ်ရှိ သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် သီလဝါနှင့် ရန်ကုန်ဧရိယာအကြား ကုန်စည်စီးဆင်းမှု၊ ခရီးသွားလာမှု လျင်မြန်သွက်လက်ရေး၊ ဒေသ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ယာဉ်ကြောကျပ်တည်းမှုများကို ဖြေလျှော့နိုင်ရန် ရန်ကုန်-သန်လျင် တံတားအမှတ်(၃)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ မကြာမီ တည်ဆောက်သွားမည်ဖြစ်သည်။ အဆိုပါစီမံကိန်းအတွက် JICA-ODA Loan ချေးငွေဖြင့် အမေရိကန်ဒေါ်လာ ၃၂၃ ဒသမ ၂၀၅ သန်း အကုန်ကျခံ၍ ငါးနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❐

## မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ နောက်ဆုံးနေ့တွင် စောမင်းအောင်နှင့် ဖျံသွေးတို့က ထိုင်းလက်ဝှေ့ကစားသမားများအား အလဲထိုးအနိုင်ရရှိ



ဖျံသွေး(မြန်မာ)နှင့် တာဝမ်ချိုင်း(ထိုင်း)တို့ ထိုးသတ်ကြစဉ်။

**ဘားအံ နိုဝင်ဘာ ၁၂**

(၆၁)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကြီးနှင့် ရိုးရာအောင်လံလုပွဲများကို နိုဝင်ဘာ ၁၁ ရက် ညက နောက်ဆုံးနေ့ပွဲစဉ်များအဖြစ် စောမင်းအောင်(မြန်မာ)နှင့် ဘားမီချိုင်း(ထိုင်း)၊ သွေးသစ်အောင်(မြန်မာ)နှင့် ချိုင်းစကမ်း(ထိုင်း)၊ ဖျံသွေး(မြန်မာ)နှင့် တာဝမ်ချိုင်း(ထိုင်း)တို့ ငါးချီစိန်ခေါ်ပွဲကြီးကို ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

နောက်ဆုံးနေ့ပွဲစဉ်များအဖြစ် စောမင်းအောင်(မြန်မာ)နှင့် ဘားမီချိုင်း(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာတွင် ဒုတိယအချီ နှစ်မိနစ်ကျော်ခန့်တွင် စောမင်းအောင်(မြန်မာ)မှ ဘားမီချိုင်း(ထိုင်း)ကို အလဲထိုးအနိုင်ရရှိခဲ့ပြီး သွေးသစ်အောင်(မြန်မာ)နှင့် ချိုင်းစကမ်း(ထိုင်း)တို့ ငါးချီမြောက်အထိ အလူးအလဲယှဉ်ပြိုင်ထိုးသတ်ကြရာ ပူးတွဲသရေ ရရှိသွားခဲ့သည်။

**စာမျက်နှာ ၁၁ ကော်လံ ၄ သို့** ❖

### ကြေးမုံ ဆန်းဒေးကာတွန်း



စာမျက်နှာ ၁၆၊ ၁၇

## ၂၀၁၇ MNL အမှတ်ပေးပြိုင်ပွဲ အဖွင့်ပွဲတွင် လက်ရှိချန်ပီယံရတနာပုံအသင်းနှင့် ချင်းတွေ့ဆုံ

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို ဇန်နဝါရီ ၁၄၊ ၁၅ ရက်တို့တွင် စတင်ကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံရတနာပုံအသင်းသည် ချင်းယူနိုက်တက်နှင့် အဝေးကွင်း စတင်ကစားရမည်ဖြစ်သည်။

MNL အမှတ်ပေးပြိုင်ပွဲကို ဇန်နဝါရီ ၁၄ ရက်မှ အောက်တိုဘာ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အသင်း ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။ ၂၀၁၆ ရာသီအပြီးတွင် ဖျက်သိမ်းသည့်အသင်းများ၊ ပြန်လည်အပ်နှံသည့်အသင်းများဖြင့် လျှော့ခတ်ခဲ့သော်လည်း မြန်မာနေရှင်နယ်လိဂ်ကော်မတီအနေဖြင့် ၁၂ သင်းဖြင့် ကျင်းပနိုင်ရန် အသင်းများဖြည့်တင်းခဲ့သည်။ ၂၀၁၇ ရာသီ MNL ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရတနာပုံအသင်း အပါအဝင် မကွေး၊ ရန်ကုန်၊ ရှမ်းယူနိုက်တက်၊ ဧရာဝတီ၊ ဟံသာဝတီ၊ ဇွဲကပင်၊ ရခိုင်၊ ချင်းယူနိုက်တက်၊ နေပြည်တော်၊ GFA နှင့် Southern အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ယခုရာသီတွင် အိမ်ကွင်းလက်ခံကျင်းပနိုင်မည့် အသင်းအရေအတွက် တိုးမြင့်လာခဲ့ပြီး မကွေး၊ ချင်းယူနိုက်တက်၊ GFA တို့မှလွဲ၍ ကျန်ကိုးသင်းမှာ အိမ်ကွင်းလက်ခံကျင်းပမည်ဖြစ်ပြီး ဇွဲကပင်၊ Southern နှင့် ရခိုင်အသင်းတို့မှာ အိမ်ကွင်း၌ ပထမဆုံး လက်ခံကစားမည်ဖြစ်သည်။ လက်ရှိချန်ပီယံ ရတနာပုံအသင်းနှင့် တန်းတက် နေပြည်တော်အသင်းတို့မှာ အိမ်ကွင်းပြောင်းလဲမည်ဖြစ်ပြီး ရတနာပုံအသင်းမှာ ဗထူးကွင်းအစား မန္တလာသီရိကွင်း၊ နေပြည်တော်အသင်းမှာ

**စာမျက်နှာ ၁၁ ကော်လံ ၄ သို့** ❂



၂၀၁၆ MNL ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ရတနာပုံအသင်း

**ရွှေပြည်နန်း သနပ်ခါး**

**နတ်ဆေးလိုပင် သူတင်စား "ရွှေပြည်နန်းနံ့သာဖြူသနပ်ခါး" အိမ်တိုင်းထား**

ကျွန်မအလုပ်စဝင်တဲ့ ရေနံချောင်းမြို့ဟာ အလွန်ပူပြင်းခြောက်သွေ့တဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ ပူပြင်းသောနေဒဏ်ကြောင့် ကျွန်မပါးပြင်ပေါ်မှာ အမည်းကွက်တွေပေါ်လာသလို အညာမြေရဲ့ ဆောင်းရာသီအအေးဒဏ်ကြောင့်လည်း ကျွန်မပါးပြင်ပေါ်မှာ အဖြူကွက်တွေပေါ်လာခဲ့ပါတယ်။ ကျွန်မဟာ နံ့သာဖြူသနပ်ခါးကို အလွန်ကြိုက်နှစ်သက်သူတစ်ယောက်ပါ။ **"ရွှေပြည်နန်းနံ့သာဖြူသနပ်ခါး"** ပေါ်လာတော့ ခြေဆုံးခေါင်းဆုံးလိမ်းခဲ့တာဖြင့် ကျွန်မပင်စင်ယူတဲ့အထိပါပဲ။ ထိုသို့လိမ်းခဲ့တဲ့အကျိုးအားဖြင့် ကျွန်မမျက်နှာပေါ်က တင်းတိပ်၊ နေလောင် ကွက်တွေနဲ့ ဆောင်းရာသီအအေးဒဏ်ကြောင့်ဖြစ်သော အဖြူကွက်များ သိသိသာသာ ပျောက်ကင်းသွားတာ ကျွန်မကိုယ်တွေ့ပါပဲ။ **"မြင့်မားစွာကျရောက်နေတဲ့ ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ဖို့ဆိုရင် ရွှေပြည်နန်းသနပ်ခါးသာ အကောင်းဆုံးဖြစ်ကြောင်း ကျွန်မကိုယ်တွေ့ ဖြစ်ရပ်များဖြင့် ထောက်ခံတင်ပြအပ်ပါသည်။"** ရွှေပြည်နန်းသနပ်ခါးဟာ မျက်နှာမှာ တင်းတိပ်၊ နေလောင်ကွက်နဲ့ အဖြူကွက်တွေ ပျောက်ကင်းရုံသာမက ရေချိုးပြီးတိုင်း မျက်နှာနဲ့ လက်တွေကို မထူမပါးလေးလိမ်းထားမယ်ဆိုရင်လည်း စိတ်ရောကိုယ်ပါကြည်လင်လန်းဆန်းမှုကို ခံစားရပါတယ်။ **ကျွန်မအတွက်ကတော့ "ရွှေပြည်နန်းနံ့သာဖြူသနပ်ခါး" ဟာ နတ်ဆေးတစ်ပါး ပါပဲ...**



ဒေါက်တာဒေါ်ခေသီ

**ဒေါက်တာဒေါ်ခေသီ၊ ပါမောက္ခ၊ ဌာနမှူး(ငြိမ်း) သတ္တဗေဒဌာန၊ စစ်တွေတက္ကသိုလ်၊**

**အပ်ဆင့်ထောက်ခံအပ်ပါသည်။ ၊ဒေါက်တာနှင်းစိုင်စိုး၊ ကထိက၊ သတ္တဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊**

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ အကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် (အမှတ် -၅၃၁ (B)၊ မိုးကုတ်လမ်းသွယ်၊ စက်မှုဇုန် (၁)၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့)သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

# မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ အထူးဂဏ္ဍ

နိုဝင်ဘာ ၁၃၊ ၂၀၁၆ (တနင်္ဂနွေနေ့)


# အမှားကြာ အမှန်မဖြစ်စေဖို့


ခွန်အင်ကြင်း




လူမှုကွန်ရက်ဖေ့ဘွတ်မှသည် အပြင်သို့ ဖေ့ဘွတ်ဘာသာစကားက ခုန်ထွက်လာ၏။ အပြင်မှာ တစ်ယောက်နှင့်တစ်ယာက်တွေ့လျှင် "ကွီး ဘယ်သွားမလို့လဲ" "ဒီဘက်သွားမလို့ ညေး"၊ "ဆရာ စမီး ဒီနေ့ အိမ်စာမလုပ်ခဲ့ရဘူး"၊ "ကမတွေ ညနေ မွင်းဂါး(မုန့်ဟင်းခါး) သွားစားမယ်"၊ "ယွားကျားတွေက ဒီလိုပဲ" စသည်စသည်ဖြင့် ဖေ့ဘွတ်ထဲမှ စကားများသည် အပြင်သို့ရောက်ရှိလာ၍ အတန်အသင့်သုံးနေကြသည်ကို ပတ်ဝန်းကျင်တွင် တွေ့ရှိရပါသည်။ သုံးနေကြသောသူများကိုကြည့်လိုက်လျှင် ဆယ်ကျော်သက်လူငယ်တွေပဲဟု မထင်လိုက်ပါနဲ့ဦး။ အလွှာစုံသုံးကြပါ၏။ လူကြီးများလည်းပါ၏။ ကျောင်းဆရာ ဆရာမများလည်းပါ၏။ တချို့ဆိုလျှင် ခံမင်စွာပင် သုံးစွဲနေကြပါသည်။

သုံးစွဲ၍အချိန်ကြာလာသည်နှင့်အမျှ အမှားက အမှန်ဖြစ်လာမှာ စိုးရိမ်မိသည်။ ဘယ်နေ့ ဘယ်ဆီများ တစ်နိုင်ငံလုံးမှ ကျောင်းသား ကျောင်းသူလေးတွေ သူတို့၏ စာစီစာကုံးထဲ၊ ဝါကျဖွဲ့ထဲ ထည့်ရေးကြ၊ သုံးကြမည်ကို မသိနိုင်၊ မပြောနိုင်ပါချေ။ ဤအကြောင်းတွေကို စာပေနှင့်တစ်မျိုး၊ ကဗျာနှင့်တစ်သွယ် မသုံးကြ၊ မရေးကြဖို့ စာရေးဆရာတွေ ဆော်ဩနေပါသည်။ တချို့ကလည်း ဒါအချိန်တန်ပျောက်သွားမှာ၊ ဆက်လက်ရှင်သန်နေလျှင်လည်း ပြည်သူကလက်ခံလို့၊ ဒီအတွက် စိုးရိမ်စရာမလိုပါ စသည်ဖြင့် ကန့်ကွက်ပြောဆိုကြပါသည်။ ပြောဆိုနေကြသူတွေကိုကြည့်တော့ ဆရာ ဆရာမများလည်းပါသည်။ စာစီစာကုံးကောင်းကောင်းရေးနိုင်ဖို့၊ ဝါကျမှန်မှန်ဖွဲ့နိုင်ဖို့ သင်ပြနေရသော ဆရာ ဆရာမကိုယ်တိုင်က သုံးနေရုံတင်မက ဤဖေ့ဘွတ်ဘာသာစကားကို ကာကွယ်ပြောဆိုနေတာ တွေ့ရတော့ အလွန်အံ့ဩမိပါသည်။

ဖေ့ဘွတ်မှသုံးကြသော ဘာသာစကားကို သေချာစေ့ငုကြည့်လျှင် ဗန်းစကားဟုလည်းမဆိုနိုင်။ ဒေသိယစကားလည်း မဟုတ်ပါ။ ဒေသိယစကားတွေက မြန်မာဘာသာဗေဒပညာရှင်များပင် ယခုချိန်ထိ လေ့လာနေကြ၊ ကျမ်းပြုနေကြပါသည်။ လက်နှိုးစုတ်ကို တချို့ဒေသများက လက်ခုစုတ်ဟု သုံးကြပါသည်။ ဝယ်လာသောပစ္စည်းနှင့် ပေးရသော ငွေပမာဏမျှတသည်ကို တန်သည်ဟု ပြောဆိုကြပါသည်။ ကျွန်တော်တို့ ရွှေဘိုဘက်ကတော့ တန်သည်ဆိုလျှင် ဈေးကြီးသည်၊ များသည်ဟု ဆိုလိုပါသည်။ ဝိုင်းကူကြပါဦးကို ဝိုင်းအုံကြပါဦးဟုလည်း သုံးကြပါသည်။ ရွှေဘိုက စကားကြွယ်လှသော လှတောသားနှင့် နီးလို့လားမသိ စကားပြောလျှင် အားပါးတရပြောဆိုကြပါသည်။ ဥပမာ အရာတစ်ခုခု အလွန်ကြီးမားလျှင် "ဟာ သေးသားလား"ဟု သုံးနှုန်းကြပါသည်။ သေးသားလားဟုပြောလျှင် အလွန်အမင်းကြီးမားကြောင်းကို ဆိုလိုသည်။ "နည်းတာကြီး မဟုတ်"ဟု ပြောလျှင် များတာ၊ ကြီးတာကို ဆိုလိုပါသည်။ ဤသို့ပင် သူ့နယ်နှင့်သူ ချစ်စရာဘာသာစကားလေးများ ရှိကြပါသည်။ ကျွန်တော်သည် ဘာသာစကားပညာရှင်မဟုတ်၍ အများကြီးဥပမာမပေးတတ်ပြီ။

ဖေ့ဘွတ်မှဘာသာစကားကတော့ ဒေသိယလည်းမဟုတ်။ တွေးကြည့်ရလျှင် ဖုန်းစခရင်မှ ကီးဘုတ်ကို အလွယ်စာရိုက်ရာမှစတင်သည်ဟု ဆင်ခြင်မိပါသည်။ အစ်ကိုကြီးကို စာရိုက်ရလျှင်ကြာမည်။ ထို့ကြောင့် အလွယ်ပင် ကွီးဟု သုံးနှုန်းလိုက်တာလား။ တကယ်ပြောတာဟု စာရိုက်နေလျှင် ကြာမည်။ ထို့ကြောင့် ဂယ်ကျောတာဟု ဖြစ်ကုန်သည်။ တချို့စကားလုံးတွေက သဒ္ဒါပျက်၊ သတ်ပုံပျက်တွေဖြစ်သည်။ "မသွားနှင့် မသွားနဲ့" ကို "မသွားနက်"တွေ ဖြစ်ကုန်သည်။ ချုပ်ပြောရလျှင် အလွယ်ပြောရာမှ တွင်ကျယ်လာသည်။ ဤနေရာတွင် ကျွန်တော်သည် ဖေ့ဘွတ်ဝေါဟာရများကို ရှင်းလင်းနေခြင်း မဟုတ်ပါ။ အလွယ်ပြော၊ အလွယ်သုံးရာမှ တဖြည်းဖြည်း တွင်ကျယ်လာပြီး လူငယ်တွေ၊ ကျောင်းသားတွေ အမှားကို အမှန်ထင်လာမှာ စိုးရိမ်ပါသည်။ စည်းစနစ်ကြီးလှသော၊ တည်ခန့်လှသော ကိုယ့်မြန်မာစကား ပျက်စီးသွားမှာ စိုးရိမ်ပါသည်။ အစိုးရိမ်ကြီးတာပဲဟုပြောလျှင် ခံပါမည်။ မြန်မာဘာသာ၊ မြန်မာစကားကို ချစ်မြတ်နိုးတန်ဖိုးထား၍ စိုးရိမ်မိကြောင်းပါ။

ကျွန်တော်သည် ကျောင်းဆရာဖြစ်၍ ယနေ့ကလေးများ၏ ပညာရေးအခြေအနေကို တွေ့နေမြင်နေရသည်။ အောင်ချက်တန်ဖိုးထားလွန်းသော ကျွန်တော်တို့နိုင်ငံ၏ စနစ်နှင့်လည်း ဆိုင်မည်။ ကျောင်းသား ကျောင်းသူလေးများ အရာရာကို နားလည်သည်ဖြစ်စေ၊ နားမလည်သည်ဖြစ်စေ အလွတ်ကျက်အာဂုံဆောင်နေရသော ခေတ်စနစ်ဖြစ်သည်။ ခေတ်စနစ်နှင့်သက်ဆိုင်သလို သင်ပြနေသော ဆရာ ဆရာမနှင့်လည်း သက်ဆိုင်သည်။ အောင်ချက်ဆိုတာကလည်း သင်ပြသူဆရာများအတွက်ရော ကျောင်းအုပ်အတွက်ပါ စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်သည်။ မိဘများကလည်း နေ့ရှိသ၍ ကလေးကို စာပြီးရင် စာကျက်ခိုင်းနေကြသည်။ ကလေးများ ကစားချိန်၊ နားချိန်မရ။ ကျောင်းနှင့်ကျူရှင်၊ ကျူရှင်နှင့်ညဂိုက်တွင် လူငယ်ဘဝ ဆော့ချိန်၊ နားချိန်များကို စတေးနေရသည်။ အောင်ချက်၊ ဂုဏ်ထူး၊ တက္ကသိုလ်ဝင်တန်းရမှတ်က ပန်းတိုင်လိုဖြစ်နေသည်။ ဤကဲ့သို့သောအခြေအနေတွင် ကျောင်းသား ကျောင်းသူလေးများ ဝါကျဖွဲ့မှအစ စာစီစာကုံးအဆုံး ကိုယ်တိုင်အားထုတ်မှုမရှိဘဲ အလွတ်ကျက်ကြပါသည်။ မြန်မာစာ ဤလိုအခြေအနေတွင် ဖေ့ဘွတ်မှသည် ပြောစကားအထိ ကွီးတွေ၊ စမီးတွေလုပ်နေလျှင် နွံထဲကျွံနေသော လှည်းဘီးကို ဆွဲမထုတ်ဘဲ ဆက်ပြီးနှစ်သလို ဖြစ်နေမည်။ မြန်မာနိုင်ငံသည် ကမ္ဘာတွင် နိမ့်ကျနေသောအခြေအနေမှ ပြန်လည်ဦးမော့နိုင်အောင် ကြိုးစားရုန်းကန်နေသော အခြေအနေဖြစ်သည်။ ပြန်လည်ဦးမမော့သေးခင် ရှိပြီးသားအခြေအနေတွေ ထပ်ပြီးယုတ်လျော့မသွားဖို့ အလွန်ပင် အရေးကြီးသော အခြေအနေဖြစ်ပါကြောင်း တင်ပြရင်း ကျွန်တော့်ဆောင်းပါးကို တို့ဗမာအစည်းအရုံး၏ ကြွေးကြော်သံဖြင့် အဆုံးသတ်ပါရစေ။

"ဗမာပြည်သည် တို့ပြည်
ဗမာစာသည် တို့စာ
ဗမာစကားသည် တို့စကား
တို့စာကို ချစ်ပါ
တို့စကားကို ချီးမြှင့်ပါ" ဟူ၍။

■

## နေ့စဉ်အမှု

အမှားတစ်ခု နေ့စဉ်ပြုသော်
ထိုထိုအမှား ကြိမ်ဖန်များက
မှန်သည်ထင်လာ လူ့သဘောတည်း။
အမှန်တစ်ခု နေ့စဉ်ပြုသော်
ထိုထိုအမှန် လူ့ပုံဟန်သည်
ယုံကြည်ခိုင်မာ ရှိမည်တည်း။
ပညာတစ်ခု နေ့စဉ်ရှုသော်
ထိုထိုပညာ မြတ်ဥစ္စာသည်
မြင်သူသာလှ ရှိမည်တည်း။
ကုသိုလ်တစ်ခု နေ့စဉ်ပြုသော်
ထိုထိုကုသိုလ် မြတ်ပုဂ္ဂိုလ်သည်
ခုနောင်ဘဝ မြတ်မည်တည်း။

**ကောင်းစံသာ**
B.A Eco

## ချိန်ခါရှိခိုက်

ပထမအရွယ် အငယ်သော်က
နှုတ်မှုလက်မှု အတတ်စုကို
အားထုတ်ခံမင် ကြိုးစားမှဲ့လျှင်
ကြီးမားဒုက္ခ နောင်ခါရဖို့
အဖြစ်သေချာ ရှိဘိရာ၏။
ဘဝဟူသည် သမုဒ္ဒရာ
ရေမျက်နှာထက် ခဏတက်သည့်
ရေပွက်ပမာ ခဏတာမို့
ပျိုမြစ်သန်မာ နနယ်ခါဝယ်
ပညာရကြောင်း အကျင့်ကောင်းကို
ရေငတ်သောသူ ရေရှာဘိသို့
လိုရာရအောင် ကြံဆောင်လေ့လာ
ချိန်ရှိခိုက်မှာ မိမိကိုယ်သာ
မညှာစတမ်း ခိုင်းဘိစမ်းစို့။
မလျော့လုံ့လ အားထုတ်ကြစို့။
ချိန်ခါရှိခိုက် သင်အားစိုက်မှ
ရှုပ်ထွေးပွေလီ ဤလောကီဝယ်
သင့်နေရာမှန် သင်တွေ့ရာအံ့။
ဇွဲလုံ့လဆောင် ဝီရိယထား
မောင်မယ်လူသား သင်ကြိုးစားလျှင်
မဖြစ်ဘယ်မှာ ရှိဘိရာနည်း။
ယခုချိန်မှာ မိမိကိုယ်သာ
ညှာတာကမူ နောင်ချိန်နောင်ခါ
အမျှားခိုင်းဖတ် အနှိပ်စက်ခံ
ဘဝဟန်ကို မလွဲကေန်
ရောက်ရန်အတိ ဖြစ်ဖို့ရှိ၏။
ရောက်မည့်အရေး တွေးဝန်လေး၏။

**ရှယ်ယာမင်းဝေ (ကြို့ပင်ကောက်)**
ပညာရေးတက္ကသိုလ် (ပဥ္စမနှစ်)


မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

# မြေနိမ့်ရာလှံစိုက်၊ မိုက်စိတ်ကိုအသက်မသွင်းကြစေချင်

ညွန့်လူ
Second year,UIT

"အခုချက်ချင်းတောင်းပန်စမ်းဟဲ့ကောင်၊ ငါပြောနေတာကြားလား၊ အခုချက်ချင်း ငါနင့်ကိုတောင်းပန်ပါတယ်၊ ငါ့ကိုခွင့်လွှတ်ပါ၊ ငါမှားပါတယ်လို့ပြောစမ်းဟဲ့ မိမဆုံးမ ဖမဆုံးမအကောင်ရဲ့"။

ဖိုးထွေးရင်ထဲတွင်တော့ အတန်းပိုင်ဆရာမဆိုသူက ပြောဆိုမာန်မဲနေ၍ လည်းကောင်း၊ ကစားဖော်ကစားဖက်သူငယ်ချင်းများကြားတွင်ဖြစ်၍တစ်ကြောင်း၊ မိမိနှင့် စာပြိုင်ဘက်အချစ်ဆုံးသူငယ်ချင်းကောင်မလေး၏ရှေ့တွင် ဒူးထောက်ထားရသည်ကတစ်ကြောင်း ရင်ထဲတွင် နာကျင်ပွက်လောရိုက်နေပြီး မျက်ဝန်းအစုံတို့က မျက်ရည်စများ ပြည့်လျှံလာလေတော့သည်။ သူငယ်ချင်းအများစုကမိမိကို သူစိမ်းသဖွယ်ကြည့်နေကြသည်။ စိမ်းစိမ်းကားကား အကြည့်များ။ ဖိုးထွေးရင်ထဲ အားငယ်စိတ်တို့ကသာ စိုးမိုးထားလေသည်။ မိမိနှင့် ဤမိန်းကလေးတို့ ချစ်ခင်သော သူငယ်ချင်းများဖြစ်သည်။ယခုလည်း ဆော့ကစားရင်း မိမိကြောင့် သူမတော်တဆ ထိခိုက်မိသည်။ တူမ တော်စပ်သူ ထိခိုက်မိ၍ ဆရာမဆိုသူက မိမိကို ဤမျှအထိ နှိမ့်ချ၍ တောင်းပန်ခိုင်းသည်ကိုတွေး၍သူငယ်ချင်းများကြားတွင် ဖိုးထွေးရှက်လည်းရှက်၊ ငိုလည်းငိုနေမိသည်။ ငိုသံပါပါ တောင်းပန်စကားကို အားငယ်စိတ်အပြည့်၊ ရှက်စိတ်အပြည့်နှင့် ဖိုးထွေးဆိုရတော့သည်။ "ငါနင့်ကိုတောင်းပန်ပါတယ်၊ ငါ့ကိုခွင့်လွှတ်ပါနော်"။ ဤသည်က ဖိုးထွေး သုံးတန်းတက်တုန်းက ဖြစ်ရပ်တစ်ခု။

"ဟော့ကောင်တွေ ဆော့ရအောင်ကွာ"။

"နိုးကွာ. . . ငါတို့မင်းကိုမခေါ်ဘူး"။

"အေး မခေါ်လည်းနေကွာ၊ တခြားသူနဲ့သွားဆော့မယ်"။

ဤသို့ပင်ဖိုးထွေးတစ်ယောက် သူ့သူငယ်ချင်းတွေကို ကစားရန်အဖော်စပ်တိုင်း သူတို့က သူ့ကိုဝိုင်းပယ်ထားကြသည်။ သူ့ကိုမခေါ်ကြတော့။ ဖိုးထွေးတစ်ယောက် သူ့ကိုသူငယ်ချင်းများက ဝိုင်း၍မခေါ်ကြသည့် အကြောင်းကို မူလကမသိ။ နောက်တော့သိလာခဲ့လေပြီ။ အကြောင်းမူကား ဖိုးထွေးမှာသူငယ်ချင်း အများစုတက်သောကျူရှင်မှ မဟုတ်သောကြောင့်ဖြစ်လေသည်။ ဖြစ်ရပုံဆန်းကြယ်ဘိ။ ဖိုးထွေးမှာသူငယ်ချင်းများက ဤသိုဝိုင်း၍ဥပေက္ခာပြုခြင်းကို ခံရသည့်အတွက် လောကကြီးတွင် မိမိတစ်ယောက်တည်းဟု မိမိကိုယ်ကိုထင်မိသည်အထိ စိတ်ထိခိုက်ခံစားရသည်။ အများနှင့် တစ်ယောက်။

သုံးတန်းကလေးတစ်ယောက်၏ ရင်နှင့်အပြည့်ခံစားနေရသောအရာများက နင့်လှချည်တကား။ကလေးနှင့်မလိုက်။

သို့နှင့်ကျောင်းတွင် ဖိုးထွေးမှာအမြဲလိုလို တစ်ယောက်တည်းဖြစ်နေသည်ကများသည်။ မိဘများက လယ်ထဲဆင်း၊ ထမင်းချိုင့်ကိုယ်စီနှင့်၊ မိမိကလည်း ကျောင်းတက်။ မိမိ ထမင်းချိုင့်နှင့်မိမိ။ ကျောင်းတွင်ထမင်းထုပ်သူကလည်း အတန်းတူထဲတွင်မရှိ၊ ခပ်ရှားရှား။ အိမ်သို့ကိုယ်စီပြန်ကာ မိဘကတယုတယကျွေးသောထမင်းကို စိုစိုပြည်ပြည်စားကြသူကများသည်။ မိမိကတော့ တစ်ယောက်တည်းလည်းဖြစ်၊ ဟင်းကလည်း အခြောက်ဟင်း (အခြောက်ဟင်းမှာ ကြာရှည်ခံသော ငါးခြောက် ငါးခြမ်းကို ဆိုလိုခြင်းဖြစ်သည်။)နှင့်ဆိုတော့ ကလေးပီပီ အားငယ်မိသည်ကတော့အမှန်။

ငယ်စဉ်ကတည်းက လည်ပင်းဖက်ပေါင်းလာခဲ့သော သူငယ်ချင်းများက မိမိကို စိမ်းကားသွေဖည်ကာ နှိမ်ချဆက်ဆံခြင်းမျိုးကို ဖိုးထွေး တွေ့ကြုံနေရသည်။ မူလတန်းကလေးတစ်ယောက်အဖို့ အပေါင်းအဖော်၊ ကစားဖော်ကစားဖက်ကို မက်စမြဲပင်။

သို့သော် ဖိုးထွေးအဖို့ ကစားရန်ပင် အဖော်က ခပ်ရှားရှား။ ကျောင်းသွားကျောင်းပြန်လည်းသူတစ်ယောက်တည်းပင်။ သူ့ကို တရင်းတနှီး အဖက်လုပ်ပေါင်းမည့်သူမရှိ။ ကျူရှင်တက်သော သူငယ်ချင်းများသာ သူတို့ အချင်းချင်း စည်းလုံးကြသည်။ဖိုးထွေးခမျာ အမြဲတစ်ယောက်တည်း။ မူလကတည်းက တစ်ဦးတည်းသောသားဖြစ်သဖြင့် ဖိုးထွေးပို၍ အထီးကျန်ဆန်လေတော့သည်။ ပြီးတော့ ဖိုးထွေးမှာ မိသားစုတွင်တစ်ဦးတည်းသော ကလေးဖြစ်သည်။ တစ်ဦးတည်းသောသားဖြစ်သည့်အပြင် တစ်ဦးတည်းသော မြေး၊ တစ်ဦးတည်းသောမြစ်လည်း ဖြစ်လေသည်။ အဒေါ်များကလည်း အပျိုကြီးများဖြစ်ကြသည်။ အဘိုးအဘွားနှင့် အဒေါ်တို့မှာလည်း တစ်မြို့ တစ်ရွာတွင် နေကြသည်။ ဖိုးထွေးငယ်စဉ်ကတည်းက ပြောင်းသွားကြခြင်းဖြစ်သည်။ သည်တော့ ဖိုထွေးအဖို့ မေတ္တာရှားလှသည်။မိဘများကလည်း ညမိုးချုပ်မှ အိမ်ပြန်ရောက်လေ့ရှိသောကြောင့် ဖိုးထွေးကို အချိန်ပေးပြီးဂရုမစိုက်နိုင်။ တစ်ခါတလေတော့လည်း အဘိုးအဘွား ၊ဦးလေးအဒေါ်၊ ညီအစ်ကိုမောင်နှမတွေ အများကြီးနှင့် မိသားစုများကို ဖိုးထွေးအားကျမိသည်ကတော့ အမှန်။

သို့သော်လည်း ဘဝပေးအကြောင်းအရဟုပင်ပြောရပေမည်။ တစ်ယောက်တည်းနေဖို့ ကံဇာတာများပါလာလေရော့သလားဟု ထင်ရမလို ဖြစ်နေသည်။

အမှန်တော့ ဖိုးထွေးလည်း သူငယ်ချင်းများနှင့်ကျူရှင်အတူ တက်လိုလှသည်။ သို့သော် တက်၍မဖြစ်သောအကြောင်းကရှိသေးသည်။ သူ့မိဘများ လယ်ယာလုပ်ငန်းအဆင်မပြေသည်ကို ဖိုးထွေးသိသည်။ ဈေးကြီးပေးရသော ကျူရှင်တက်မှ စာတတ်သည်မဟုတ်၊ မိမိကိုယ်တိုင် ကြိုးစားလျှင်လည်းရသည်ဟု ဖိုးထွေးခံယူထားသည်။

နောက်တော့ ဖိုးထွေးကံကောင်းသည်။ အကြောင်းစုံသိသော ပင်စင်စား ဆရာမကြီးတစ်ယောက်က ဖိုးထွေးကို စာသင်ပေးလေသည်။ မူလကတည်းက ဉာဏ်ကောင်း၍ ကိုယ့်အားကိုယ်ကိုး ကြိုးစားလိုစိတ်ရှိသော ဖိုးထွေး တစ်ယောက် သုံးတန်းကိုဒုတိယဆုဖြင့်အောင်လေသည်။

ဒုတိယဆုဆိုတော့ ပထမရသူမှာ မည်သူနည်းဟု မေးစရာရှိသည်။ ပထမရသူကား အခြားမဟုတ်။ မူကြိုကတည်းက အတူတူတက်ခဲ့ကာ အခုမှသာဖိုးထွေးကိုမခေါ်ချင်မပြောချင်တော့သော သူ့ဒူးထောက်၍ မျက်ရည်နှင့်အတူ တောင်းပန်ခဲ့ရသော သူငယ်ချင်းကောင်မလေးဖြစ်သည်။ နာမည်က ကြည်လဲ့။

နောက်တစ်ယောက် ရှိသေးသည်။ တတိယဆုရသူ။ သူကလည်း အခြားသူမဟုတ်ပါချေ။ ဆရာမ၏ သမီးဖြစ်သူကိုယ်တိုင် ဖြစ်သည်။ နာမည်က နွယ်နီ။ သူတို့နှစ်ယောက်စလုံးမှာ ဖိုးထွေးနှင့် စာပြိုင်ဘက်များဖြစ်ကြသည်။ သူတို့မိဘများမှာ မြို့မျက်နှာဖုံးများဖြစ်ကြသည်။ ဖိုးထွေးက သူတို့နှစ်ယောက်လုံး အပေါ် စာပြိုင်ဘက် အချစ်ဆုံးသူငယ်ချင်းများအဖြစ် မှတ်ယူထားသော်လည်း သူတို့ကတော့ ထိုသို့မဟုတ်။ စာပြိုင်သည်သာမက အပြင်လောကတွင်ပါ ဖိုးထွေးကိုနှိပ်ကွပ်လိုကြသည်။ စိမ်းကားပစ်ပယ်တတ်ကြသည်။ ဖိုးထွေးအပေါ် ရန်သူသဖွယ် ဆက်ဆံတတ်ကြသည်။ ဖိုးထွေးက တစ်ယာက်တည်း၊ သူတို့ကအများ။ ကြည်လဲ့နှင့် နွယ်နီ နှစ်ယောက်တို့တွင် နွယ်နီကပို၍ မောက်မာတတ်သည်။ ဤသို့သော ကိစ္စရပ်များကို သူတို့နှင့် ကျူရှင်အတူ မတက်သည့် အချိန်မှစ၍ဖိုးထွေးကြုံတွေ့လာရခြင်းဖြစ်သည်။ သူတို့မှမဟုတ် ထိုကျူရှင်မှ သူငယ်ချင်း အများစုကပါ ဖိုးထွေးအပေါ် ဆက်ဆံပုံက တစ်ပုံစံတည်း ဖြစ်လို့နေသည်။

ထိုကျူရှင်သည် ဖိုးထွေးတို့တစ်လမ်းကျော်မှ ဆရာမ တစ်ယောက်သင်သော ကျူရှင်ဖြစ်သည်။ ထိုဆရာမသည် ဖိုးထွေးတို့အတန်းပိုင်ဆရာမနှင့် ရင်းနှီးသည်။ စင်စစ် ဖိုးထွေးနှင့် ထိုကျူရှင်ဆရာမတို့သည် ရင်းနှီးသည်ဟုဆိုသည်ထက်ပိုပါသည်။ ဖိုးထွေးကိုလည်း ချစ်သည်။ စင်စစ် ဖိုးထွေးမိဘများနှင့်ပါ တရင်းတနှီးရှိသူဖြစ်သည်။ ကုန်ကုန်ပြောရလျှင် ဖိုးထွေးငယ်စဉ်က ထိုအိမ်သို့ မကြာခဏ ရောက်သလို ဖိုးထွေးကိုချစ်၍ မုန့်ပဲလေးများပင် ပေးကမ်းဖူးသောကျေးဇူးရှိသည်။ ဖိုးထွေးမိဘများနှင့်လည်းအပြန်အလှန်ကျေးဇူးရှိကြသည်။ သို့သော် ယခုတော့ ကောက်ကာငင်ကာကြီး ထိုဆရာမက တစ်မျိုးတစ်ဖုံ ဖြစ်လို့နေသည်။ ဖိုးထွေးက လမ်းမှာတွေ့၍ ခါတိုင်းလို နှုတ်ဆက်လျှင် မသိဟန်ဆောင်သွားတတ်သည်။ ဤသည်ကို ဖိုးထွေးမူလက ဘာကြောင့်မှန်းမသိ၊ နောက်တော့ သိလာရချေပြီ။ ဖိုးထွေးတစ်ယောက် သူ့ကျူရှင်ကို သူငယ်ချင်းများနှင့်အတူမတက်ခြင်းက အပြစ်တစ်ခုသဖွယ် ဖြစ်လို့နေသည်။

အခုတော့ ဖိုးထွေးအရာအားလုံးကို သဘောပေါက်သွားပါပြီ။ သုံးတန်းအောင် လေးတန်းတက်မည့် ကလေး တစ်ယောက် ရင်ထဲတွင် ပြောမပြနိုင်လောက်အောက်များပြားသောခံစားချက်များက ကုဋေကုဋာ။ လောကကြီးက ဖိုးထွေးအပေါ် ရက်စက်လွန်းဟု ထင်မိသည်။

မူလကဖိုးထွေး ထိုကျူရှင်ကို တက်ချင်ခဲ့မိသည်ကတော့ အမှန်။ အခုတော့ သူလုံးဝမတက်ချင်တော့။ သူ့ဘာသာကြိုးစားတတ်နေပြီ။ ကိုယ့်လှံ့လကို ကိုယ်ယုံကြည်တတ်နေပြီ။ ငွေကိုဖုံးပေါလအောမသုံးနိုင်သူ တစ်ယောက် အဖို့ပညာကို လုံ့လနှင့် အချိန်နှင့်ရင်း၍ရှာတတ်နေပြီ။

မူလကတည်းကမခံချင်စိတ်ရှိသူဖြစ်ရကား ဖိုးထွေး၏စိတ်ဓာတ်သည် ကလေးတစ်ယောက်ကဲ့သို့ နူးညံ့မှုမရှိတော့ပါချေ။ အများက သူ့ကိုရန်သူလိုသဘောထားနေသည့်အတွက် သူကလည်း အများနှင့် ရန်သူလိုနေတတ်နေပြီ။ ကျောင်းတွင် ဖိုးထွေးမှာ ဂျစ်ကန်ကန် ကလေးတစ်ယောက် ဖြစ်လာသည်။ သူများနှင့်လည်း မကြာခဏရန်ဖြစ်တတ်သည်။ ဖိုးထွေး၏စိတ်သည် အရင်လိုမဟုတ်တော့။ ရန်လိုမှုအပြည့်နှင့်ဖြစ်နေသည်။ သူ့ကိုပယ်ထားသူတို့ကို သူကပြန် အနိုင်ရလိုသည်။ ထို့ကြောင့် သူ စာကိုသာ ဖိ၍ကြိုးစားသည်။ အတန်းတွင် ပထမရရန် သူကြိုးစားမည်ဟုဆုံးဖြတ်ထားသည်။ သူ အားလုံးကို အနိုင်ရလိုသည်။ ထို့ကြောင့် ဖိုးထွေး တစ်ယောက်စာကိုသာ ကြိုးစားရင်းက မည်သူနှင့်မျှ အပေါင်းအသင်း မလုပ်တော့၊ အရေးလည်းမလုပ်တော့။ အစဉ်အမြဲ တစ်ယောက်တည်းနေတတ်အောင် သူ့ကို လောကကြီးက သင်ပေးလိုက်လေပြီ။ သို့နှင့် ကျောင်းတွင် ဆရာမများနှင့် ကျောင်းသားကျောင်းသူ အများစုက ဖိုးထွေးကို ဂျစ်ကန်ကန်နှင့် မိုက်ရိုင်းသော ကလေး တစ်ယောက်သဖွယ် ရှုမြင်ကုန်ကြသည်။

ဖိုးထွေးကတော့ မည်သူ့ကိုမျှ ဂရုစိုက်မည် မဟုတ်ပေ။ စာမှလွဲ၍ သူဘာကိုမျှ စိတ်မဝင်စားတော့။

ဖိုးထွေးမှာစာတော်သည်မှန်သော်လည်း ရိုင်းစိတ်၊ မိုက်စိတ်များသွားခဲ့လေပြီ။ သူ့ကို သေးသေးတင်လျှင် သူက လုံးကြီးတင်၍ အဆန်ပြန်ခတ်ပေလိမ့်သည်။ သူ့ကိုမျက်စောင်းထိုးလျှင် သူက ဘုကြည့်ကြည့်၍မဲ့ပြပေလိမ့်မည်။

လောကကြီးနှင့် ခပ်စိမ်းစိမ်းနေခြင်းက သူ့အတွက် အသားကျနေသည်။ စင်စစ် လူ့လောက လူ့သဘာဝများကိုလေ့လာခွင့်မရဘဲ အထီးကျန်ဆန်ဆန် နေရခြင်းဖြစ်ပေသည်။ ဤသည်ကိုသူနားမလည်။ သူ့အပေါ်မကောင်းသူများကိုကန့်လန့်တိုက်ရင်း လူ့လောကသဘာဝတို့ကို စိတ်မဝင်စားဘဲနေရင်းက ဖိုးထွေးတစ်ယောက် တစ်စတစ်စ လူတောမတိုးပုံဖြစ်လာခဲ့သည်။ မူလက တမင်တကာ လူတွေနှင့် ခပ်ကင်းကင်းနေရာက လူတောသူတောသွားရမှာကြောက်ရွံ့လာတော့သည်။ ဖိုးထွေး၏စိတ်ထဲတွင်ကြောက်စိတ်၊ အားငယ်စိတ်တို့ မသိမသာ ကိန်းအောင်းလာခဲ့သည်။ သူ့ကိုဤသို့ဖြစ်အောင် လောကကြီးက ပင်သင်ပေးခဲ့ခြင်းဖြစ်သည်။

စာကိုသာကြိုးစားရင်း လေးတန်းကို ဒုတိယဆုဖြင့်သာအောင်လေသည်။ သူမျှော်မှန်းထားသော ပထမဆု မရခဲ့ပေ။ သို့သော် သူဖွဲ့မလျှော့။နောက်နှစ်ဆက်ကြိုးစားသည်။ ငါးတန်းတွင်တော့ သူပထမရလေသည်။ သူလိုချင်သော ပထမဆုရ၍သူအလွန်ပျော်သည်။ အားလုံးအပေါ် အနိုင်ရပြီဟုခံယူသည်။ သူ့ကိုယ်သူ စစ်ဘုရင်တစ်ဦးသဖွယ် ဝင့်ကြွားသည်။ သူ့ဆန္ဒပြည့်ခဲ့လေပြီ။ သို့သော် ဤမျှနှင့် သူတင်းတိမ်မည်မဟုတ်။ ကြိုးစားပေဦးမည်။ သူ့ရည်မှန်းချက် အသစ်က ဆယ်တန်းစာမေးပွဲကို ဂုဏ်ထူးတွေတစ်သီကြီးနှင့်အောင်ရန်ဖြစ်သည်။ ထိုသို့ဖြစ်ရန် သူကြိုးစားရာတွင် လောကကြီးနှင့် ပြဒါးတစ်လမ်း သံတစ်လမ်းနေကာ လူမှုရေးနားမလည်သောလူ့ခွစာတစ်ယောက်အဖြစ် ဖြတ်သန်းရင်း သူကြိုးစားမည်ဖြစ်သည်။ သူ့ရည်မှန်းချက်ကိုသာသူသိသည်။ သူ့လုပ်ရပ်အလုံးစုံသည် မမှန်ကန်ကြောင်းသူမသိ။ သူ့ကိုယ်သူ သုံးသပ်နိုင်စွမ်းလည်းမရှိ။ အရာရာကို မိုက်ကန်းစွာရင်ဆိုင်မည်သာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သူ့စိတ်တွင်စိတ်ရိုင်းသာကြီးစိုးနေသောကြောင့် ဖြစ်လေသည်။

စင်စစ်ဉာဏ်ကောင်း၍ ထက်မြက်သော ဖိုးထွေးကို လောကကြီးက နွေးထွေးစွာမဆက်ဆံခဲ့ခြင်းကား ရင်နာစရာကောင်းလှပေသည်။

သို့နှင့် ဖိုးထွေး တစ်နှစ်တစ်တန်းအောင်၍ ဆယ်တန်းသို့ရောက်လေသည်။ ဆယ်တန်းမရောက်ခင်အတန်းစုံဖြတ်သန်းခဲ့သည်။ သို့သော် သူ့မူကိုကား မစွန့်။ သူ့ပင်ကိုပုံစံအတိုင်း ဖြတ်သန်းရင်း လူ့ခွစာစာဂျပိုးတစ်ယောက်အနေဖြင့်သာ။ ယခု သူ့သူငယ်ချင်းအချို့လည်း သူ့ကို စကားပြန်ပြောကြသည်။ သို့သော် ဘယ်တော့မှ သူက စ၍မပြော။ မာနကြီးသူတစ်ယောက်ဖြစ်ခဲ့လေပြီ။ မည်သူ့ကိုမျှလည်း သူကအရင် အာလာပ သလ္လာပ လောကွတ်စကားဆိုမည်မဟုတ်ချေ။ ထို့ကြောင့် လူမှုရေးနားမလည်သူ တစ်ယောက်ဖြစ်လာလေသည်။ ဤသို့ဖြစ်လာအောင်လည်း လောကကြီးကပင် သူ့ကို သင်ပေးခဲ့ခြင်းဖြစ်သည်။

ဖိုးထွေး ဆယ်တန်းတက်တော့ ဘော်ဒါမနေ ၊ ကျူရှင်အချို့တော့တက်သည်။ သူ့သူငယ်ချင်းအချို့လည်း သူ့ကို နွေးနွေးထွေးထွေးဆက်ဆံနေပါပြီ။ သို့သော် ဖိုးထွေးကတော့ ထိုသို့မဟုတ်တော့။ စင်စစ်ဖိုးထွေး၏ပင်ကိုစိတ်ထားသည် နူးညံ့သိမ်မွေ့သည်။ အေးဆေးသည်။ ထို့ကြောင့် သူ့သူငယ်ချင်းတွေ သူ့ကိုကောင်းကောင်းမွန်မွန်ဆက်ဆံလျှင် သူလည်းကောင်းကောင်းမွန်မွန် ဆက်ဆံလိုသည်။ သို့သော် လူမှုပတ်ဝန်းကျင်နှင့် အလိုက်တသင့်ဆက်ဆံတတ်သော အမူအကျင့်တို့ကို ဖိုးထွေးမသင်ယူခဲ့။ မတတ်မြောက်ခဲ့။ ထို့ကြောင့်လည်း သူငယ်ချင်းများနှင့်ဆက်ဆံရေး ကျဲသလိုဖြစ်နေသည်။ မာနကြီးသူတစ်ယောက်လိုအထင်ခံနေရသည်။ ရပ်ထဲရွာထဲတွင်ပါ အများသူငါနှင့်ဆက်ဆံရေးက သိပ်မကောင်းလှ။ ဖိုးထွေးတစ်ယောက် သူ့အားနည်းချက်ကိုလည်း သူကိုယ်တိုင်မသိခဲ့။ တစ်ယောက်တည်းနေခြင်းက သူ့အတွက် နေသားကျပြီး အကောင်းဆုံးဟုခံယူထားသည်။ ဤသို့နှင့် ဖိုးထွေးဆယ်တန်းအောင်တော့ လေးဘာသာဂုဏ်ထူးရသည်။ သူအရမ်းပျော်သည်။ သူ့ရည်မှန်းချက်တစ်ခု ထပ်မံပြည့်ဝခဲ့ပေသည်။

သူ့ သူငယ်ချင်းတွေ သူ့လောက်မရကြ။ နှစ်ဘာသာ၊ တစ်ဘာသာစသည်ဖြင့် အသီးသီး ရကြသည်။

သူ့ကိုယ်သူ ဂုဏ်ယူသည်။ ဖိုးထွေးမိဘများလည်း ဝမ်းသာရသည်။ သူ့သူငယ်ချင်းများ၊ ဆရာမများလည်း ဝမ်းသာကြသည်။ သူတို့ကျေးရွာအုပ်စုတွင် လေးဘာသာဂုဏ်ထူးတစ်ခါမှမထွက်ဖူးပေ။

အများဆုံးမှာသုံးဘာသာဖြစ်သည်။ ယခု ဖိုးထွေးကျမှ လေးဘာသာထွက်ခြင်းဖြစ်သည်။ သို့ကြောင့်လည်းပို၍ ဟိုးလေးတကျော်ဖြစ်ခဲ့သည်။ ကျော်လည်းကျော်ပေလိမ့်မည်။

ဖိုးထွေး ကြိုးစားပုံက ခပ်ရှားရှား။

ဖိုးထွေးတစ်ယောက် အားလုံးကိုအနိုင်ရပြီဟု မူလက ခံယူထားသော်လည်း သူဆုံးရှုံးလိုက်ရသော အရာများကို သူနောက်မှတစ်စတစ်စ သိမြင်လာရသည်။ ဖိုးထွေးတစ်ယောက် သူ့ကို အဖက်မလုပ်သော သူငယ်ချင်းများကိုကန့်လန့်တိုက်ရင်း ဆယ်တန်းအထိ သေတူရှင်ဘက်သူငယ်ချင်း မရှိခဲ့။

လောကနီတိကို လေ့လာခဲ့သော်လည်း စာတွေ့သာရှိပြီးလူ့လောက ပတ်ဝန်းကျင်တွင် လက်တွေ့ မလေ့လာ မသင်ယူခဲ့ရပေ။ နယူတန်၏နိယာမကို အလွတ်ရချင်ရမည်။သို့သော် လောကနိယာမနှင့်လူ့သဘောသဘာဝတို့ကို ဖိုးထွေးနားမလည်။ စာတော်သော်လည်း လူအများနှင့် ပေါင်းသင်းဆက်ဆံရေးတွင် ဖိုးထွေးညံ့ဖျင်းခဲ့လေသည်။ ဤသည်တို့မှာ ဖိုးထွေးဆုံးရှုံးလိုက်ရသော အရာများ ဖြစ်သည်။ ဖိုးထွေးတစ်ယောက် မိမိကိုယ်ကို ပြန်လည်သုံးသပ်မိတိုင်း အတွေးစများကအတိတ်ဆီသို့သာ လွင့်ပျံ့နေတတ်သည်။ ထို့နောက် တစ်ဦးတစ်ယောက်ကို မကျေမနပ် ဖြစ်နေတတ်သည်။

အခုတော့ ဖိုးထွေးလည်း တက္ကသိုလ်ရောက်နေပြီဖြစ်သည်။ တက္ကသိုလ်နယ်မြေတွင် ကောင်းကောင်းကျင်လည်တတ်အောင် သူကြိုးစားနေသည်။ လူ့ပတ်ဝန်းကျင်နှင့် လူ့အသိုက်အဝန်းနှင့် အဆင်မပြေသော သူ့အားနည်းချက်ကို အချိန်ယူပြီးပြင်ဆင်မည်ဟု ဆုံးဖြတ်ထားသည်။ သူငယ်ချင်းအသစ်များနှင့်အတူ ပတ်ဝန်းကျင်အသစ်တွင် ကျင်လည်ရင်း ဘဝအသစ်စတင်မည်ဟု ဆုံးဖြတ်ရင်း ဖိုးထွေးတစ်ယောက် သူ့ကိုယ်သူ ဂုဏ်ယူနေသည်။ စင်စစ် ဤကိစ္စသည် လွယ်မည်မဟုတ်ချေ ။ သို့တစေ "ရောမရောက် ရောမလိုကျင့်"ဟူသောစကားပုံရှိပေရာ လူမှုပတ်ဝန်းကျင်တွင်နေလျှင် လူ့သဘောသဘာဝ၊ လောကနိယာမတို့ကို ကျေညက်အောင်သိထားသင့်ပေသည်။ သို့ရာတွင် ဖိုးထွေးဘဝတစ်စိတ်တစ်ပိုင်းမှာ အားနည်းချက်အချို့ဖြင့် ဖြတ်သန်းခဲ့ရလေပြီ။ ထိုအားနည်းချက်တို့သည် ဖိုးထွေးဘဝတောက်လျှောက်အရိပ်မည်းပမာ လိုက်ပါနေပေလိမ့်ဦးမည်။

# စပလိန်

မြင့်ငွေ(စစ်ကိုင်းပညာရေးကောလိပ်)



ညနေခင်းတစ်ခု။ စစ်ကိုင်းကမ်းနားလမ်းမှာ အညောင်းပြေအညာပြေ လမ်းလျှောက်နေစဉ် ကျွန်တော့်အနားသို့ ကားလှလှတစ်စီးရပ်လိုက်သည်ကို သတိထားမိလိုက်တယ်။ ဘောင်းဘီနက်ပြာ စတစ်ဖြူဆွတ်ဆွတ် အင်္ကျီလက်ရှည်ကို စမတ်ကျကျဝတ်ဆင်ကာ မျက်မှန်အမည်းတပ်ဆင်ထားတဲ့ ပုဂ္ဂိုလ်က “ဆရာ”လို့အော်ခေါ်ရင်း ကားပေါ်ကဆင်းလာတယ်။ ဘယ်သူပါလိမ့်လို့ကြည့်နေတုန်း “ကျွန်တော့်ကိုမမှတ်မိဘူးလားဆရာ။ ဆရာ့တပည့် စပလိန်ပါ” အဲလိုပြောလိုက်မှ သူကိုယ်ပေါ်က စမတ်ကျကျ အဝတ်အစားများကွာကျပြီး ညစ်ပေပေကျောင်းစိမ်းဘောင်းဘီတိုနဲ့ ဝါကျင့်ကျင့်အင်္ကျီဖြူတို့က နေရာယူသွားတယ်။ အေးကွမှတ်မိပြီဟု ပြောမလို့ပြင်ကာရှိသေး “ဆရာကျွန်တော်က အခုမန္တလေးမှာ နေတာဆရာရဲ့၊ ချမ်းသာနေပြီ။ မြေပွဲစား၊ အိမ်ပွဲစားလုပ်နေတာ။ အခုလည်း စစ်ကိုင်းဘက်က မြေကွက်တွေလာကြည့်တာဆရာ။ ဆရာကိုမြင်လို့နှုတ်ဆက်တာ”ဆိုပြီး ဆက်ပြောနေပြန်သေးတယ်။ ကျွန်တော်ဘာတစ်ခွန်းမှ ပြန်ပြောချိန်မရလိုက်။ ဒီကောင်ချည်း ပြောသွားတာစုံလို့။ ပြောရင်းကနေ လမ်းလယ်ကောင်မှာ ထိခြင်းငါးပါးနဲ့ လက်အုပ်ချီကန်တော့နေပြန်တော့ လမ်းသွားလမ်းလာတို့က ကွက်ကြည့် ကွက်ကြည့် ကြည့်သွားကြပါရောလား။

“ရုတ်တရက်တွေ့တာဆိုတော့ လက်ချည်း ကန်တော့တာကို ခွင့်လွှတ်ပါဆရာ။ မနက် စစ်ကိုင်းလာစရာရှိသေးတယ်။ အဲဒီအခါမှ ကန်တော့ပစ္စည်းတွေနဲ့ လာကန်တော့မယ်။ ကျွန်တော့်ကို သွားခွင့်ပြုပါဆရာ။ မန္တလေးမှာ လုပ်စရာအလုပ်က မပြတ်သေးလို့ပါ။ ခွင့်လွှတ်ပါဆရာ” ဟုဆိုကာ ထွက်သွားပါတော့တယ်။ ကျောင်းသားဘဝက အလွန်အပျင်းထူတဲ့ကောင်။ ယခုကျ မှောင်ရီပျိုးတာတောင် အလုပ်ကမပြီးသေးဘူးဆိုလားဟု နှုတ်ကတိုးတိုးလေး ရေရွတ်ရင်းကပင် ကျွန်တော့်ကို အတွေးတွေက အတိတ်ဆီသို့ ပြန်ခေါ်သွားလေရဲ့။

လွန်ခဲ့တဲ့ ၂၅နှစ် ကျော်ကာလဆီက ပထမတန်း ကျောင်းသားစပလိန်။ ဒီနာမည်က သူတို့ကျောင်းသားအချင်းချင်းပေးထားတာ။ ဘာကြောင့်ပေးမှန်းမသိ။ ဘယ်သူမှလည်း မေးလို့မရ။ စပလိန်ကတော့ စပလိန်ပါပဲ။

“အီး ဟီး ဟီး ဆရာကြီး သမီးခဲတံ စပလိန်က ယူထားတယ်” ကျောင်းသူတစ်ယောက်ငိုနေရင်း လာတိုင်တယ်။ စပလိန်ကို ခေါ်ပြီးမေးတော့လည်း သူ့ခဲတံလို့ချည်းပြောတယ်။ အဲဒီအချိန်က ခဲတံပျောက်တဲ့အမှုက အရှုပ်ရအခက်ဆုံးပြဿနာ။ မြို့နယ်ရုံးကနေ မဝယ်မနေရ စနစ်နဲ့ ကျောင်းတိုင်းကို တံဆိပ်တစ်မျိုးတည်း ရောင်းတာဆိုတော့ ဘယ်သူ့ခဲတံလို့ ခွဲဖို့ကအခက်သား။ ဇာစ်မြစ်လိုက်လေ ရှုပ်လေပဲ။ ဒီတော့ ပြဿနာအေးပြီရော။ အိတ်ထဲမှာ အသင့်ဆောင်ထားတဲ့ခဲတံကို ပျောက်တဲ့သမီးကို ပေးပြီး ဖြေရှင်းလိုက်ရတယ်။

နောက်ပြီး အတန်းထဲမှာ တစ်ခုခုဖြစ်ပြီဆို စပလိန်က ပါစမြဲ။ အဲဒါကြောင့်လည်း တပည့်အများကြီးထဲမှာ သူ့ကို ပိုမှတ်မိတာ။ ဒီကောင်က ရိုက်ပြီးဆုံးမလည်း ခဏပဲငြိမ်တာ။ လစ်တဲ့အချိန် ပြဿနာရှာပြီးသား။ စပလိန်ဆိုတဲ့ နာမည်နဲ့ လိုက်ပါပေတယ်။ ဖိထားတုန်းငြိမ်တာ။ လွှတ်တာနဲ့ ကြွတော့တာပါပဲ။

ဒီကောင်ရဲ့အရည်အချင်းတစ်ခုက စကားပြော သိပ်ကောင်းတယ်။ အဖော်တွေဆီက မုန့်စားချင်လို့ပဲ ဖြစ်ဖြစ်၊ ပစ္စည်းတစ်ခုခုလိုချင်ရင်ပဲဖြစ်ဖြစ် အပြောချိုချိုနဲ့ ရအောင်ယူတတ်တယ်။

တစ်ရက်က မုန့်စားကျောင်းဆင်းချိန် နားနေခန်းမှာ နားနေတုန်း ဒီကောင်မုန့်ထုပ်တစ်ထုပ်နဲ့ ကျွန်တော့်ကို လာကန်တော့ရှာတယ်။ ဒီလိုကျတော့လည်း ဘယ်ဆိုးလို့လဲ။ သိတတ်သားပဲလို့ စိတ်ထဲကချီးကျူးမိတော့တယ်။ ပီတိနဲ့မုန့် ရောကာစားမယ်ဆိုပြီး မုန့်ထုပ်ကို ဖောက်ကာရှိသေး “ကျောင်းသားတစ်ယောက်ကဝင်လာပြီး ဆရာကြီး အဲဒီမုန့်ထုပ်က ကျွန်တော့်ဟာ။ စပလိန်က ညာယူသွားတာ” တော်တော်ရှုပ်တဲ့စပလိန်လို့ ရေရွတ်ရင်း ရှက်ရှက်နဲ့ ပြန်ပေးလိုက်ရပါရောလား။

ဒီကောင့်ငယ်ဘဝက အလွန်ကြမ်းတမ်းလှပါတယ်။ သူ့မိဘတွေက တစ်နေ့လုပ်တစ်နေ့စား ကူလီတွေ။ လက်လုပ်လက်စားတွေ။ အလွန်ဆင်းရဲရှာတယ်။ စပလိန်လေး လေးတန်းဖြေအပြီး အလုပ်လုပ်ဖို့ မြို့ကို ပို့လိုက်ကြတယ်။ လက်ဖက်ရည်ဆိုင်မှာ စားပွဲထိုးလုပ်ရတာလို့ပဲ ပြောသံကြားခဲ့ရရုံကလွဲလို့ သူ့သတင်းမကြားရတော့တာ ဒီနေ့ထိပါပဲ။ အခု ပြန်တွေ့တော့ သူဌေးကြီးအဖြစ်နဲ့ ပြန်တွေ့ရတော့ ဆရာတစ်ယောက်အနေနဲ့ အံ့ဩပြီး ဝမ်းသာမိပါတယ်။

ကျွန်တော့်အတွေးတွေ မည်မျှကြာသွားတယ်မသိ။ စစ်ကိုင်းတံတားပေါ်က တဂျုန်းဂျုန်းနဲ့ ရထားသံကြားလိုက်မှ အတွေးမှုန်းထနိုင်ခဲ့တယ်။ ဩော် အတော်လေးမှောင်နေပြီပဲ။ မြစ်ကြီးနားသွား ရထားကြီးဆီမှ ရုတ်တရက်ထွက်ပေါ်လာတဲ့ အသံဝါဝါ ဥဩဆွဲသံကြောင့် အနည်းငယ်တုန်လှုပ်သွားတယ်။ ဩော် မနက်ဖြန် တပည့်ကျော် စပလိန်က ဘာပစ္စည်းတွေနဲ့ လာကန်တော့မှာပါလိမ့်။ အဆောင်သို့ အပြန်မှာတော့ မီးပျက်နေသဖြင့် မသဲမကွဲ စမ်းတဝါးဝါးနဲ့ ပြန်ခဲ့ရပါတယ်။ ဒီနေ့ည တိမ်မိုက်တွေ မဖုံးတဲ့ လရောင်ကို ခံစားချင်ပါရဲ့။ ။

---

# ကြိုးစားမှုရဲ့ ရလဒ်

ကောင်းသက်ကျော်

ကျွန်တော်နဲ့ ညီအစ်ကိုဝမ်းကွဲတော်စပ်သူ ဝေယံဆို ကျူရှင်တက်လည်း ဆယ်တန်း ခဏခဏကို ကျတာပေါ့။ သုံးနှစ်လောက် ဆက်တိုက်ဖြေ ဆက်တိုက်ကျနေတော့ ဝေယံ စိတ်နည်းနည်း လေသွားတယ်။ ဒါနဲ့ အလုပ်တစ်ခုခုလုပ်မယ်ဆိုပြီး ကုမ္ပဏီတစ်ခုမှာ လုံခြုံရေးဝင်လျှောက်တော့ အလုပ်ရခဲ့တယ်။ မတ်တပ်ရပ်ပြီး လူအဝင်၊ အထွက် စစ်ဆေးရတဲ့ အလုပ်။ ဝေယံက အရပ်ကလည်းအသင့်အတင့်၊ ရုပ်ရည်ကလည်းမဆိုးလှပါဘူး။ စကားပြောတာကလည်း အာဝဇ္ဇန်းရွှင်တယ်ဆိုတော့ ကုမ္ပဏီလာတဲ့ ဧည့်သည်တွေကို ဘာလုပ်ချင်သလဲ၊ ဘယ်သူနဲ့တွေ့ချင်သလဲ. . . အဲဒီလို အမေးက သူ့အတွက် အဆန်းတကြယ် မဟုတ်။

ရုံးတက် ရုံးဆင်းရတဲ့ ကုမ္ပဏီဝန်ထမ်းတွေကို အမြဲတွေ့တော့ သူ့ရဲ့စိတ်ထဲတစ်မျိုးဖြစ်လာတယ်။ အစုလိုက်အဖွဲ့လိုက် အလုပ်တွေလုပ်ကြတာလည်း သူမြင်တယ်။ ကွန်ပျူတာစာရိုက်တာတွေ၊ မိတ္တူဆွဲတာတွေကိုလည်း နေ့တိုင်းလိုလို မြင်နေရတော့ ဝေယံအတွက် မျက်စိအသားကျနေပါပြီ။

သူ့စိတ်ထဲမှာ ဆယ်တန်းမအောင်သေးဘူးဆိုတဲ့ အားငယ်တဲ့စိတ်တွေရှိနေတယ်။ ရုံးက လူတွေလို မဖြစ်နိုင်ပါဘူးလို့ အတွေးဝင်တယ်။ ဒီအပေါက်စောင့်ရာထူးပဲ ငါရမှာပေါ့။ သူတို့တွေက ဘွဲ့ရတွေ၊ ကွန်ပျူတာတွေလည်း ကျွမ်းကျင်ပိုင်နိုင်ကြတယ်။ ဒီလိုနဲ့ သူ့ရဲ့ ဘဝပေးကံဆိုးတယ်လို့ပဲ အမြဲတွေးနေတယ်။

“ကျွန်တော့် ဘဝပေးက ဆိုးတယ်။ ကျွန်တော်က ပညာပါရမီမပါဘူးနဲ့တူပါတယ်။ ကျောင်းဆက်တက်ဖို့ အခွင့်အရေးရှိရဲ့သားနဲ့ ကံမကောင်းဘူးဗျာ”လို့ စိတ်အားညှိုးငယ်ပြီး သူ့အားကိုးတကြီးရှိတဲ့ လူတချို့ကို ပြောပြလေ့ရှိတယ်။ “ငယ်ပါသေးတယ်၊ ကျောင်းဆက်တက်ပါ၊ အလုပ်လည်းလုပ် ကျောင်းစာကိုလည်း ကြိုးစားပါလို့”အားပေးစကားပြောတဲ့ သူတွေကများလာတော့ ဆယ်တန်းကို ပြန်ဖြေဖို့ လျှောက်လွှာတင်တယ်။ ကျူရှင်အနီးကပ်၊ လပြတ်တွေ တက်တယ်။ စာမေးပွဲဖြေတယ်။ ကိုယ့်ကိုယ်ကိုယ် ဖြေနိုင်တယ်လို့ ထင်ခဲ့တယ်။ အောင်စာရင်းထွက်တော့ ကျပြန်တယ်။ ငါးနှစ်မြောက်ရှိပြီပေါ့။ အမှတ်စာရင်းတောင်းကြည့်တယ်။ ငါးဘာသာအောင်တယ်၊ ဓာတုဗေဒဘာသာမှာ သုံးဆယ့်နှစ်မှတ်နဲ့ကျတယ်။ စိတ်ဓာတ်တွေ တက်လိုက်ကျလိုက်နဲ့ စိတ်နဲ့ကိုယ်နဲ့မကပ်၊ စိတ်သွားတိုင်းကိုယ်မပါ ဖြစ်သွားတယ်။ အလုပ်ထဲမှာပဲ စိတ်နှစ်ကာ ဘေးလူတွေရဲ့ အားပေးစကားတွေကို အားဆေးလုပ်ပြီး နောက်နှစ်ပြန်ဖြေရင် ဓာတုဗေဒဘာသာကိုတော့ သေသေချာချာဖိဖိစီးစီး လုပ်မယ်လို့ စိတ်ကူးလိုက်တယ်။

ဒီလိုနဲ့ နောက်နှစ်ပြန်ဖြေခဲ့တယ်။ အောင်မယ်လို့သူကိုယ်သူ ယုံကြည်ချက်အပြည့်ထားတယ်။ အောင်စာရင်းထွက်တဲ့နေ့က ဝေယံရဲ့ မျှော်လင့်ချက်တွေ လေနဲ့မှုတ်ထုတ်လိုက်သလို လွင့်စင်ကုန်တယ်။ စာမေးပွဲအောင်စာရင်း သွားကြည့်မလို့ အိမ်ရှေ့ဆိုင်ကယ်ပေါ်အတက်၊ သူငယ်ချင်း တစ်ယောက်က ဖုန်းဆက်တယ်။ သူ့လေသံကတော့ ခပ်သွက်သွက်ပါပဲ။ “မင်းကျတယ် ငါအောင်တယ်တဲ့” လက်ထဲကဖုန်း မြေကြီးပေါ် ပြုတ်ကျသွားတာတောင် သတိမထားမိလိုက်ဘူး။ ဝမ်းနည်းခြင်းတွေက နားထင်တွေကိုပူထူပြီး လူကိုပါထုံထိုင်းသွားစေတယ်။ အဲဒီနေ့တစ်နေကုန် ဝေယံ အိမ်မှာပဲ ခွေအိပ်နေတယ်။ အမှတ်စာရင်း တောင်းကြည့်တော့ ရူပဗေဒတစ်ဘာသာနဲ့ကျတယ်တဲ့။ ဆယ်တန်းဆိုတာ လူအများပြောသလို တကယ်နတ်ကြီးတာလား။ ကံတရားက ဘာလို့မျက်နှာသာ မပေးတာလဲလို့ ဝေယံ စိတ်ထဲ ကံကိုသာ အပြစ်တင်ပုံချနေတော့တယ်။ သူရဲ့ကြိုးစားမှုတွေ လျော့နည်းခဲ့လို့၊ ဖွဲ့ရှိပေမယ့် လုံ့လ၊ ဝီရိယအားနည်းတယ်လို့ သူမတွေးခဲ့မိဘူးတယ်။

အားလပ်ရက်တစ်ရက်မှာ ရုံးကအစ်မတစ်ယောက်မှာလိုက်တဲ့ စာအုပ်တစ်အုပ်ကို ရပ်ကွက်ထဲက စာကြည့်တိုက်မှာ ဝေယံသွားရှာကြည့်တယ်။ မှာလိုက်တဲ့ စာအုပ်ကိုမတွေ့ရပေမယ့် စာကြည့်တိုက်နံရံမှာကပ်ထားတဲ့ ကတ်ထူပြားကြီးပေါ်မှာ ဆော့ပင်နဲ့ရေးထားတဲ့ နက်ပြာရောင်ထူထူစားလုံးတွေကို ဖတ်ကြည့်မိတယ်။

“ပညာသင်ပါ။ စာဖတ်ပါ။

ဘယ်သူတွေ ဘာပြောနေနေ မင်းကိုယ်ကို မင်းချစ်ရင် ပညာသင်ပါ။ စာဖတ်ပါ။

မိဘကိုချစ်ရင် ပညာသင်ပါ။ စာဖတ်ပါ။

တိုင်းပြည်နဲ့လူမျိုးကိုချစ်ရင် ပညာသင်ပါ။ စာဖတ်ပါ။”

ဝေယံဟာ နံရံမှာကပ်ထားတဲ့ ဆရာအောင်သင်းရဲ့ စာသားကို သုံးကြိမ်လောက် ထပ်ခါထပ်ခါ ဖတ်နေမိပါတယ်။

နောက်နေ့မနက် ဝေယံကုမ္ပဏီကိုစောစောလာတယ်။ တာဝန်မကျခင်အထိ ကုမ္ပဏီမှာ အလုပ်လုပ်နေကြတဲ့ ကွန်ပျူတာစာရိုက်နေတဲ့ အစ်ကိုတွေအစ်မတွေအနားမှာ အသာလေး ထိုင်ကြည့်နေလိုက်တယ်။ အားလုံးနဲ့ စကားပြောဆက်ဆံရေး အဆင်ပြေခင်မင်ပြီးသားမို့ သူ့အတွက်အခက်အခဲဆိုတာ သိပ်မရှိပါဘူး။ ဒီလိုနဲ့ရုံးကလူတွေ မိတ္တူဆွဲစရာတွေရှိရင်တောင် လုပ်ကူပေးတယ်။ လူကြီးဆီ စာတွေပို့ရင်တောင် ဝင်ကူပြီး ရုံးအကူပုံစံလုပ်ပေးတယ်။ သူ့အလုပ်အပေါ်မှာ စိတ်အားထက်သန်မှုတွေ၊ အလုပ်လုပ်ချင်တဲ့ဇောတွေ၊ ဖြစ်ချင်ဇောတွေ၊ သွက်လက်ဖျတ်လတ်မှုတွေက ဝေယံအတွက်တော့ အခွင့်အရေးဖြစ်နေခဲ့ပြီ မဟုတ်လား။

ဒီလိုနဲ့ ဝေယံက အလုပ်ချိန်ပြင်ပမှာ အခြေခံကွန်ပျူတာ၊ အင်္ဂလိပ်စာအခြေခံသင်တန်းတွေ၊ ယာဉ်မောင်းသင်တန်းတွေ တက်ပြီးတော့ စာတွေဖတ်တယ်၊ လေ့လာတယ်။ အလုပ်မှာရော၊ ပြင်ပသင်တန်းတွေမှာရော သူ့ရဲ့ကြိုးစား အားထုတ်မှုတွေက တဖြည်းဖြည်း တိုးတက်လာတယ်။ ကြိုးစားရင် ဘာမဆိုရပါတယ်။ ငါကြိုးစားရမှာပေါ့လို့ ဝေယံ သူ့ကိုယ်သူ ယုံကြည်မှုတွေ ပြည့်လာတယ်။ ဆယ်တန်းကို ကိုးနှစ်တိတိ ဖြေဆိုတဲ့ နေ့မှာပဲ ဝေယံ ဂုဏ်ထူးနှစ်ဘာသာနဲ့ အောင်မြင်ခဲ့တယ်။ အဝေးသင်(စာပေးစာယူ) ဆက်တက်တယ်။

သူတက္ကသိုလ် ဒုတိယနှစ်မှာပဲ သူရဲ့ကြိုးစားမှု ဆက်ဆံရေးပြေပြစ်မှု၊ ရိုးသားမှုတွေကြောင့်ပဲ မန်နေဂျာက သူ့ရဲ့ လူယုံ၊ ယာဉ်မောင်းအဖြစ် ခန့်အပ်တယ်။ နောက်တော့ နိုင်ငံခြားသားတွေနဲ့ လုပ်ငန်းကိစ္စတွေ ပြောနိုင်ဆိုနိုင်လာတယ်။ ဒါဟာ သူ့ဘဝအတွက် အခွင့်အရေးတွေကို သူကိုယ်တိုင် ဖန်တီးယူတာပါပဲ။ ကံကောင်းခြင်းတွေ ရနိုင်၊ မရနိုင်ဆိုတာ ကိုယ့်အပေါ်မှာပဲ မူတည်နေပါတယ်။ ဝေယံဟာ ကံမကောင်းခဲ့ပါဘူး။ ကံကောင်းလာအောင်လည်း ထိုင်စောင့်မနေခဲ့ပါဘူး။ ဒါပေမယ့် ကိုယ်တိုင် ဖန်တီးလို့ ကံကောင်းခြင်းတွေ ရောက်လာခဲ့တာပါ။ ဝေယံအတွက်တော့ ဒီထက်ပိုကြိုးစားရင် ဒီထက်မက အောင်မြင်မှုတွေ ရောက်လာဦးမယ်လို့ ယုံကြည်ပါတယ်။ အားလုံးကိုလည်း ဝေယံလိုပဲ ကြိုးစားကြပါလို့ ပြောချင်ပါတယ်။ ။

❐

# တန်ဆောင်တိုင်နှင့် တို့ပြဇာတ်



ဆုဆုတာ

ဘာလိုလိုနဲ့ မျှော်နေခဲ့ရတဲ့ တန်ဆောင်မုန်းလပြည့်ကို ရောက်ခဲ့ပေပြီ။ ဘာလို့မျှော်ရတာလဲဆိုရင် ကျွန်မတို့ရွာမှာ ပွဲရှိလို့ တစ်နှစ်မှ တစ်ခါသာ တန်ဆောင်မုန်းလပြည့်ကျော် တစ်ရက်ဆို ဇာတ်ပွဲကတာလေ။ တန်ဆောင်မုန်းလပြည့်ဟာဆိုရင် ဆယ့်နှစ်လရာသီမှာ လမင်းကြီးအသာဆုံးနေ့။ မုန့်လုံးရေပေါ်တွေ လုံးကြ၊ အသုတ်သုတ်ကျွေးသူကကျွေး၊ ကြာဆံဟင်းခါး၊ မုန့်ဟင်းခါး အလှူလုပ်သူကလုပ်နှင့် ဟိုအိမ်ဒီအိမ်လိုက်စားကာဖြင့် ထိုနေ့တစ်နေ့က ထမင်းစားစရာမလို ဗိုက်ဝပါတယ်။ ပျော်စရာကောင်းသည့် တန်ဆောင်မုန်းလပြည့်နေ့လေးပါ။ ငယ်ငယ်ကဆိုရင် သူငယ်ချင်းတွေနဲ့ လွယ်အိတ်လေးလွယ်ကာ ရွာရှိအိမ်အကုန်အိမ်ပေါက်ဝကနေ "အလှူခံပါဗျို့"ဟုအော်ကာ ပိုက်ဆံအလှူခံရသည်မှာ ပျော်စရာအတိ။ အကုန်စုပေါင်းပြီး အလှူခံရလာသည်ကို သူငယ်ချင်းတတွေခွဲတမ်းလုပ်ရသည်မှာလည်း မမောနိုင်၊ မပန်းနိုင်ပါပဲ။ လူပျို၊ အစ်ကို၊ လူကြီးတွေကတော့ ရေပုံး ဒန်ခွက်တွေကို တီးဝိုင်းသဖွယ်တီး၊ အရုပ်မျက်နှာဖုံးများကို မျက်နှာမှာစွပ်ကာ လှည့်လည်အလှူခံနေသည်မှာလည်း ပျော်ရွှင်စရာကောင်းပါဘိ။ ကာလသားအစ်ကိုကြီးတွေက အိမ်ရှင်တွေအလစ်မှာ ကြက်တွေခိုးကာ ကာလသားဟင်း ချက်စားကြသည်မှာလည်း ပျော်စရာကောင်းသလို၊ အိမ်ရှင်ဖြစ်သူမှာ ငိုရခက်ရယ်ရခက်သား။ ဒါမှ လပြည့်နေ့ရောက်တာနဲ့ မိမိပစ္စည်းတွေကို လုံအောင်သိမ်းကြရပါတယ်။ တချို့လူကြီးမိဘတွေကို ကန်တော့ကြပါတယ်။ လူကြီးမိဘတွေက မုန့်ဖိုးတွေပေးသည်မှာလည်း ပျော်စရာကောင်းပါတယ်။ တန်ဆောင်တိုင်ပွဲတော်ဟု သတ်မှတ်ထားသလိုပါပဲ။ ပြင်ဦးလွင်နှင့် တောင်ကြီးမြို့ကတော့ တန်ဆောင်တိုင်ပွဲ အလွန်နာမည်ကြီးလှပါပေတယ်။ လှပလွန်းသောတန်ဆောင်တိုင်ပွဲတော် မီးရှူးမီးပန်းမီးပုံးပျံလွှတ်တင်ကာ စည်ကားသိုက်မြိုက်လှပါပေတယ်။ ကျွန်မတို့ကတော့ ရွာကဇာတ်ပွဲရှိ၍ ရွာကမခွာနိုင်၊ တောင်ကြီးတန်ဆောင်တိုင်ကို တီဗွီအစီစဉ်မှာ ကြည့်ရင်း အပျော်စီးကူးမိပါတယ်။

### တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်

မနှစ်ကအရပ်ပြဇာတ်လေးပြန်တွေးမိပါရဲ့ "ရွာထဲက လူတွေ ကိုယ့်ရွာနဲ့ ကိုယ့်ဇာတ်ဆိုသလို အရပ်ပြဇာတ်လေးက ဖြစ်ခဲ့ကြပါတယ်။ ရွာရှိဝါသနာပိုးတွေ စုစည်းကာအရပ်ပြဇာတ်လေးလုပ်ဖို့တိုင်ပင်ထားကြပါတယ်။ ပွဲနေ့မရောက်ခင် ရွာလယ်လမ်းမမှာ ကြော်ငြာကပ်ကာ ဝါသနာပါသူ သီချင်းတက်ဆိုနိုင်ကြောင်း၊ တစ်ပုဒ်လျှင် သုံးထောင်ကျပ်ကောက်ခံထားပါတယ်။ ပွဲဖြစ်မြောက်ဖို့အတွက်တောင်သူက ငါးထောင်၊ လက်လုပ်လက်စားက သုံးထောင်ဟု ခွဲခြားသတ်မှတ်ကာ လိုက်လံကောက်ခံပါတယ်။ ကိုယ့်ရွာနှင့် ကိုယ့်ဇာတ်မို့ သဒ္ဓါကြည်ဖြူနဲ့ ပံ့ပိုးထည့်ဝင်ကြပါတယ်။ ဇာတ်စင်ကိုရွာဦးကျောင်း ကွင်းပြင်ကျယ်မှာ ရပ်သူရွာသားတွေ တက်ညီလက်ညီ ဇာတ်စင်မြင့်ကြီးဆောက်ထားလေရဲ့။ မင်းသားကိုတော့ ရွာမှာရှိတဲ့ အနည်းငယ်ကြည့်ကောင်းပြီး ဇာတ်ပိုးဝါသနာပါသူ(ကိုဘိဘိ)ဆိုသူကိုရွေးချယ်ထားလေရဲ့။ မင်းသမီးကိုတော့ ဇာတ်ပွဲမှ ပြင်ပမင်းသမီးတစ်ယောက်ကို ငှားထားပါတယ်။ ကျန်တဲ့ဇာတ်ပို့ဘာညာကတော့ ကိုယ့်ရပ်နှင့်ကိုယ့်ဇာတ်ပေါ့ဗျာ။ လပြည့်ကျော် ၁ ရက် ပွဲညရောက်ရင်ဖြင့် ဘယ်ဝါသနာရှင်တွေ ပိုးထလာမလဲ။ သီချင်းဆိုသူမှ ရှိပ့်ါမလားဟုတွေးကာ ရွာဦးကျောင်းမှာရှိတဲ့ ကွင်းလယ်ပြင်ကျယ်ကြီးဆီသို့ မိဘနဲ့အတူ၊ သူငယ်ချင်းတွေနဲ့အတူ ထွက်ခဲ့ပါတယ်။ ဘုန်းကြီးကျောင်းဝင်းထဲမှာတော့ လျှပ်စစ်မီးရောင်တွေ လင်းထိန်လျက် ဈေးသည်တွေစည်ကား၊ လူများကြိတ်ကြိတ်တိုး စည်ကားလို့နေပါတယ်။တောသူတောင်သား ပွဲကြိုက်ကြသူတွေကိုး။ ပွဲကြည့်စင်အောက် ပရဝဏ်မှာတော့ "မထင်မှတ်ထားလှသည့် ပွဲကြည့်သူပရိသတ်များ ရွာနားအချို့ လှည်းများထိုးကာ အစီအရီပါပဲ။ စည်ကားပါဘိဗျာ။ ကျွန်မတို့လည်း ဦးယူထားတဲ့နေရာတွင် တိုးတိုးကြိတ်ကြိတ် ဝင်ထိုင်လိုက်ပါတယ်။ တော်သေးသည်က ညနေကတည်းကလာပြီး နေရာစည်းမှတ်ထားလို့။ သို့မဟုတ်လျှင် နေရာရဖို့လမ်းမမြင်။

"ဟဲလို ဟဲလို တက်စီ ဝမ်းတူးသရီး" ထွက်ပေါ်လာသည့် စပီကာဘောက်မှ ရွာလူကြီးသံ၊ ပွဲကြည့်သူတွေ ငြိမ်သွားပေပြီ။ "ယနေ့ကြွလာ ပွဲကြည့်ပရိသတ်များခင်ဗျား၊ အခုကပြမည့်အရပ်ပြဇာတ်ကြည့်ချင်ပွဲမှာ ပွဲကြည့်သူတွေအနေနဲ့ ခိုက်ရန်မဖြစ်ပွားဘဲ အေးအေးဆေးဆေး ပျော်ပျော်ရွှင်ရွှင် ကြည့်ရှုပေးကြပါလို့ မေတ္တာရပ်ခံပါတယ်ဗျာ။ ရွာလူကြီးရဲ့ စကားသံကစပီကာဘောက်မှ အသံကျယ်စွာ ထွက်ပေါ်လာပြီးနောက် ဟဲလို တက်စီ ဝမ်း တူးသရီး ပွဲစတင်ဖွင့်လှစ်ကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။ စပီကာမှ စကားသံဆုံးသည်နှင့် ဝီစီမှုတ်သံလက်ခုပ်တီးဟေး. . . . . . ဟု ထောမနာပြုသံများအစီရီထွက်ပေါ်လာပြီး "ရှိုး. . . . ဖြောင်း. . . . ရှိုး. . . . . ဖြောင်း. . . . . ." ဖွင့်ပွဲပုံစံဖြင့် မိုးပေါ်ကို မီးရှူးမီးပန်းများ လှပစွာပေါက်ကွဲဖြန့်ကျဲသွားပါတော့တယ်။

### ပွဲစပြီ

မြန်မာသံစဉ်အစထွက်နှင့်အတူ ရွာထိပ်က ဂေါ်မစွံ အသက် ၃၀ ကျော် လူပျိုကြီး စည်းချက်သံအေးအေးနှင့်အတူ မုဝင်ကာ ဆိုနေလေပေပြီ။ သူ၏ဝါသနာထုတ်ပြလေပြီ။ မထင်မှတ်သူ စင်ပေါ်တက်ဆိုသည်ဖြစ်၍ အားလုံးလက်ခုပ်တီးကာ ထောပနာသံဆူညံစွာဖြင့် အားပေးကြပါတော့တယ်။ ဆိုင်ရာပိုင်ရာ ဆွေမျိုးတချို့ကလည်း ဇာတ်စင်ပေါ်တက်ကာ ပိုက်ဆံဆုချသူချ၊ ပန်းအလှပေးသူပေးနှင့် ကိုယ့်ဇာတ်နှင့်ကိုယ် ဟုတ်နေလေရဲ့။ သေချာတာက ရွာဦးကျောင်းနားက သပြေပင်တန်းတော့ မနက်ကျရင် ရွှေဂေါ်ပြောင်ဖြစ်မှာ အသေချာပါပဲဗျာ။ မြန်မာသံစဉ်တွေကို တစ်ယောက်ပြီး တစ်ယောက်ဆိုလိုက်ကြတာ။ အလွမ်းအဆွေးအချစ်ခံစားချက်တွေ အစီရီနဲ့ဗျာ။ စင်ပေါ်တစ်ယောက်တက်လာလိုက် ဆိုင်ရာဆွေမျိုးတွေက အားကျမခံဆုတွေတက်ချလိုက် အာဘွားတွေတက်ပေးလိုက်နဲ့ ကျွတ်ကျွတ်ညံ ပွဲကျရဲ့ဗျာ။ မြန်မာသံစဉ်တွေနဲ့ သီဆိုသူအလှည့်ပြီးသည်နှင့် မျှော်လင့်လို့ရောက်လာသည်က ခေတ်သီချင်းကြေညာအပြီး ခေတ်စတိုင်ဘောင်းဘီရှည်ဂျင်းပန်နှင့် သံစဉ်နှင့်အတူ လိုက်ကတာက ရွာလယ်ကအပျိုကြီးကပ်စီးအိုးဆိုသူ မစံပယ်လား။ စည်းချက်နှင့်အတူ ကနေသည်က ရွာက ရိုးရိုးအအ အပျိုကြီးမှ ဟုတ်ရဲ့လားလို့ပေ့ါ။ ဆွေမျိုးမိတ်သဟာတွေမနေနိုင်တော့။ ဇာတ်စင်ပေါ်ဆုတက်ချ အာဘွားတွေပေးနှင့် အထူးရယ်စရာပျော်စရာပါဗျာ။ နောက်တစ်ယောက် ဘယ်သူလဲ။ အမလေးရွာထဲက ဗလကြီးကြီး ကိုအောင်သူ မျက်မှန်မည်းကြီး တပ်ကာ စည်းချက်နဲ့အတူ ကကွက်တွေက သူမဟုတ်သည့်အလား လက်ခုပ်ဩဘာသံညံစီလျက် မထင်မှတ်ထားသူတွေ ဇာတ်စင်ပေါ်တက်လာတော့ ပိုအံ့ဩ၊ ပိုရယ်ရပါတယ်။ "အမလေးခတ်လိုက်ပြီ လုပ်ကြပါဦး"။ အသံကြားရာ ထကြည့်မိတော့ ကိုအောင်သူ ညီမဗျာ သူ့အစ်ကိုကို ဆုတက်ချဖို့ ဇာတ်စင်ပေါ်အတက် ဝါယာကြိုးနင်းမိကာ ခတ်လိုက်လို့ မနဲနှာနှပ်ယူလိုက်ရတယ်။ ရယ်ရအခက် ငိုရအခက်ပါဗျာ။ သီချင်းတွေ တက်ဆိုသူဝါသနာရှင်အများအပြားမထင်သော အနုပညာအံ့ပုန်းတွေခုမှ မျက်ဝါးထင်ထင်မြင်လိုက်ရပေပြီ။ ကကွက်တွေလည်း အစီအရီ ကျကျနနကနိုင်တာ ချီးကျူးမိပါတယ်။

ဟော အဖြူရောင်နဲ့ ကောင်မလေးတစ်ယောက် "ဘယ်သူပါလိမ့် ဇာတ်စင်လိုက်ကာနောက်မှတရွေ့ရွေ့ပေါ်လာလေပြီ။ အံ့ဩစွာ ခေါင်းပြူကြည့်တုန်း။ လား . . လား. . ရွာက ကွမ်းယာသည်မလေး အေရိုး. . ဝိုး. . ဝတ်ထားသည်က ပေါင်ရင်းပေါ်သည့် စကတ်တိုတို အဖြူအပေါ်မှာက ဂျိုင်းပြတ်အဖြူကို တဘက်ပါးပါးလွှမ်း လျက်ဝတုတ်နေသည့် ခန္ဓာကိုယ်ကထွက်နေသည့် ဗိုက်သားနှင့် ပေါင်လုံးကြီးကြီးတွေက အမလေးမြင်သူတွေ မျက်နှာလွှဲစရာအတိ ထင်မှတ်မထားစွာဝတ်စားထားသည်က ရဲတင်းလွန်းလှပါတယ်။ ဇာတ်စင်ရှေ့မတိုးရဲ သူ့အကနှင့်သူတော့ သူ့ဝတ်စားပုံနှင့်က ခေတ်မီလွန်းလှပါတကား။ ခေတ်သီချင်းတွေနဲ့အတူ ပုံစံဒီဇိုင်းမျိုးစုံနဲ့ စင်ပေါ်တက်လာသောရွာက ဝါသနာအိုးတွေကို ကျွန်မတို့က လက်ခုပ်တွေတီးကာ အားပေးကြပါတယ်။ ခေတ်သီချင်းတွေပြီးတော့ပြဇာတ်ခန်းရောက်ချိန်ဝယ် ထူးခြားပြောင်မြောက်စွာ ကသွားနိုင်ကြပါတယ်။ ပြဇာတ်အမည်က "မွေးမေကျေးဇူးကျေအောင် ဆပ်မည်" အရယ်ဟာသ ကြေကွဲဖွယ်ခံစားချက်တွေကို စုပေါင်းရေးထားသည့် ဇာတ်ကလေး" ငှားထားသည့် မင်းသမီးကို မင်းသားကပွေ့ချီလိုက်သည့်အခန်းဆို မိမိတို့ ရွာသားကိုထောပနာပြုသည့်အနေနှင့် ဟေး. . ဟား. . နှင့်အော်ကာ လက်ခုပ်တီးကြရတာအမောပါပဲ။ တစ်ညတာလုံး လသာသာအောက်မှာကြည့်ခဲ့ရတဲ့ အရပ်ပြဇာတ်လေးအကြောင်းက တန်ဆောင်မုန်းလကုန်သည့်တိုင် ထိုအရပ်ပြဇာတ်လေးကတော့ ပါးစပ်ထဲမှာမေ့ပျောက်မမြဲပြောကြမြဲ။ ဇာတ်ပိုးအံ့ပုန်းလေးတွေရဲ့ အကအလှနဲ့ အရပ်ပြဇာတ်မှာတင် နာမည်ကြီးသွားသောသူက ကွမ်းယာသည်မလေး အေရိုးပြောစမှတ်တွင်သွားလေပြီ။ ရွာမှာနာမည်ကြီးသွားတာပေ့ါ။ ဇာတ်ပိုးတွေရဲ့အစွမ်းစကိုသိခဲ့ရပြီ။

ရာသီတွေ ပြောင်းပြန်လည်ရောက်ရှိလာခဲ့ပြန်ပြီ။ ဒီလလေး ဒီတန်ဆောင်မုန်းမှာ မနှစ်ကလို အရပ်ပြဇာတ်ပြုလုပ်၊ အရပ်ပြဇာတ်မှာ ဘယ်သူတွေနာမည်ကြီးပြီး ဘယ်သူတွေဇာတ်စင်ပေါ်ထွက်ကာ လက်စွမ်းပြကြဦးမှာလဲ။ ပျော်စရာကောင်းပြီး ချမ်းအေးလှသည့် တန်ဆောင်တိုင်ပွဲတော်ကို မျှော်လင့်ရင်း. . .။

■

## လမြတ်တန်ဆောင်

မိုးအကုန်ဆောင်းအကူး
နှင်းမြူးသည့်ဟေမန်ခါ။
ပြည်ပန်းညိုခဝဲပွင့်
နေရာတင့်မြတ်ရွှေကြာ
လှပစွာနှင်းသောက်ပန်းတို့
ပွင့်လန်းကြရှာ။
ဆင့်မလ ပြိဗ္ဗာရာသီ
ခါတော်မီကထိန်ပွဲ
ဆင်နွှဲကြ ပျော်ပျော်ရွှင်
နက္ခတ်ရယ်စုံလင်လို့သာ
ဒီလမှာဆေးပေါင်းခါ။
မသိုးသက်န်း
လှူဒါန်းသည့်ချိန်အခါ
ကြတ္တိကာ နက္ခတ်မြူးတယ်
ထူးမြတ်သည့်လ။

မြင့်စည်သူမြိုင်

## အယောင်ဆောင်မဖြစ်စေနဲ့သား

❖ ဉာဏ်မသုံးလို့
ဉာဏ်တုံးတာမလိုဘူးသား
ဥပါယ်တံမျဉ်စကားတွေမင်းမှု
လူကိုလူလို့ မြင်တတ်ရင်တော်ပြီ။
❖ ကျောက်လို့တုံးသွားခဲ့ ကျောက်တုံး
အောက်ဆုံးကထာဝရမြန်း
အစဉ်ဖုံးလွှမ်းစိတ်သန္တာန်
ဖြူဖွေးအမှန် အတွင်းဓာတ်
အပြင်ခက်ရောမွှေးရင်တော်ပြီ။
❖ ဝန်းရံသင့်ရင်လည်း ဝန်းရံ
တွန်းကန်သင့်ရင်တွန်းလှန်
ရဲဝံ့ပြတ်သားမာန်ဟုန်သွင်း
သာပေါင်း ညာစားလွတ်ကင်းလို့
အမှန်မြင်အဆင်းတင့်နေရင်တော်ပြီ။

သားလမင်း(မြို့သာ)

## လယ်တောသူ

ကျစ်ဆံမြီးလေးနဲ့ လယ်တောသူ
တယ်လည်းမနော့ဖြူ
တောအလှူမှာ သူ့အလှ
ကွမ်းတောင်ကိုင်ရှင်မ။
ရေအိုးကလေး ရွက်ကာရယ်
လယ်သူမလေး ထွက်လာတယ်
ပါးနီနီမှာ ပါးချိုင့်လေး
ပါးကွက်လေးနဲ့ လုံမလေး။
တောသူမလေးပီသတယ်
ဒူးလောက်လုံချည် ဝတ်ကာရယ်
ရွှံ့ညွန်တွေကို ကျော်ဖြတ်ရင်း
လယ်ယာတောမှ တဲကိုဆင်း။
ချစ်စရာ့ အလှပျိုကညာ
ပျိုတိုင်းကြိုက်တဲ့ နှင်းဆီပမာ
သင်းကြည်စွာ သူ့ဂုဏ်သတင်း
မင်းရင်ပြင်သို့နင်း။

ကန်ညီနောင်ရွှေဗျိုင်း(ဒိုက်ဦး)
ပထမနှစ်မြန်မာစာ(အဝေးသင်)

## အားတင်းထားစို့ သူငယ်ချင်း

စိတ်မညစ်ပါနဲ့ …
ဘဝအသစ် အားအသစ်နဲ့
အများချစ်တဲ့ အလုပ်လုပ်နေတာပဲ။
စိတ်မညစ်ပါနဲ့…
သိပ်ချစ်တဲ့ သူတွေအတွက်
မအားလပ်ပေမယ့်လည်း။
စိတ်မညစ်ပါနဲ့…
ဖြစ်ချင်တာတွေ မျှော်ငေး
မဖြစ်သေးပေမယ့်လည်း။
စိတ်မညစ်ပါနဲ့…
လုပ်ချင်တာတွေ မျှော်တွေး
မလုပ်ရသေးပေမယ့်လည်း။
စိတ်မညစ်ပါနဲ့…
အများတကာလို
အသွားအလာ မရှိပေမယ့်လည်း။
လူရယ်ဖြစ်လာ၊ လူ့ကမ္ဘာမှာ
ကိုယ့်ဝန်ကိုယ့်တာ၊ ဆောင်ရွက်ရာတွင်
သေချာဆန်းစစ်၊ စိတ်အနစ်၌
ဖြစ်ဖြစ်သမျှ၊ လုပ်ကိစ္စတို့
ငါ့ဖို့မဟုတ်၊ အားအင်ထုတ်လို့
ကြိုးကုတ်လုံ့လ၊ ဝီရိယနှင့်
ပရစိတ်ဓာတ်၊ မင်းတို့လက်နှင့်
တတ်နိုင်သမျှ၊ ဆောင်ရွက်ကြလော့
အားမလျှော့နဲ့ သူငယ်ချင်းတို့…။

နေဝန်းနီ(နတ်မောက်)

ကြေးမုံ ကြော်ငြာ ADVERTISEMENT
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်၊ တနင်္ဂနွေနေ့

**တိုက်ခန်းရောင်းမည်**

၁၂ ပေခွဲ × ၅၀ ပေ၊ ရေချိုးခန်း၊ ဘိုထိုင်အိမ်သာ၊ မီးဖိုချောင်၊ ကြွေပြားခင်း၊ အသင့်နေနိုင်။ (ဈေးနှုန်း သိန်း ၁၇၀ - ညှိနှိုင်း)
ဗိုလ်ခွန်ပက်လမ်း ဝက်စုမှတ်တိုင်အနီး ဒေါပုံမြို့နယ်။
ဖုန်း - 09 799894974









